www.burmeseclassic.com

သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

# ဒါဖို

ရန်ကုန်တက္ကသိုလ်

# အချစ်ဆုံမှတ်အမုန်းမျဉ်းပြိုင်



ပန်းချီ သိန်းဌေးကြည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၇/၂၀၀၄ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၂၆၁/၂၀၀၄ (၁၁)

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ
အုပ်ရေ ၅၀၀

မျက်နှာဖုံးဒီဇိုင်း
သိန်းရွှေကြည်၊ Sun

ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၁၁ ကျပ်



# အချစ်ဆုံမှတ် အမုန်းမျဉ်းပြိုင်

## ဝိမ့် (ရန်ကုန်တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# အ

www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ချွဲလမ်းခြင်း = ကိုယ့်ကိုယ်ကို စုံမက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဟာင်… ပုံပုံ"

မင်္ဂလာဆောင်ဖိတ်စာတစ်စောင်ကို ရင်ခွင်ထဲမှာ တင်းတင်း ပွေ့ပိုက်ကိုင်ထားရင်းမှ သတိလစ်ကာ ပုံလဲမေ့မြောသွားခဲ့သည့် ပုံပုံ့ မျက်ဝန်းက မျက်ရည်တွေက မခြောက်ခန်းသေးပါ။ ပုံ့ပုံ့ပါးပြင်နှစ် ဖက်မှာ စိုစွတ်စွာ စွန်းထင်းနေရစ်တုန်းပင်။

ဖြစ်မှဖြစ်ရလေ ပုံပုံရယ်… ။

နင်… နင် အချစ်ကြီးလိုက်တာဟာ၊ နင် ဘာဖြစ်လို့ ယောကျ်ား တစ်ယောက်ကို အဲ့လောက်ထိ ချစ်ရတာလဲဟာ၊ နင် ဘာလို့ သူ့ကိုမှ ယုံယုံကြည်ကြည်နဲ့ သုံးနှစ်သုံးမိုး ထိုင်စောင့်ခဲ့ရတာလဲ ပုံပုံရယ်၊ နင် မြန်မြန်သတိရလာပါတော့၊ နင် အမြန်ဆုံး ပြန်သတိရလာပါတော့ သူငယ်ချင်းရယ်။

အချိန်ကြာမြင့်စွာ သတိလစ်မေ့မြောနေခဲ့သည့် ယမင်း၏



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော အချစ်ဆုံး၊ အခင်ဆုံး၊ အတိုင်ပင်ရဆုံး ပုံပုံ့ကို ကြည့်ကာ ယမင်းမှာ အလိုလိုနေရင်း မျက်ရည်တွေ ကျလာခဲ့သည်။

တကယ်တော့ ပုံပုံဆိုတာ ယမင်း၏ ကျေးဇူးရှင်ဆိုလည်း မမှား၊ ယမင်း အခက်အခဲမှန်သမျှ ကူညီဖြေရှင်းပေးကာ နောက်ဆုံး ယမင်းကို သူနှင့်အတူ ခေါ်ထားသည်ထိ ပုံပုံတို့အိမ်မှာ ယမင်း လိုက်နေခဲ့သည်။

ယမင်းဘဝက ကုသိုလ်ကံဆိုးတာက မိဘနှစ်ပါးနှင့်အတူ အတူနေထိုင်ခွင့် မရခဲ့ခြင်း၊ ယမင်းဖေဖေက နောက်အိမ်ထောင်နှင့် သားတွေသမီးတွေ ရနေခဲ့ပြီး မေမေကလည်း ဖေဖေ့ကို စိတ်နာကာ အိမ်ထောင်သစ် ထူသွားခဲ့သည်။

ထိုအချိန်ကတည်းက ယမင်း ခိုကိုးရာမဲ့ကာ အဖေ့အိမ်လည်း လိုက်မနေခဲ့၊ အမေ့အိမ်လည်း လိုက်မနေခဲ့၊ ယမင်းစိတ်ဓာတ်တွေ ကျနေချိန်မှာ ယမင်းကို အားပေးနှစ်သိမ့်သူဟူ၍ လောကကြီးမှာ ယမင်းကို သိပ်ချစ်သော ယမင်းတို့၏ မိသားစုဆရာဝန် ကိုကိုနှင့် ပုံပုံသာ ရှိခဲ့သည်။

ခု ပုံပုံက သူ့ချစ်သူကောင်လေးက တခြားကောင်မလေး တစ်ယောက်နှင့် လက်ထပ်သွားခဲ့၍ စိတ်ဒဏ်ရာရကာ အိပ်ရာထဲ ဗုန်းဗုန်းလဲကျသွားခဲ့ခြင်း။

ပုံပုံ ခုလိုခံစားနေရတာကို ယမင်း မကြည့်ရက်တော့။ ယမင်းကိုယ်တိုင်လည်း ပုံပုံကိုကြည့်ကာ မျက်ရည်တွေ ကျနေခဲ့သည်။

"ယမင်း သိပ်မငိုပါနဲ့ကွယ်၊ ပုံပုံ မကြာခင် သတိရလာမှာပါ"





"သူ... သူ ဘာဖြစ်လို့ နှစ်ဆယ့်လေးနာရီတိတိ သတိလစ်နေရတာလဲဟင် ကိုကို၊ ပုံပုံကိုကြည့်ပြီး ယမင်း အရမ်းသနားတယ် ကိုကိုရယ်"

"သူ ကိုမာဝင်တာလေ၊ ဒါပေမဲ့ မကြာပါဘူး၊ သူ သတိရလာတော့မှာပါ၊ ယမင်းသာ သိပ်မငိုနဲ့ ဟုတ်လား"

"ကိုကို ပုံပုံ တကယ်သတိရလာမှာပါနော်"

"အင်း... စောင့်ကြည့်ကြတာပေါ့"

"ယမင်း ပုံပုံ့ကို စောင့်မယ် ကိုကို၊ ပုံပုံသာ သတိပြန်မရတော့ရင်... "

"ဟင့်အင်း... စိတ်ချ၊ သူ သတိရလာမှာပါ၊ သူ့မှာ နှလုံးရောဂါတော့ ရှိနေတယ်"

"ဟင်... "

"ဒီကိစ္စ ပုံပုံသတိရလာရင် ယမင်း မပြောရဘူးနော်"

"ဟုတ်... ဟုတ်... ဖြစ်ရလေ ပုံပုံရယ်၊ သူလဲ ဒီရောဂါ ရှိနေတာ သိဦးမယ်မထင်ဘူး ကိုကို"

ကိုကို့ဆေးအိတ်လေးကို ကောက်မပြီး ကိုကို့ကို အိမ်ပေါက်ဝထိ လိုက်ပို့ပေးချိန်မှာ ကိုကိုက ယမင်းဘက် တစ်ချက်လှည့်ကြည့်ပြီး မျက်ရည်တွေနှင့် စိုနစ်နေသဖြင့် ယမင်းပါးပြင်လေးကို ခပ်ဖွဖွ နမ်းသည်။

ပြီးလျှင်...

"ကိုကို ပုံပုံ့ကို တစ်ခေါက်လာကြည့်ပါမယ်၊ ဒုလာလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



ပုံပုံ ဘာမှ စိုးရိမ်စရာမရှိသေးဘူး၊ နော် ယမင်း၊ စိတ်အေးအေးထား”

“ဟုတ်ကဲ့ ကိုကို၊ ဒါပေမဲ့ ယမင်းက ပုံပုံ့ကို သိပ်စိတ်ပူနေတာပါ”

“ကိုကို ပုံပုံ့အတွက် လိုအပ်တာတွေအားလုံး လုပ်ပေးပြီးပြီ၊ ယမင်းသာ ကိုကို့ဆီ ပုံပုံ သတိရလာတာနဲ့ ဖုန်းဆက်”

“ဟုတ်ကဲ့”

ကိုကို ဆေးခန်းပြန်ထွက်သွားချိန်မှာ ပုံပုံ တကယ်ပဲ သတိပြန်ရလာသည်။ သို့သော် ပုံပုံ့မျက်ဝန်းတွေက ဆွေးမြည့်နာကျင်နေဟန်ရှိသည်။

“ပုံပုံ”

“နင် သတိရပြီနော်”

“နင် နေကောင်းတယ်နော် သူငယ်ချင်း”

“ယမင်း”

“အင်... ဘာလဲ ပုံပုံ၊ ပြောလေ... ”

“တကယ်လို့များ ငါ... ငါမရှိတော့ရင်လေ နင် ဒီအိမ်မှာပဲ ဆက်နေနော်”

“အို... နင်... နင် ဘာတွေပြောနေတာလဲ”

“ငါ နင့်ကို စိတ်မချဘူး ယမင်း၊ နင် ဘယ်မှလျှောက်မသွားနဲ့နော်၊ နင့်ကို ဒီမှာ အမြဲနေဖို့ ဒယ်ဒီနဲ့မာမီကိုလဲ ငါပြောထားပြီးပါပြီ”

“ပုံပုံ နင်ပြောတာတွေက တစ်မျိုးပဲ၊ နင်မရှိရအောင် နင်က





ငါ့ကိုထားပြီး ဘယ်သွားမလို့လဲ၊ မဟုတ်တာတွေ လျှောက်မပြောနဲ့ဟာ”

“ခဏလေး ယမင်း၊ ငါ... ငါပြောချင်တာ ပြောပါရစေ၊ ဒီကို... အိမ်ကို မောင်လေး ခဏပြန်လာလိမ့်မယ်၊ နင် ဂရုစိုက်ပေးပါနော်၊ မောင်လေးနာမည်က ဇာမဏိတဲ့”

“ပုံပုံ နင် ဘာတွေပြောနေတာလဲဟာ၊ ငါ ရူးတော့မယ်၊ ငါ ဘာမှကို နားမလည်တော့ဘူး၊ နင် ဘာဖြစ်နေတာလဲဟင်၊ ငါ့ကို ပြောပါ သူငယ်ချင်းရယ်”

“ငါလား၊ ငါ... ငါ... ”

ပုံပုံက မျက်ရည်တွေ စီးကျနေရင်းမှ မဲပြုံးတစ်ချက်ပြုံးကာ သူမလက်ထဲက မဂ်လာဆောင်ဖိတ်စာလေးကို ယမင်းလက်ထဲ လှမ်းထည့်ပေးကာ...

“သူတို့ပွဲ...သူတို့ပွဲကို နင် သွားထက်ရမယ် ယမင်း၊ ပြီ တော့... ပြီးတော့ ခုမကြာခင်မှာ သေဆုံးသွားတော့မယ့် ငါ့ရဲ့ အရိုးပြာအိုးကို နင် သွားလက်ဖွဲ့ရမယ်”

“ဟင်... ”

“နင် ကြားတယ်နော် ယမင်း”

“ဟာ... ပုံပုံ၊ မဟုတ်ဘူး... မဟုတ်ဘူး၊ ငါ မကြောက်ဘူး၊ နင် အဓိပ္ပာယ်မရှိတာတွေပဲ လျှောက်ပြောနေတယ်၊ အဓိပ္ပာယ်မရှိဘူး၊ ယောကျ်ားတစ်ယောက် သစ္စာဖောက်သွားရုံနဲ့ နင် ဒီလောက်ထိဖြစ်ရလား၊ ဟင့်အင်း... နင် မှားတယ်၊ နင် အဲလိုမလုပ်နဲ့”



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပုံပုံက ချွေးချွေးမြည့်မြည့်ခပ်တိုးတိုးရယ်ပြီးလျှင်...

"ယောက်ျားတစ်ယောက်က ငါ့ကိုချစ်တယ်၊ လက်ထပ်ချင်တယ်၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်ပြီး ပိုက်ဆံတွေစုလာမယ်၊ ပြန်လာရင် လက်ထပ်မယ်လို့ပြောပြီး သုံးနှစ်သုံးမိုး စောင့်ခိုင်းခဲ့တာလေ၊ အဲ့ဒါ ငါ စောင့်တယ်လေ၊ ငါစောင့်ခဲ့တယ်လေဟာ"

"ငါ... ငါ စောင့်လာခဲ့ပြီးမှ သူက ငါ့ကိုမယူဘဲ တခြားတစ်ယောက်ကို လက်ထပ်သွားတာ၊ ဟား... ဟား... အဲ့ဒါ ငါမှားလား၊ ငါ ဘာမှားခဲ့သလဲ"

"သူမရှိတုန်း ငါ သူ့အပေါ်ပဲ သစ္စာရှိခဲ့တာလေ၊ အဲ့ဒါ နင် အသိဆုံးပါ ယမင်းရဲ့"

"သုံးနှစ်သုံးမိုး ယောက်ျားတစ်ယောက်ရဲ့ စကားကိုယုံပြီး ထိုင်စောင့်နေခဲ့တဲ့ မိန်းမပါဟ၊ ငါ ဘာမှားခဲ့သလဲ"

"ပုံပုံ နင်... နင် စိတ်ကိုထိန်း၊ စိတ်လိုက်မာန်ပါတွေ လျှောက်မပြောနဲ့၊ ငါ တောင်းပန်ပါတယ် သူငယ်ချင်းရယ်နော်၊ နင် သူ့ကို မေ့လိုက်ပါ၊ သူ့ကို ခုချိန်မှာ မေ့ပစ်လိုက်ပါ သူငယ်ချင်းရယ်"

"ဟင့်အင်း... ငါ မေ့လို့မရဘူး၊ ငါ ဘယ်လိုမှ သူ့ကို မေ့ပစ်လို့မရဘူး၊ ငါ သူ့ကို ငါသေမှ မေ့သွားမှာ၊ ငါ သေလိုက်တာမှ ကောင်းသေးတယ်"

"အို..."

နလုံးရောဂါရှိနေပြီဖြစ်သည့် ပုံပုံ၏ စိတ်ခံစားမှုကို ယမင်း



နိုးထိတ်လာကာ ပုံပုံ့ကိုယ်လေးကို တင်းတင်းဖိအုပ်ကာ အကြောက်အကန် တားမြစ်လိုက်မိတော့သည်။

"ပုံပုံ"

"ခဏလေး... ခဏလေး သူငယ်ချင်းရယ်၊ နင့်စိတ်တွေကို အဲ့လို လွှတ်မပေးလိုက်ပါနဲ့၊ နင့်စိတ်ထိန်းနော်၊ နင့်အနားမှာ ငါ တစ်ယောက်လုံးရှိတယ်၊ စိတ်ချ၊ နင်တို့မယူဖြစ်လဲ ငါ ကိုကို့ကို မယူတော့ဘူး၊ ငါ နင်နဲ့ပဲနေမယ်၊ နင့်ကိုပဲ အဖော်လုပ်ပေးမယ်လေဟာ"

"မဟုတ်ဘူးလေ၊ ဒီကိစ္စ ကိုမင်းကိုနဲ့ ဘာဆိုင်လဲ၊ နင် ကိုမင်းကိုကို ယူရမှာပေါ့"

"ဟင့်အင်း၊ ငါ မယူဘူး၊ ငါ ကိုကို့ကို လက်မထပ်တော့ဘူး၊ ငါ နင်နဲ့ပဲနေမယ်၊ နင့်ကိုပဲ အဖော်လုပ်မယ်၊ ငါ့ဘဝမှာ နင်ပဲ အရေးကြီးတယ်၊ ပုံပုံ နင် နေကောင်းအောင်နေနော်"

"ယမင်းရာ၊ ငါတို့နှစ်ယောက် ဘယ်လောက်ထိ ချစ်ကြသလဲဆိုရင် ငါတို့ မင်္ဂလာဆောင်ရင်တောင် တစ်ရက်တည်း အတူတူဆောင်ဖို့တောင် လုပ်ထားခဲ့ကြတာ၊ ဟား... ဟား... စိတ်ကူးတွေ၊ စိတ်ကူးတွေ ရူးပါ့၊ ဟား... ဟား"

"ပုံပုံ

ပုံပုံက စိတ်ဝေဒနာသည်တစ်ယောက်လို ရယ်လိုက်၊ ငိုလိုက်တစ်ယောက်တည်း စကားပြောလိုက်နှင့် ရှိနေသည်။ ကြောက်စရာကောင်းလိုက်တာ။ ကိုယ် သိပ်ချစ်၊ သိပ်မြှော်လင့်ခဲ့တဲ့ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ကိုယ့်ကို စွန့်ပစ်ခဲ့လို့ စွန့်ပစ်ခံရတဲ့ ဘဝကြီးက အဲဒီလောက်ထိ ဆိုးရွားရသတဲ့လား။

"ပုံပုံ ငါတို့နှစ်ယောက်ပဲ အတူတူနေကြမယ်လေ၊ ခုချိန်မှာ နင့်ဆီမှာ ချစ်သူမရှိတော့တဲ့ ခံစားမှုကြီးကို ငါ နားလည်တယ်၊ ငါ ငါလဲ ကိုကို့ကို ဖြတ်လိုက်မယ်လေဟာ"

"မဆိုင်တာတွေ ကိုမင်းကို နင့်အပေါ် ဒီလောက်ကောင်းတာ"

"ဟာင့်အင်း... နင့်အတွက်... "

"ယမင်း မဆိုင်တာတွေ လာမပြောနဲ့ဟာ၊ ငါမောလာသလိုပဲ"

"ဟာင်... "

"ရင်ထဲမှာလဲ ကတုန်ကယင်ကြီးနဲ့ မောတယ်"

"ပုံပုံ နင်... နင်သတိထားနော်၊ ငါ... ငါ ကိုကို့ကို ခေါ် လိုက်မယ်၊ ခဏလေး... ခဏလေး"

"အား... ရင်ဘတ်ထဲက အောင့်လိုက်တာ၊ ကျွတ်... ကျွတ်"

"ဟာင်... နင် ချွေးစေးတွေတောင် ပြန်နေပြီ ပုံပုံ၊ နင် ခဏ လေး အောင့်ထားနော်၊ ငါ ကိုကို့ကို ခေါ်ပေးမယ်"

"ယမင်း နင် ငါမှာတာ မမေ့နဲ့နော်၊ ငါ... စိတ်ချမယ်..."

"ဟာင်... ပုံပုံ"

ပုံပုံက သူ့ရင်ဘတ်ကို တစ်ချက်ဖိကာ နာနာကျင်ကျင် ညည်းညူရင်း လက်ကလေးကိုကိုင်ကာ အသက်ထွက်သွားခဲ့တော့





သည်။

"အမယ်လေး... "

"ပုံပုံ... "

"ပုံပုံ... "

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ပုံပုံ၏ အသုဘသည် တိုးတိတ်စွာပင် ပြီးဆုံးသွားခဲ့သည်။ တကယ်တမ်း ပုံပုံသေဆုံးသွားခြင်းအတွက် အားလုံးက အံ့ဩဘနန်း တနုံ့နုံ့ဖြစ်ရင်း ကျန်ရစ်ခဲ့ကြခြင်း ဖြစ်သည်။

ပုံပုံသည် ယမင်းလက်ပေါ်တွင် သေဆုံးသွားခြင်းဖြစ်သလို ပုံပုံမသေဆုံးခင်ကလည်း အဂ္ဂနှင့်ပတ်သက်ပြီး ဘယ်လောက်ထိ ခံစားနာကျင်သွားရသလဲဆိုတာ ပုံပုံသာလျှင် အသိနိုင်ဆုံးဖြစ်မည်။

"မင်း စိတ်ကိုထိန်းနော်၊ ယမင်းနားမှာ ကိုကိုရှိတယ်"

"ကိုကိုရယ်၊ ပုံပုံလေ၊ ပုံပုံက လောကကြီးကို အရှုံးပေးသွားခဲ့တာ"

"ကိုကို သိတယ်၊ ပုံပုံ အားလုံးကို အရှုံးပေးပြီး စိတ်မချမ်းမသာနဲ့ ထွက်သွားခဲ့တာ ကိုကို ကောင်းကောင်းသိတယ်၊ ကိုယ်တို့တွေ သူ့အပေါ် ကောင်းခဲ့တာပဲနော်"





"ပုံပုံရယ်... "

သိပ်မကြာခင် ပုံပုံ့အရိုးပြာအိုးလေးက ယမင်းလက်ထဲ ရောက်လာခဲ့သည်။ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်၏ အရိုးပြာအိုးကို မြဲမြဲစွာကိုင်ဖို့ ယမင်း သတ္တိမရှိခဲ့ပြန်။

"ကြည့်စမ်း ယမင်းလက်တွေ အရမ်းတုန်နေတာပဲ၊ ပေး... ပေး၊ ကိုကို ကိုင်ပေးမှာပေါ့"

"နေ... နေပါစေ ကိုကို၊ ဒီအိုးကိုကိုင်ပြီး ယမင်း အဂ္ဂပွဲကို သွားရဦးမှာ"

"ဟာ... မဖြစ်... မဖြစ်ဘူးထင်တယ် ယမင်း၊ မနက်ဖြန် အဂ္ဂတို့က မင်္ဂလာဆောင်လေ၊ သူတို့မင်္ဂလာဆောင်မှာ ဒီပြာအိုးနဲ့ ယမင်း တက်ရောက်ဖို့ဆိုတာ ကိုကို ဘယ်လိုမှ ခွင့်မပြုနိုင်ဘူးကွာ"

"မဖြစ်ဘူး ကိုကို၊ ဒါ ပုံပုံ့ရဲ့ နောက်ဆုံးဆန္ဒပါ၊ ယမင်း ဖြစ်အောင် လုပ်ရလိမ့်မယ်၊ ကိုကို မလိုက်ချင်လဲနေ၊ ယမင်းကတော့ ရောက်အောင်သွားပို့ရမှာပဲ"

"ယမင်း ကိုကိုပြောတာ လက်ခံပါ၊ မကောင်းဘူးနော်၊ ဒါ မလုပ်သင့်ဘူး၊ တစ်ဖက်က မင်္ဂလာယူနေတဲ့အချိန် ကိုယ်တို့ဘက်က အမင်္ဂလာ မလုပ်သင့်ဘူးနော်"

"ဒီလိုအဖြစ်မျိုးရောက်အောင် အဂ္ဂကိုယ်တိုင်ပဲ လုပ်ခဲ့တာ ဟုတ်မလား ကိုကို"

"ဒါက... ဒါပဲလေ၊ ဒါပေမဲ့... "

"တော်ပြီ၊ ကိုကို ကြားထဲကနေ ကုသိုလ်ဝင်မှုချင်မနေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ယမင်းကတော့ အဂ္ဂဆီကို ရောက်အောင်ပို့ပြမယ်"

"ယမင်း... "

"ဟင့်...ဟင့်... ဟင့်၊ ကိုကို ဘာမှမပြောနဲ့တော့၊ ယမင်း ဘာမှမကြားချင်ဘူး"

"ဟာ... ယမင်း"

ယမင်းက ပုံပုံ့အရိုးပြာအိုးလေးကို ပိုက်ကာ ကိုကို့အနားကနေ ထွက်ပြေးလာခဲ့မိသည်။

ခုလိုအချိန်မျိုးမှာ ကိုကို့စကားကို နားမဝင်နိုင်ပါ။ သေဆုံးသွားသည့် ပုံပုံ့ဆန္ဒကိုသာ ပြည့်ဝအောင် ယမင်း ဆောင်ရွက်ပေးရမည် ပင်။

ယမင်းက ဆုံးဖြတ်ထားသည့်အတိုင်း ဘယ်သူ့မျက်နှာကိုမှ မထောက်နိုင်တော့ဘဲ အဂ္ဂတို့မင်္ဂလာပွဲကျင်းပနေသည့် နေရာသို့ အရိုးပြာအိုးလေးကို ပိုက်ပြီး ယူလာခဲ့မိသည်။

ပုံပုံ နှင် ငါနဲ့အတူ လိုက်လာခဲ့တယ်မဟုတ်လား။

နှင့်ရဲ့ပြာအိုးကို အဂ္ဂလက်ထဲ ထိုးအပ်ချင်တဲ့ဆန္ဒ ပြည့်မပြည့် နှင် ငါ့ကို စောင့်ကြည့်နေမလား။ အဲ့ဒါ ငါယုံတယ် ပုံပုံ၊ စိတ်ချစမ်း ပါ ပုံပုံ၊ မကြာခင် နှင့်ဆန္ဒ ပြည့်ဝစေရပါမယ်။

ယမင်းက အဂ္ဂတို့ခြံထိပ်အရောက်မှာ ခြံထဲကနေ ဆူညံစွာ ပျံ့လွင့်လာသည့် သီချင်းတီးလုံးသံတွေကြောင့် ရုတ်တရက် ဖြူန်းဆို ခြေလှမ်းတွေက တုံ့ခနဲ ရပ်သွားခဲ့သည်။

အင်း... တော်တော်လေးကို ပျော်ရွှင်ဆူညံနေကြတာပဲ။





ငါ ဒီပြာအိုးနဲ့ ဝင်သွားလို့ ကောင်းပါ့မလား... ။

"ယမင်း နှင် အဂ္ဂလက်ထဲ ရောက်အောင်ပို့ပေးနော်"

"ယမင်း ငါပြောတာ ကြားလား"

တစ်စုံတစ်ယောက်က ယမင်းပခုံးကို ကိုင်လှုပ်ကာ သတိပေး လိုက်သလို ခံစားလိုက်ရချိန်မှာ ယမင်းမှာ တစ်ကိုယ်လုံး တုန်ယင် သွားသည်ထိ လန့်ဖျပ်ပြီး ခြံထဲကို အလန့်တကြား လှမ်းဝင်လိုက်မိ သွားသည်။

ခြံဝင်းတစ်ခုလုံးကတော့ ညှော့ပရိသတ်တွေအားလုံးနှင့် စည် စည်ကားကားရှိနေကာ ဂစ်တာသံ၊ တီးဘုတ်သံ၊ ဒရမ်ခေါက်သံတွေ ဖြင့် ညံစည်နေသည်။

"အဂ္ဂ... "

အဂ္ဂ နှင် ဘယ်မှာလဲ။

ယမင်းမှာ အဂ္ဂကို လူပုံအလယ်ကြားထဲဝင့်ကြွားစွာ တွေ့လိုက် ရသည်။

ကြည့်စမ်း... ။

ကိုယ်တော်ချောက အရက်ဖန်ခွက်ကိုင်ကာ သူ့ဇနီးကို လက် ကလေးချိတ်လျက်နှင့် စားပိုင်းတွေကို လိုက်ညွှေ့ခံနေလျက်... ။

"တောက်... "

ဒင်းကတော့ ပျော်လို့၊ မော်လို့၊ ရွှင်လို့ပေါ့။

သူ့ကြောင့် ပုံပုံဆိုသည့် ကောင်မလေး စိတ်ဆင်းရဲကိုယ်ဆင်း ရဲနဲ့ လောကကြီးထဲက ထွက်ခွာသွားခဲ့ရတာကို ဒင်းက မသိဘူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။

တက်တစ်ချက် ရင်ထဲမှာ ခပ်နာနာခေါက်မိပြီး အဂ္ဂတို့စုံတွဲ ရှိရာ ယမင်း တဖြည်းဖြည်းချင်း လျှောက်သွားလိုက်သည်။

"အဂ္ဂ... "

"ဟာ... ယမင်းရွှေဝါ"

"တစ်ယောက်တည်းလား၊ ဒေါက်တာမင်းကို မပါဘူးလား"

အဂ္ဂက ယခုတိုင် ယမင်းလက်ထဲကအိုးကို သတိထားမိပုံ မပေါ်သေး။ သူ့ဘေးက သူ့ကောင်မလေးနှင့် လှည့်ပြီး မိတ်ဆက်ပေး နေသေးသည်။

"ယမင်း ဒါ သီရိ"

"ဖိတ်စာထဲမှာ ဖတ်လိုက်ရပါတယ်၊ နှင့်အတွက် လက်ဖွဲ့ လာပို့တာ"

"ဟင်... "

ခနဲ အဂ္ဂမျက်ခုံးတွေ ပင့်တက်သွားကာ ယမင်းလက်ထဲက အိုးလေးကို အကျအန ထုပ်ပိုးထားသည်ကို အသေအချာကြည့်ပြီးမှ...

"ရော့... ငါ သွားပြီ"

အဂ္ဂနှင့်သီရိ ဆွေ့ဆွေ့ခုန်မတတ် အရိုးပြာအိုးကြီးကို တစ်လှည့်စီ တွန်းလွှတ်နေကြကာ အော်ဟစ်သောင်းကျန်းပြီး ကျန်ရစ်ခဲ့တော့ သည်။

ယမင်း သူတို့ကို လှည့်မကြည့်နိုင်တော့၊ ရင်ထဲမှာ တရှိန် လှပ်နှင့်သာ ပုံပုံ့ကိုယ်စား မခံချင်စိတ်တွေ လွှမ်းမိုးနေရသည်။





ထိုအဖြစ်အပျက်တွေကို ယမင်း တော်တော်နှင့် မေ့မရနိုင်တော့ သချာသည်။ ပုံပုံ့ကိုကြည့်ပြီးတော့လည်း ဘယ်ယောကျ်ားလေးရဲ့ အချစ်ကိုမှ မယုံကြည်ချင်တော့။

တကယ်တော့ ပုံပုံရဲ့ ဆိုးရွားလှသည့် အဖြစ်အပျက်များကနေ တောင်မြစ်ဖျားခံကာ အဖြစ်အပျက်များစွာတို့က ဆက်တိုက် ဖြစ်ပျက် လာခဲ့ကြခြင်း ဖြစ်သည်။

"ယမုင်း... "

"ဟင်... ကိုကို လာစောင့်နေတယ်"

"ဒါပေါ့၊ ယမင်းကိုမှ ကိုကို စိတ်မချတာ၊ ထင်တဲ့အတိုင်း ပင်း ရောက်အောင်သွားပေးခဲ့တာပဲ"

"ပုံပုံ စိတ်အေးသွား ရအောင်လို့ ကိုကို၊ ဒါ ပုံပုံ့အတွက် နောက်ဆုံးလုပ်ပေးလိုက်ရတာပါ၊ ယမင်း အရမ်းဝမ်းနည်းတယ်၊ ဒါသလဲထွက်တယ် သိလား ကိုကို"

"ပြီးခဲ့တာတွေ ပြီးပါစေတော့ ယမင်းရယ်၊ ယမင်းလဲ စိတ် ပင်ပန်းနေပါပြီ၊ စိတ်ကို လျှော့လိုက်ပေါ့နော်၊ ကိုကို ကား ဖြည်း ဖြည်းလေး မောင်းပေးမယ်၊ ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ကိုကို"

ကိုကိုကတော့ ယမင်းကို အမြဲ ဂရုတစိုက်နှင့် အရိပ်တကြည့် ကြည့် ကြည့်နေတတ်သူပင်။ ယမင်းအပေါ်လည်း အစစအရာရာ ကောင်းကာ၊ ယမင်းဆန္ဒကိုပဲ ဦးစားပေးတတ်လေသည်။ ခုသည်း ခင်းကို စိတ်ပူပြီး သူများခြံထိပ် လာစောင့်ကြိုနေခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယမင်း"

"ရှင်… "

"ယမင်း ခုလောလောဆယ် ပုံပုံတို့အိမ်မှာပဲ ဆက်နေဦးမယ်ပေါ့"

"ဟုတ်တယ် ကိုကို၊ ပုံပုံမဆုံးခင် မှာခဲ့တယ်၊ ပုံပုံ့မိဘတွေလဲ မကြာခင် ရောက်လာကြမှာ၊ ပုံပုံ့မောင်လေးလဲ ဒီကို ခဏ အလည်လာမှာ၊ အဲ့ဒါ ပုံပုံတို့အိမ်မှာ စောင့်မယ့်သူ မရှိဘူး၊ ယမင်း စောင့်ပေးဖို့ ပုံပုံက အတန်တန်မှာသွားခဲ့တာ"

"အင်းလေ၊ ယမင်း နေနေကျအိမ်ပဲ၊ အဲ့ဒီမှာလဲ ယမင်းချက် အဒေါ်ကြီးလင်မယား အဖော်ရှိနေတာပဲ နေပါ၊ ကိုကိုထင်တာက ယမင်းများ ယမင်းရဲ့အိမ်… "

"ဟင့်အင်း ကိုကို၊ ယမင်း အိမ်ကို ဘယ်တော့မှ ပြန်မသွားဘူး၊ ယမင်းခြေထောက်ပေါ် ယမင်း ရပ်နိုင်ပါတယ်"

"ယမင်းစိတ်ဓာတ်ကို ကိုကို သိပါတယ်၊ ဒါပေမဲ့ ကြာရင် ယမင်းက ကိုကို့ကို လက်ထပ်မယ့်ကိစ္စ ဆက်ရွှေ့နေမှာစိုးလို့"

"အဲ့ဒါတွေ ခုမပြောပါနဲ့လား ကိုကိုရယ်၊ ယမင်း နားချင်နေပြီ"

"ဟုတ်ပြီ… ဟုတ်ပြီ၊ ယမင်း မျက်လုံးတွေကို မှိတ်ချထားလိုက်၊ သက်သောင့်သက်သာ ခဏမှေးနေလိုက်၊ ကိုကို ယမင်းကို ဆေးတစ်မျိုးပေးလိုက်မယ်၊ အဲ့ဒါလေးသောက်ပြီး အိမ်ရောက်တာနဲ့ အိပ်လိုက်နော်"

"ဟုတ်ကဲ့"





"ကိုကို ဒီနေ့ ဆေးခန်းပိတ်ခဲ့တယ်၊ ယမင်းကို စိတ်မချလို့လေ"

"သုံးနှစ်သုံးမိုး ချစ်ခဲ့တာတောင် စိတ်မချဘူးလား ကိုကိုရယ်"

"အချစ်ဆိုတာ နှစ်ချီတာနဲ့လဲ သိပ်မဆိုင်ဘူး ထင်တယ် ယမင်း၊ ကိုကိုကတော့ မင်းကို မဟောင်းနွမ်းတဲ့ အသစ်အသစ်ဖြစ်နေတဲ့ အချစ်မျိုးနဲ့ ချစ်နေတော့တာ"

ယမင်း ရင်ထဲ နင့်ခနဲဖြစ်သွားကာ ကိုကို့လက်မောင်းပေါ် ခေါင်းလေး မှေးတင်ချလိုက်တော့သည်။

ကိုကို့ကို ယမင်း ချစ်ပါတယ်ကွယ်… ။

ဒါပေမဲ့လည်း ကိုကို့ကို ယမင်း လက်မထပ်ချင်သေးဘူး။ အဲ့ဒါ ဘာဖြစ်လို့လဲ မသိပါဘူး ကိုကိုရယ်။

ကိုကို လက်ထပ်ဖို့ ပူဆာတိုင်း ယမင်း လက်မထပ်ချင်သေးခဲ့တာ ဘာဖြစ်လို့မှန်းကို မသိပါဘူး။

သေချာတာ ကိုကို့အချစ်ကို ယမင်း ဘယ်လိုမှ မမီနိုင်တာပဲ။

အဲ့ဒီအတွက် ကိုကိုက ယမင်းအပေါ် နားလည်လေ၊ ယမင်း ကိုယ့်စိတ်ကိုယ် မလုံလေဘဲ ကိုကို။

အချစ်ဆိုတာ သိပ်ဆန်းကြယ်တာပဲနော်။

ကိုကို့ကို ချစ်လျက်နဲ့ လက်မထပ်ချင်သေးတဲ့ ယမင်းရဲ့အချစ်ဟာ သိပ်ကို လျှို့ဝှက်ဆန်းကြယ်တာပဲနော်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

ဒီလိုနှင့် ပုံပုံမရှိတော့သော်လည်း ယမင်းမှာ ပုံပုံ့အိမ်လေးကို သန့်ရှင်းရေးလုပ်ရ၊ ယမင်း ရှယ်ယာဝင်ထားသည့် ပွဲရုံဆီ ခဏသွား ထိုင်ရဖြင့် အခါတိုင်းလိုပင် ပုံမှန်လှုပ်ရှားသွားလာနေခဲ့ရသည်။

သို့သော် ပုံပုံမရှိတော့သော အိမ်ကြီးထဲမှာ နေရတာ အတော့်ကို ငြီးငွေ့ဆွေးမြည့်ဖို့ ကောင်းလေသည်။ သို့သော်လည်း ပုံပုံ့ဆန္ဒအရ ပုံ့မိဘတွေ မလာမချင်း ထိုအိမ်ကြီးမှာ ယမင်း ဆက်နေပေးရဦး ည်ပင်။

အံ့သြစရာကောင်းတာက ပုံပုံ့မိဘနှစ်ပါးစလုံးက ယမင်းကို ပူမတွေ့ဖူးတာတောင် ပုံပုံပြောပြထားရုံနှင့် သမီးတစ်ယောက်လို သဘောထားကာ ချစ်ခင်ရင်းနှီးလိုက်လှဲပျူငှာကြခြင်း၊ ပြီးတော့လည်း ယမင်းကို ကြည်ကြည်ဖြူဖြူပဲ ထိုအိမ်ကြီးမှာ ဆက်လက်နေထိုင်စေခဲ့ ၌င်းပဲ ဖြစ်သည်။





ကိုကိုကလည်း ယမင်း စိတ်ချမ်းသာသည့် အိမ်မှာပဲ နေစေခဲ့ သည်။ ယမင်းဆန္ဒမပါဘဲ ဘာကိစ္စကိုမှ ဇွတ်မစီစဉ် မဖန်တီးရှာပါ။

တကယ်တော့ ကံကြမ္မာက ယမင်း ကိုကိုကို လက်ထပ်ဖို့ စိတ်မပါအောင် တမင်ပင် ဆွဲဆောင်ဖြားယောင်းထားခြင်း ဖြစ်သည် ဆိုတာကို ဓာမဏီနှင့် ယမင်းတို့ ရင်ဆိုင်တွေ့ဆုံလိုက်ရချိန်မှာ ယမင်း သိခွင့်ရခဲ့လေသည်။

ကံဆိုးတာက ဓာမဏီ (မောင်) နှင့် တွေ့ဆုံချိန်မှာ ယမင်းမှာ ကိုကို ရှိနေခဲ့ပြီ ဖြစ်သည်။

ထိုနေ့က ယမင်းမှာ ပန်းပင်တွေနှင့် အလုပ်ရှုပ်နေဆဲ ခြံထဲ ကို ဘယ်သူဝင်လာမှန်း မသိခဲ့။ ထပ်ခနဲ လက်သွားသည့် ကင်မရာ ီးအလင်းရောင်ကြောင့်သာ ယမင်း သစ်ခွရုံထဲကနေ အပြင်ကို အလန့်တကြား ကြည့်မိသွားခဲ့သည်။

"အို... ဘယ်သူရိုက်တာလဲ"

"ကျွန်တော်"

"ဟင်... "

ငွေရောင်နားကွင်းတစ်ဖက် လက်မှာလည်း ငွေရောင်နဂါး က်ကောက်ကြီးတွေ ဝတ်ထားပြီး အနက်ရောင် သားရေလည်သာ ာ်စုံကို ဝတ်ထားသည့် လူငယ်လေးတစ်ယောက် မျက်နှာကတော့ င်းသန့်ကာ ပြောင်ချော်ချော်ဟန်မျိုး။

"ကျွန်တော် ဓာမဏီပါခင်ဗျာ"

"ဟင်... "



www.burmeseclassic.com

www.burmeseclassic.com



"ပုံပုံ့မောင်လေးပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် ခြံထဲဝင်ဝင်ချင်း ဒီက ယယမင်းရွှေဝါကို မြင်လိုက်တာနဲ့ လူလား၊ နတ်သမီးလားလို့ သိချင်တာနဲ့၊ အဟင်း... ကင်မရာလေး အသုံးချလိုက်တာ တစ်ခါတည်း ပြောမယ်၊ ဒီဓာတ်ပုံပြန်မပေးဘူးနော်"

ဓာမဏီ့ပုံစံက တို့ရိုးကားရား၊ ပြောပုံဆိုပုံကလည်း တည်တည်ငြိမ်ငြိမ်မရှိ။ ခြေကားရား လက်ကားရား။ ယမင်းကို ကြည့်သည့် အကြည့်တွေကလည်း ပြူးတူးပြူးတဲ။ ယမင်းမှာတော့ ထင်မှတ်မထားဘဲ ပုံပုံ့အချစ်ဆုံးမောင်လေးကို ဖြုန်းခနဲ ရင်ဆိုင်လိုက်ရသဖြင့် တအံ့တသြ ဖြစ်လျှက်ရှိသည်။

"မယမင်းရွှေဝါ၊ ကျွန်တော် အိမ်ထဲဝင်လို့ ရနိုင်ပါပြီနော်"

"အို... ဝင်ပါ၊ သွားပါ၊ ယမင်း လိုက်ခဲ့မယ်၊ ဒီအိမ်က ဓာမဏီတို့အိမ်ပါ၊ ယမင်းကို ခွင့်တောင်းစရာမလိုပါဘူး"

"ကျွန်တော်တော့ဗျာ၊ မမဆုံးပါးသွားခဲ့တာကို တော်တော် စိတ်မကောင်း ဖြစ်ရတယ်၊ မမကို ခုလိုဘဝမျိုး ဖြစ်သွားရအောင် လုပ်ခဲ့တဲ့ အဂ္ဂကိုလဲ တွေ့ချင်တယ်၊ ယောက်ျားချင်း စာရင်းရှင်းစရာ ရှိ ရှင်းရမှာပဲ"

"အို... ဓာမဏီ၊ အဂ္ဂဆီတော့ မသွားပါနဲ့တော့၊ သူလဲ အိမ်ထောင်ကျသွားပြီပဲ၊ ပြီးတော့ အဂ္ဂတို့အဖွဲ့က လူမိုက်၊ လူရမ်းကားတွေချည်းပဲ"

"ဂရုမစိုက်ပါဘူး၊ ကျွန်တော်တစ်ယောက်တည်း လာတာ





ကြည့်၊ ကျွန်တော် မပုံကိစ္စ အစအဆုံး သိချင်တယ်၊ မယမင်းရွှေဝါ"

"စိတ်ချပါ၊ ယမင်း အစအဆုံး ပြောပြပါမယ်၊ ဓာမဏီသာ အဂ္ဂကို တွေ့ဖို့ မကြိုးစားပါနဲ့"

"No Promise "

ပုံပုံနှင့်ပတ်သက်ပြီး ဓာမဏီမှာ တော်တော်လေး စိတ်ဆိုးခံပြင်းစွာ ခံစားလာရပုံ ပေါက်သည်။ တော်တော်နှင့်လည်း ဒေါသပြေနိုင်မည် မထင်ပေ။

ယမင်းမှာ ဓာမဏီ့ခံစားချက်ကိုကြည့်ပြီး အသာငြိမ်နေလိုက်ကာ နှစ်ယောက်သား အိမ်ထဲ အတူတူဝင်လိုက်ကြသည်။

ထိုနေ့တစ်နေ့လုံး ယမင်းက ဓာမဏီကို ပုံပုံနှင့် အဂ္ဂအကြောင်းတွေ ပြောပြခဲ့သည်။ သို့သော် ပုံပုံနှင့်အဂ္ဂ နှစ်ယောက် ရင်းနှီးပတ်သက်ခဲ့ကြသည့် အဖြစ်အပျက်ကြီးတော့ ချန်လှပ်ပစ်ခဲ့လိုက်သည်။

"ဟုတ်ပြီလေ၊ ကျွန်တော် မပုံကိစ္စတွေအားလုံး သိသင့်သလောက် သိရပါပြီ၊ မယမင်းရွှေဝါလဲ မပုံနဲ့က အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်ကြတော့ အရမ်းခံစားရမှာပဲ၊ ဒါ ကျွန်တော် သိတယ်"

"ကော်ဖီသောက်မလား ဓာမဏီ"

"ကျွန်တော် ဘီယာပဲသောက်မယ်"

"ရတယ်လေ"

နိုင်ငံခြားမှာ နှစ်ပေါင်းများစွာ ကြီးပြင်းရှင်သန်လာသည့် သူတစ်ယောက်အဖို့ ဘယ်လိုမှ အရက်နှင့် မကင်းကွာနိုင်ပါ။ ဒါကို ယမင်း နားလည်ပေးရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညက တိတ်ဆိတ်နေသည်။

ပြီးတော့ လသာဆောင်မှာ အေးမြသော လေတဖြူးဖြူး၏ အရသာကို ခံယူကာ ကော်ဖီပူပူလေးတစ်ခွက် သောက်လိုက်ရတာကိုက ယမင်းအတွက်တော့ နှစ်သက်စရာ စိတ်အပန်းဖြေခြင်း တစ်မျိုးပဲ ဖြစ်သည်။

သူ ဘီယာသောက်တာ စိမ်ပြေနပြေနိုင်လေသည်။ ကောင်းကင်က လမင်းကြီးကို မော့ကြည့်ပြီး…

"မပုံအကြောင်း ပြီးပြီဆိုပါတော့၊ မယမင်းရွှေဝါရဲ့ အကြောင်း သိချင်တယ်"

"ဘာများလဲ"

"အားလုံး"

"ရော်… ဘာဖြစ်လို့လဲ"

"သိချင်လို့"

"တို့ကို ယမင်းပဲ ခေါ်ပါ၊ ရတယ်"

"ယမင်းလို့တော့ ကျွန်တော် မခေါ်ချင်ဘူး၊ ရွှေဝါပဲ ခေါ်မယ်၊ ကြောင်ကလေးရွှေဝါလေ၊ ခင်ဗျားရဲ့မျက်လုံးတွေက ကြောင်လှလှလေးတွေလိုပဲ၊ အရောင်တောက်ပြီး ဖန်လိုကြည်တယ်"

"ဟုတ်ပါပြီ"

ယမင်း မပြုံးဘဲမနေနိုင်တော့။ ယမင်းကို အသေအချာ စိုက်ကြည့်နေသည့် ဓာမဏိအကြည့်ကြောင့် ယမင်းစိတ်ထဲ မလုံခြုံသလို ခံစားနေရသည်။





သူက ခိုးကြည့်တာ မဟုတ်ပါ။ အသေအချာကို တစိမ့်စိမ့် ကြည့်နေခြင်းမျိုးပင်။

"ရွှေဝါ"

"ရှင်… "

"ပြောလေဗျာ၊ ခင်ဗျားအကြောင်းတွေ"

"အင်း… ဘယ်လိုပြောရမလဲ"

"ပြောချင်သလိုပြော၊ မပုံ ပြောဖူးတာကတော့ ခင်ဗျားက ဟို Broken Family ဆို"

"ဟုတ်တယ်၊ အဖေက နောက်အိမ်ထောင်နဲ့ ကလေးတွေတောင် ရနေပြီ၊ အမေက အိမ်ကယာဉ်မောင်းနဲ့ လိုက်သွားတယ်"

ထိုအခိုက် ယမင်းမှာ တစ်ချိန်က အကြီးအကျယ် စိတ်ဒဏ်ရာ ရခဲ့ဖူးတာကို ပြန်သတိရမိပြီး အသံတွေက တုန်ယင်သွားခဲ့သည်။

"အဲ့ဒီမှာ ကိုယ် စလေလွင့်ခဲ့တာပဲ၊ ပုံပုံက ကိုယ့်ကို သနားပြီး ခေါ်ထားတယ်၊ ဒါပဲ"

"ပြီးတော့ရော… "

"ဘာပြီးတော့ရောလဲ၊ ကိုယ့်ဘဝက ဒါပဲလေ၊ ကိုယ် ဘယ်သူ့အိမ်မှ လိုက်မနေချင်ဘူး၊ အဖေယူတဲ့ မိန်းမက သိပ်ဆိုးသလို၊ အမေယူထားတဲ့ ယောကျ်ားကလဲ အရက်သမား၊ ဖဲသမား၊ မိန်းမရှုပ်တဲ့ ကြာကူရီ"

"ဒါဖြင့် ဒီမှာပဲ တစ်သက်လုံး နေပါလား ရွှေဝါ"

"မဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"မဟုတ်ဘူးလေ၊ ဇာမဏီဖေဖေနဲ့ မေမေ ဒီကိုရောက်လာကြတာနဲ့ ကိုယ်ပြန်မှာပါ"

"ဒယ်ဒီနဲ့ မာမီကလဲ ရွှေဝါကိုတွေ့ရင် ပြန်နိုင်းချင်မှာ မဟုတ်ဘူး၊ သမီးရင်းတစ်ယောက်လို ချစ်သွားမှာ လောင်းရဲတယ်၊ ကျွန်တော်တောင် ရွှေဝါကို မြင်မြင်ချင်း ရင်ထဲထိသွားတာ"

"အို… "

"အမှန်ပဲ၊ ခင်ဗျားကို ကျွန်တော် ချစ်သွားခဲ့ပြီ၊ အဲ့ဒီအတွက် ကျွန်တော်ပြောတာ သိပ်စောနေမလား မသိဘူး၊ မတတ်နိုင်ဘူး ကျွန်တော်ကတော့ ကျွန်တော့်စကား ပြန်မရုပ်သိမ်းဘူးနော်၊ တစ်ခုပဲ၊ အဲ့ဒါ ခင်ဗျား ကျွန်တော့်အတွက် တကယ် လေးလေးနက်နက် ပြန်စဉ်းစားပေးရမယ်… "

"ခု ကျွန်တော် ခင်ဗျားကို ပြောတာကလဲ တကယ့်ကို လေးလေးနက်နက်နဲ့ ပြောတာ"

ယမင်းမှာ ပွင့်လင်းဖြောင့်ကျလှသော သူ့စကားများအတွက် လန့်ဖျပ်စွာ အံ့အားသင့်ရင်း ရင်ခုန်ရခြင်းဖြင့် ကိုယ်လေး တစ်ချက် ယိုင်သွားခဲ့ပြီ။

"ဇာမဏီ"

"ကိုယ့်မှာ ချစ်သူရှိတယ်"

"ရော… တကယ်… "

သူ့ပုံစံက အံ့အားသင့်သွားဟန်၊ ပြီးတော့မှ ချက်ချင်း





ခေါင်းတစ်ချက် ပြန်ယမ်းလိုက်ကာ…

"No Problem "

"ဟင်… ကိုယ် တကယ်ပြောနေတာ ဇာမဏီ"

"Never Mind "

"ဇာမဏီ မင်း ပြောင်ချော်ချော်မလုပ်နဲ့၊ ကိုယ့်မှာ တကယ် ချစ်သူရှိတယ်"

"ချစ်သူဆိုတာ ခင်ပွန်းမှမဟုတ်ဘဲ ရွှေဝါ၊ ကျွန်တော် ရွှေဝါကို ချစ်ခွင့်ရှိတယ်လေ၊ ရွှေဝါလဲ သူနဲ့အဆင်မပြေရင် ကျွန်တော့်ကို ဆက်ရွေးခွင့်ရှိတယ်လေ၊ လုပ်ပါ၊ ဒါ ပြဿနာမဟုတ်ပါဘူး၊ ကျွန်တော် စောင့်မယ်"

"ဟင့်အင်း… မဖြစ်နိုင်တာဘဲ"

"သိပ်ဖြစ်နိုင်တာပေါ့၊ ကျွန်တော်တို့ယောကျ်ားလေးတွေက မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ပြန်ရဖို့စောင့်ရတာ ဘယ်လောက် စောင့်ရ စောင့်ရပါဗျာ၊ ဒါ အကျိုးရှိပါတယ်"

"မဟုတ်သေးပါဘူး"

"သိပ်ကိုဟုတ်တာပေါ့"

ယမင်းမှာ ဇာမဏီနှင့် မျက်လုံးချင်းဆုံအောင်တောင် ပြိုင်မကြည့်ရဲတော့ဘဲ ကော်ဖီခွက်ကို အသာချပြီး လသာဆောင်ဘက်ကနေ အသာပြန်ထွက်လာခဲ့သည်။

ဘာဖြစ်လို့လဲ။ တကယ်ဆို ဒီနေ့မှ မြန်မာပြည်ကို ပြန်ရောက်လာတဲ့ ကောင်လေးတစ်ယောက် ဆိုင်းမဆင့် ဗုံမဆင့် ဉာဏ်းစားစကား



www.burmeseclassic.com

www.burmeseclassic.com



ကောက်ပြောခဲ့တာကို ယမင်းက ဘာဖြစ်လို့ စိတ်မဆိုးလိုက်ရတာလဲ။ ဘာဖြစ်လို့ အစွမ်းကုန်မပေါက်ကွဲရတာလဲ။

နေပါစေတော့။ ကြာရင် ကောင်လေး တဖြည်းဖြည်းနဲ့ နောက်ဆုတ်သွားမှာပါပဲဟု စိတ်သက်သာစရာ တွေးလိုက်ပြီး အိပ်ရာထဲ ဝင်ခဲ့မိသည်။

ထူးဆန်းတာ ဇာမဏီ ပြန်ရောက်လာကတည်းက ကိုကို့ကို တစ်နေ့လုံး သတိမရလိုက်ပေ။

* * *



# အခန်း (၄)

မနက်အစောကြီး ရှိသေးသည်မို့ ယမင်း ဆက်အိပ်ဖို့ တစ်ဖက်ကို အလှည့်မှာ ခုတင်ဘေးက ဖုန်းလေးက တီခနဲ မြည်လာခဲ့သည်။

"ဟဲလို"

ယမင်းအသံက အိပ်ချင်မူးတူးသံ ဖြစ်နေမှာ သေချာသည်။

"ယမင်းလား ကိုကိုပါ"

"ကိုကို အစောကြီးရှိသေးကာယ်၊ ဘာဖြစ်လဲဟင်၊ ယမင်းတောင် ဆက်အိပ်မလို့ရှိတုန်းရယ်"

ကိုကို့အသံကြားသည်နှင့် ယမင်းက စောင်ထဲ ဖုန်းထည့်လိုက်ကာ ဖုန်းခွက်လေးကို နားနှင့်ပခုံးကြား ညှပ်ထားလိုက်သည်။

ထိုစဉ် တစ်ဖက်မှ ဇာမဏီ ခိုးနားထောင်လိုက်တာ ယမင်းတကယ် သတိမထားမိခဲ့တာ အမှန်ပင်။

"ယမင်း ကိုကို ဖျားနေတယ်၊ ဒါကြောင့် မနေ့က ယမင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို မလာဖြစ်တာ၊ ယမင်းက နေနိုင်တယ်၊ ကိုကို့ဆီ ဖုန်းတစ်ချက် မဆက်ဘူး၊ ကိုကို တကယ်ဖျားနေတာပါကွာ"

"အမယ်လေး ကိုကိုရယ်၊ ဆရာဝန်တစ်ယောက်လုံး ဖြစ်ရက်နဲ့ ရိုးရိုးဖျားတာလောက်ကို ဖြစ်နေလိုက်တာကွယ်၊ ကိုကို့အသံက နလိုက်တာ"

"နတာပေါ့ဗျာ၊ ကိုကို နေမကောင်းဖြစ်နေချိန်မှာ ယမင်းလေးကို အရမ်းတွေ့ချင်တာ၊ လာခဲ့ပါလားဟင်"

"ကိုကိုက ဒီနေ့ ဘယ်မှမသွားဘူးလား"

"မနက်ပိုင်း ဆေးရုံကြီး ခဏသွားရဦးမယ်၊ မသွားခင် ယမင်းကို တွေ့ချင်တာ၊ နို့မို့ဆို ကိုကိုကိုယ်တိုင် လာခေါ်ချင်တာတကယ်၊ ကိုကိုလုံးဝကို ကားမမောင်းချင်တော့တာ"

"ဒါဖြင့်လဲ ယမင်း လာခဲ့မယ်လေ ကိုကို"

"ဟာ... တကယ်"

"အင်း... "

"ဝမ်းသာလိုက်တာကွယ်၊ ယမင်းလာတာနဲ့ ကိုကို့အဖျားပျောက်မှာ သေချာပြီ၊ ဘယ်အချိန်လာမှာလဲ ပြော"

"ခု ခဏပြန်အိပ်ဦးမယ်၊ နိုးတာနဲ့ လာမယ်လေ"

"ကျွတ်... ကိုကို ဘယ်လောက်တောင် စောင့်နေရမှာလဲကွာ"

"ကြည့်... ကိုကိုတို့ကတော့ နွဲ့ပြီ၊ ခဏလေးပါ၊ ယမင်း တစ်ရေးနပ်ပြီးတာနဲ့ လာမယ်နော်၊ နော်လို့ဆို"

"ဖြီးရော၊ ဒါဖြင့်လဲ ကိုကို ဒေါ်ကြီးကို ယမင်းကြိုက်တဲ့





မုန့်လေးနန်းပြားသုပ် လုပ်ခိုင်းမယ်"

"ဟုတ်ကဲ့"

"ယမင်း"

"ရှင်... "

"ယမင်းကို ကိုကို သိပ်ချစ်တယ်နော်၊ ဘိုင့်ဘိုင့်"

ကိုကိုက ဖုန်းချခါနီးတိုင်း ဇာတ်ကားတစ်ခွန်းကို မမေ့မလျော့စွာ ပြောနေကြပင်။ ယမင်းအတွက်ပါ ကိုကို ကောင်းတာ ယမင်းကို ကိုကို သိပ်ချစ်တာ ယမင်း သိပါသည်။

သို့သော်လည်း ယမင်း ကိုကို့ကို လက်မထပ်ချင်သေးပါ။ ယမင်းစိတ်ကိုက သိပ်ကိုဆန်းကြယ်လေသည်။

ယမင်းမှာ ကိုကို့အကြောင်းတွေးရင်း ပြန်အိပ်မရတော့သည်မို့ ကိုကို့ဆီသွားဖို့ပဲ ပြင်ဆင်လိုက်တော့သည်။

ယမင်း ထွက်လာချိန်က နှင်းတွေပင် မကွဲသေးသဖြင့် ယမင်း ဖာမေကို မပြောခဲ့တော့။ သူ အိပ်ပါစေဟူသည့် အသိဖြင့် ယမင်း ခြေဖွကာ ခပ်တိတ်တိတ်လေး ကိုကို့အိမ် ထွက်လာဖြစ်သည်။

ကိုကို့အိမ်လေးက ယမင်းအတွက် အမြဲနွေးထွေးစွာ တံခါးဖွင့်ထားလျက် ကိုကို့အဒေါ်ကလည်း ယမင်းကိုဆို ချစ်ခင်ကြည်ဖြူသည်။ အဒေါ်နှင့်တူ နှစ်ယောက်တည်းရှိသော အိမ်လေးက ယမင်းအတွက်တော့ စိတ်ညစ်စရာဟူ၍ မြူမှုန်တစ်မှုန်ပင် မရှိခဲ့ပါ။

"ကိုကို"

"ကိုကိုရေ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟော... တူမကြီးလာပြီ၊ ကြည့်စမ်း... မင်းကိုက အစောကြီး လှမ်းခေါ်ပြီထင်တယ်၊ လာ... လာ... သမီး ဝင်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"မင်းကိုကတော့လေ သမီးလာမယ်ဆိုပြီး ဒေါ်ကြီးကို မုန့်လုပ် ခိုင်းထားရဲ့ကွယ်"

"ရတယ် ဒေါ်ဒေါ်၊ ယမင်းလဲ သိပ်စားနိုင်တာမှ မဟုတ်တာ ဒေါ်ဒေါ် ပင်ပန်းလှပါဇယ်၊ ယမင်း ဘာကူရဦးမလဲဟင်"

"နေ... နေ၊ သမီးသာ မင်းကိုအခန်းဘက် တက်သာသွား ဒေါ်ကြီး ဆက်ချက်လိုက်ဦးမယ်"

သဘောကောင်းဖော်ရွေလှသော တူလေးအတွက် မရိုးနိုင်အောင် ပင် ဆန်းဆန်းပြားပြားတွေ ချက်ပေးတတ်သော ဘိုစာ၊ အိန္ဒိယစာ ဥရောပစာ စသည့်ဟင်းမျိုးစုံရအောင် သင်တန်းတက်ထားသော ဒေါ်ကြီးကတော့ မီးဖိုခန်းထဲ အလုပ်ရှုပ်စွာ ကျန်ရစ်ခဲ့လေသည်။

ကိုကိုတို့အိမ်က ကားဂိုထောင်လေး တစ်ခုပါသော တစ်ထပ် တိုက်နိမ့်နိမ့်လေး ဖြစ်ပေမဲ့ အဆင့်အတန်းမီစွာ သပ်သပ်ရပ်ရပ် ဆောက်ထားသဖြင့် မိသားစုဘဝလေးတစ်ခုကတော့ နေပျော်စရာပင်။

ကိုကိုက ယမင်းနှင့် မိသားစုဘဝကို တောင့်တနေခဲ့ပြီး ယမင်းကသာ အချိန်တွေ တရွှေ့ရွှေ့ ရွှေ့နေခဲ့ခြင်းဖြစ်သည်။

ဘာတတ်နိုင်မှာလဲကွယ်။

ယမင်းရွှေဝါကမှ ဒေါက်တာမင်းကိုကို လက်မထပ်ချင်သော တာ အချစ်ဟာ ဘယ်လောက်ဆန်းကြယ်လိုက်သလဲ။ ယမင်း



ကိုကိုကို လက်ထပ်လိုက်ရုံနှင့် အားလုံးဟာ ရေကန်အသင့် ကြာအသင့် ပင်။ ဒါကို ယမင်းက အချိန်ဆွဲနေခြင်းသာ။

"ကိုကို"

ကိုကို့အခန်းက စေ့ရုံစေ့ထားသည်မို့ အသာတွန်းကာ ယမင်း ဝင်လိုက်သည်။

"ယမင်း လာ... "

"ဟင်... ကိုကိုက ဘာတွေလုပ်နေတာလဲ"

ဆေးစာအုပ်ထူထူကြီးတွေ တန်းစီထည့်ထားသည့် စာအုပ်စင် ခပ်နိမ့်နိမ့်လေးမှာ ကိုကိုက ထိုင်လျက် စာအုပ်တွေနှင့် အလုပ်ရှုပ် နေသည်။

"နေမကောင်းဘူးဆို၊ ကိုကို ဘာတွေ တလှုပ်လှုပ် လျှောက် လုပ်နေတာလဲ"

"ယမင်းအတွက်လေ"

"ဘယ်လို... "

"ဒီမှာလေကွာ၊ ကိုကိုအားတုန်း စာအုပ်တွေ ပြန်စီနေတာ၊ နောက်ဆို ဒီအိမ်ကို ယမင်း ရောက်လာတော့မှာမဟုတ်လား၊ ယမင်းက စာဖတ်ဝါသနာပါတယ်လေ၊ အဲဒါ ကိုကိုက ဂျာမန်စာရေး ဆရာ၊ ပြင်သစ်စာရေးဆရာ၊ အင်္ဂလိပ်စာရေးဆရာ၊ ပြီးတော့ သူတို့ကို ဘာသာပြန်တဲ့ စာအုပ်တွေ တစ်ကန့်စီ သတ်သတ်ထားနေ တာ၊ ယမင်း ဖတ်ရလွယ်အောင်လို့လေ"

"ကိုကိုရယ် နေမကောင်းဘူးဆို မှိန်းနေရောပေါ့၊ ကြည့်ဦး...



www.burmeseclassic.com

www.burmeseclassic.com



အနွေးထည်ကြီးဝတ်ပြီး တကုပ်ကုပ်လုပ်နေတယ်"

ယမင်းလည်း ကိုကိုနှင့်အတူ စာအုပ်တွေ ဝိုင်းစီထည့်ပေးလိုက်သည်။

"နေပါ၊ ကိုကို လုပ်ပါ့မယ်"

"ရပါတယ် ကိုကိုရ၊ ယမင်းလဲ ဝိုင်းလုပ်မှာပေါ့"

"ကောင်းတော့ကောင်းသား၊ နေမကောင်းဖြစ်လို့ ထိုင်နေအိပ်နေမယ့်အစား ချွေးထွက်အောင် လုပ်လိုက်တာ ပိုကောင်းတယ်၊ ခုတောင် ကိုကို ချွေးပြန်ချင်လာပြီ"

ကိုကိုက ရယ်ရယ်မောမောပြောရင်း ယမင်းကို ခိုးကြည့်သည်။ ဒီလိုပါပဲ၊ ယမင်းကိုဆို ကိုကို ခိုးကြည့်တတ်မြဲဝင်။ ဓာမဏီကတော့ တောက်ပလင်းလက်သည့် မျက်ဝန်းတွေဖြင့် အကြာကြီး စိုက်ကြည့်တတ်သည်။ ဘယ်တော့မှ မျက်လုံးလွှဲမသွားပေ။

ကိုကို့မျက်လုံးများကတော့ ရင့်ကျက်တည်ငြိမ်မှုရှိသည်။ ကိုကို့နှုတ်ခမ်းတွေကတော့ ယမင်းကို ဆွဲဆောင်နိုင်လေသည်။ ဆန်းကြယ်တာက ဓာမဏီမျက်လုံးတွေ နှုတ်ခမ်းတွေကို ယမင်း ရဲရဲမကြည့်ရဲခဲ့ခြင်းပင်။ အဲ့ဒါ ဘာဖြစ်လို့မှန်းကို မသိပါ။

"ယမင်းရေ နောက်ဆို ညည်းလေး ကိုကို့ကို လက်ထပ်ပြီးတာနဲ့ ကိုကို့ အပြင်သွားတာနဲ့ စာအုပ်တွေ ဖတ်ရမယ်နော်၊ စာဖတ်ပါများလို့ စာရေးဆရာ ဖြစ်ချင်လာရင်လဲ ကိုကို့ကိုပြော၊ ကိုကို အရှုံးခံပြီး ထုတ်ပေးမယ်၊ ဟား... ဟား... "

"အံမယ်... ကိုကိုကမှ မသိတာ၊ ယမင်း စာရေးနေပြီ၊





သိပ်ပြီး လက်ကမလိုက်သေးလို့ ရေးပြီးသမျှ လုံးလုံးပြီး ခြင်းထဲပစ်ထည့်ထားရတာ"

"ဟုတ်လား၊ ယမင်း ဝါသနာပါရင် လုပ်လေ၊ ကိုကို မထုတ်နိုင်တော့လဲ ထုတ်ဝေသူ ရှာမှာပေါ့"

"တော်ပါပြီ ကိုကိုရာ၊ အတိုအထွာလေးတောင် မနည်းရေးရတာ၊ လုံးချင်းဝတ္ထုရေးဖို့ဆိုရင် ဆံပင်ဖြူမှ ဖြစ်မလားမသိဘူး"

"ဟား... ဟား... အတော်စိတ်မာတတ်ခိုင်မာတဲ့ ကောင်မလေးပဲကွာ"

ကိုကိုက ယမင်းခေါင်းလေးကို ချစ်စနိုးလှမ်းပုတ်ကာ ရယ်ပြီး ချစ်မြတ်နိုးသောအကြည့်တွေဖြင့် ကြည့်သည်။

"ကဲ... ခေါက်တာကြီး အဖျားပျောက်ပြီမဟုတ်လား"

"အမှန်ပဲ၊ ကိုကိုပြောသားပဲ၊ ယမင်းလာတာနဲ့ ပျောက်မှာလို့"

"ကိုကိုက ပိုတာပါ"

"မပိုဘူး လိုနေသေးတာ၊ ယမင်းလေးကို ကိုကိုက ကိုကို့မျက်စိအောက်မှာပဲ ထားချင်တာကွ"

"ကိုကို"

"အင်... "

"ဟိုလေ... ပုံ့ပုံ့မောင်လေး မနေ့ကပဲ ပြန်ရောက်လာတယ်"

"ဟင်... ဟုတ်လား"

ကိုကို့မျက်လုံးတွေက အရောင်တစ်မျိုးပြောင်းသွားပြီးလျှင်...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးက ဘယ်လိုပုံစံမျိုးလဲ"

"နိုင်ငံခြားကဆိုတော့ ဂျစ်ပစီပုံစံလေးပါ ကိုကိုရာ၊ ခုလဲ သူ့အစ်မကိစ္စ မကျေနပ်လို့ အဂ္ဂနဲ့ စာရင်းရှင်းမယ်လုပ်နေတယ်"

"တစ်ခုပဲ၊ သူ့ကို ယမင်းမှာ ကိုကိုရှိတာ ယမင်း ဖွင့်ပြော ထားရလိမ့်မယ်နော်"

"အင်း... ဟင်"

"ကြိုပြောထားတာပဲ ကောင်းပါတယ်"

ကိုကိုကတော့ ယမင်းမျက်လုံးတွေနှင့် လှမ်းပြောလိုက်သည့် စကားကို နားလည်လိုက်ဟန်မတူပါ။ ကိုကိုနှင့် မနက်စာစားပြီး ချိန်မှာ ကိုကိုက ယမင်းပခုံးလေးကိုဖက်ကာ ခြံထိပ်ထိ လိုက်ပို့ပေး ခဲ့သည်။

"တာ့တာ ကိုကို၊ ဂရုစိုက်နော်"

* * *



## အခန်း (၅)

"မရွှေဝါ"

"ဟင်... ဇာမဏီ"

ကိုကိုတို့ ခြံထိပ်ခပ်လှမ်းလှမ်းမှာ သူ လာစောင့်နေလိမ့်မည် ဟု ယမင်း လုံးဝမထင်ခဲ့မိ။ ယမင်းနောက်ကို သူ တိတ်တဆိတ် လိုက်ပါ ချောင်းမြောင်းစောင့်ကြည့်နေခဲ့တာကို ယမင်း သတိမထားမိခဲ့။

ယမင်း သတိထားမိချိန်မှာ ဇာမဏီမျက်ဝန်းများက နက်ရှိုင်း သော ကြေကွဲမှုနှင့် နှုတ်ခမ်းတွေက ရဲရင့်ပြင်းပြမှုလောင်နေသော ဝေဒနာအချို့ကို တွေ့လိုက်ရတော့သည်။

"ကျွန်တော် လာစောင့်နေတာ ခင်ဗျား မနက်ခုနစ်နာရီတိုင် ကတည်းက ဒီခြံထဲဝင်သွားခဲ့တာ၊ ခု ဆယ်နာရီခွဲပြီ၊ ဟုတ်ရဲ့လား"

"ဟင်... "

"ကျွန်တော် စောင့်တယ်၊ ခင်ဗျား သူ့အိမ်က ပြန်မထွက်မလာ



www.burmeseclassic.com

www.burmeseclassic.com



မချင်း စောင့်နေမှာ"

"အို… "

"တစ်ခုပဲ ကျွန်တော်ပြောချင်တယ်၊ အဲ့ဒါ ခင်ဗျားတို့နှစ်ယောက် ဘယ်လောက်ပဲ ရင်းနီးပတ်သတ်၊ ပတ်သတ် ကျွန်တော်လုံးဝဂရုမစိုက်ဘူးဆိုတာပဲ"

"ဘုရားရေ… "

ဟု ယမင်း လန့်ဖျပ်အံ့ဩစွာ ဘုရားတမိလေသည်။ ဓာမဏီ၏ မျက်လုံးတွေက ဘာကိုမှ ဂရုမစိုက်တော့ဘဲ ဖွတ်တိုးမိုက်မဲတော့ မည့်ဟန်ဖြင့် စူးရှပြောင်လက်နေသည်။

"မ… "

ကြည့်စမ်း သူက ယမင်းကို မ လို့ ခေါ်နေပြန်ပြီ။

အမျိုးမျိုးပဲ ကောင်လေးရယ်။

မင်းမို့ တတ်နိုင်တယ်။

သူက ခေါင်းတစ်ချက် အသာယမ်းလိုက်ကာ…

"တကယ်တော့ ဒီအဖြစ်က ကျွန်တော် ယူကျုံးမရ ဖြစ်လောက်အောင် သိပ်ထူးဆန်းတဲ့ကိစ္စမှမဟုတ်ဘဲ၊ မ တို့က ချစ်သူတွေလေ"

"ဟင့်အင်း မဟုတ်ဘူး၊ ကိုယ်တို့ ဘာမှမဖြစ်ကြဘူး"

သူက လက်ကာပြကာ တစ်ချက်လှောင်ရယ် ရယ်ပြီး…

"ကျွန်တော်မှမမေးဘဲ၊ မ ဘာဖြစ်လို့ အတင်းကြီး လိုက်ဖြေနေတာလဲ"





"မင်း အဲ့လိုမရယ်နဲ့ ဓာမဏီ၊ ကိုယ် တကယ်ပြောတာ မင်းမယုံလဲ မတတ်နိုင်ဘူး"

"ထားပါတော့… "

"ပြီးရောလေ၊ တကယ်တော့လဲ ကိုယ် မင်းကို ဖြေရှင်းစရာအကြောင်းမှမရှိတာ"

"ဒါ… ဘယ်လဲ"

"ကားငှားမလို့"

"ကျွန်တော်လဲ လိုက်မယ်"

"ဘာလုပ်ဖို့လဲ"

"ရော်… မနေ့ကမှ နိုင်ငံခြားက ပြန်ရောက်တဲ့သူတစ်ယောက်ကို ဘုရားလေးဘာလေး ပို့ဖို့ ခင်ဗျားမှာ စိတ်ကူးမရှိဘူးလား"

"အံမယ်၊ မင်းပုံစံကိုလဲ ကြည့်ဦး၊ နားကွင်းနဲ့ လက်ကောက်တွေနဲ့၊ ဘောင်းဘီမှာလဲ ကြိုးတွေတန်းလန်းနဲ့ ဝတ်ထားတာက လမ်းသရဲ၊ အဲ့ဒါ ဘုရားပေါ်တက်ချင်သေးတယ်"

"အင်း… "

"ကျွန်တော် ဘုရားစာအားလုံးရတယ်ဗျ၊ ယုံမလားမသိဘူး"

"ဘယ့်နှယ်၊ ယုံနိုင်စရာမရှိပါဘူးတော့်၊ မင်း ကြဖန်လဲ ရှိုးစမ်းပါ"

"အဟုတ်၊ မယုံရင် ဘုရားပေါ်ရောက်တာနဲ့ ဘုရားစာတွေ ရွတ်ပြမယ်လေ၊ ဘယ်လိုလဲ"

"အမယ်လေး၊ ကိုယ် ငရဲကြီးတော့ မခံပါရစေနဲ့၊ ပို့ဆိုလဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပါမယ်၊ ဓာမဏီ မင်း တော်တော်တတ်နိုင်တဲ့ကောင်လေး"

"အဟား…"

ဓာမဏီက ကလေးတစ်ယောက်လို ကိုယ့်ကို တစ်ပတ်လှည့်ကာ ရယ်လိုက်ပြီး ယမင်းလက်ကို လှမ်းဆွဲသည်။

"ဟော့… ဘာလုပ်တာလဲ"

"လမ်းကူးမယ်လေ"

"ရတယ်၊ ကိုယ် အဘွားကြီးမှမဟုတ်တာ၊ ကိုယ့်ဘာသာကိုယ် ကူးမယ်"

"ခင်ဗျား ဘာသိလဲ၊ ဒီ သံလွင်လမ်းထဲကို တော်ရုံ တက္ကစီကား ဝင်တာ မဟုတ်ဘူး၊ လမ်းထိပ်ရောက်အောင် မနည်းလျှောက်ရဦးမှာ၊ ဒီကြားထဲ ထောင့်ချိုးတွေက ဖျတ်ခနဲထွက်လာတဲ့ ကားတွေနဲ့ တွေ့ရင် ကိုယ်က ကိုးရိုးကားရား ဖြစ်ရရောဗျ"

"အောင်မာ၊ မြန်မာပြည်မှာနေတဲ့ ကောင်လဲမဟုတ်ဘဲနဲ့ သူက သိနေရပြန်ပြီ"

"မကလဲ ကျွန်တော် ဒီကထွက်သွားတာ လေးနှစ်ပဲရှိပါသေးတယ်၊ ဟိုမှာ ကွန်ပျူတာတက္ကသိုလ် ပြီးအောင်တက်နေတာ၊ ပြီးတော့ ကင်မရလဲ ဝါသနာပါတယ်၊ ဒီတော့ သွားလေးရာ ကင်မရာကတော့ ပါပြီးသားပဲ"

"ကိုယ့်ဓာတ်ပုံ ခိုးရိုက်ထားတာလဲ ပြန်ပေးဦးနော်"

"မပေးဘူး"

"ဘာဆိုင်လဲ၊ မင်း ခိုးရိုက်ထားတာပဲ၊ ပြန်ပေးရမှာပေါ့"





"ဘယ်တော့မှ ပြန်မပေးဘူး၊ သိမ်းထားလိုက်ပြီ၊ မနေ့ကတည်းက အဲဒီဓာတ်ပုံလေးနဲ့ ဖက်အိပ်တာ"

"အရူးပဲ"

ယမင်းက ဓာမဏီ့စကားတွေ အမူအရာတွေကို စိတ်မဆိုးနိုင်ဘဲ ရယ်မိသွားသည်။ လမ်းသရဲဆန်ဆန် ကောင်လေးတစ်ယောက်နှင့် သွားလာနေရတာကိုပဲ ယမင်းက ပျော်နေမိသလို။

"မ"

"အင်…"

"ကျွန်တော့်လက်ကို ကိုင်ထားပါလား"

"ဟဲ့… ဘာတွေလျှောက်ပြောနေလဲ ဓာမဏီ၊ ကိုယ့်မှာ ရည်းစားကြီးနဲ့လေ"

"ခဏလေး၊ မောင်နှမလို သဘောထားလိုက်"

"ကြည့်… ဆိုးပြန်ပြီ၊ မင်းကတော့ တကယ့်ငရှုပ်လေးပဲ"

"တစ်ယောက်ရှိရက်နဲ့ နောက်တစ်ယောက်ကို ငြိသွားတာ လောကကြီးမှာ သိပ်တော့မဆန်းပါဘူး၊ မ ချစ်ကြည့်လိုက်စမ်းပါ"

"ဟော့… တော်စမ်းပါ၊ လာ… ဟိုမှာ တက္ကစီတစ်စီး လာနေတယ်၊ တားရအောင်"

"မ မတားနဲ့၊ ကျွန်တော်တားမယ်၊ မ တားလိုက်ရင် ကား သမားက မိုးပေါ်က နတ်သမီးလေး ပြွတ်ကျလာတယ် ထင်နေမှာ"

ထိုစကားကို ယမင်းက ပခုံးတွန့်ကာ တုံ့ပြန်လိုက်ပြီး တက္ကစီကားလေးနှင့် ဗိုလ်တထောင်ဘုရားဘက် ထွက်လာမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆိုင်ကယ်မြင့်မြင့်ကြီးတစ်စီးက ယမင်းတို့ဌားလာသည့် ကားဆောမှ ကျော်ဖြတ်သွားမလိုပြုပြီးမှ ပြန်ကွေ့လိုက်ပြီး ရှူးခနဲ ဘေးချင်းယှဉ်ကာ ရပ်လိုက်တာ တွေ့လိုက်ရသည်။

"ဟော့... ယမင်းရွှေဝါ၊ နင်နဲ့ငါ စာရင်းရှင်းစရာလေးရှိလို့ ကားပေါ်က ခဏလောက် ဆင်းခဲ့စမ်းပါ"

"ဟင်... "

"ဘယ်သူလဲ မ၊ ဒီကောင် ဘယ်သူလဲ"

"အဂ္ဂ... အဂ္ဂဆိုတာ သူပဲ ဓာမဏီ"

"ဟာ... ဒီကောင်လား၊ ကျွတ်... ကြည့်ရတာ လူမိုက်ပဲကွာ၊ ဒီကောင် ဘာလာစော်ကားတာလဲ မ"

ဓာမဏီမှာ အစ်မဖြစ်သူ စိတ်သောကရောက်ပြီး သေဆုံးသွားရတာကို မမေ့နိုင်သလို နာကြည်းမှုအပြည့်ဖြင့် အဂ္ဂကိုကြည့်ပြီး တောက်ခေါက်လိုက်ချိန်မှာ...

"ယမင်းရွှေဝါ နင် ဆင်းမလာဘူးလား၊ အေး... ကောင်းပြီ၊ နင့်ကို ငါ တစ်ခုပဲပြောလိုက်မယ်၊ နင် ငါနဲ့သီရိ မင်္ဂလာဆောင်တဲ့ညက နင်လာပေးခဲ့တဲ့ အရိုးအိုးကြောင့် သီရိ လန့်ပြီး ရှော့(ခ်)ဝင်သွားတာ ဒီနေ့ထိ စိတ်မမှန်တော့ဘူး၊ ငါနဲ့လဲ ကွာရှင်းရတဲ့အထိကို ဖြစ်ကုန်ခဲ့ကြတာ၊ အဲ့ဒါ နင့်ကြောင့်... "

"ဘာ... "

"နင် ငါတို့ဘဝကို ပျက်အောင်လုပ်ခဲ့တာ၊ ငါ မကျေဘူး၊ ယမင်းရွှေဝါ၊ အဲ့ဒီအတွက် နင့်ဆီက ငါ တစ်ခုခုပြန်ယူရမှ ကျေနပ်





မယ်"

"ဟင်... "

ပြောပြီး ဝေါခနဲ လေ၏အဟုန်ကဲ့သို့ လျင်မြန်စွာ လေကိုခွင်းပြီး ဆိုင်ကယ်မြင့်မြင့်ကြီးက ပျောက်ကွယ်သွားတော့သည်။

ဘုရား... ဘုရား... ။

"တောက်... ဒါ ဒီကောင် မကို သက်သက်ခြိမ်းခြောက်တာပဲ၊ ဘာမှမစိုးရိမ်နဲ့ မ၊ ကျွန်တော် မ ကို ကာကွယ်မယ်၊ စောင့်ရှောက်မယ်၊ တကယ်ဆို ဒီကောင်ဟာ ကျွန်တော့်အစ်မဘဝကို ပျက်အောင် ဖျက်ခဲ့တာ၊ တောက်... ခင်းကများ ရာရာစစ"

"ဓာမဏီ ကိုယ်... ကိုယ် အဂ္ဂကို အဲ့ဒီလောက် ကြောက်စရာကောင်းမှန်း မသိခဲ့ဘူး၊ ကြည့်စမ်း အငြိုးကြီးနဲ့ ပြောသွားလိုက်တာ၊ သီရိလဲ ရူးသွားသတဲ့၊ သူတို့နှစ်ယောက်ပွဲလဲ ပျက်သွားပြီတဲ့၊ အဲ... အဲ့ဒီလိုဖြစ်အောင် ကိုယ် ရည်ရွယ်တာမှမဟုတ်ဘဲ၊ ကိုယ်... ကိုယ်က ပုံပုံနိုင်းလို့ ပုံပုံ့ဆန္ဒ ဖြည့်ဆည်းပေးခဲ့တာ၊ သူတို့ အဲ့လိုဖြစ်မယ်လို့ ကိုယ်မှ မရည်ရွယ်ခဲ့တာ"

"မဟုတ်ဘူး မ၊ ဒီကောင် သက်သက် လာစော်ကားတာ၊ သူနဲ့သီရိ ပြတ်သွားလို့ မကို ရန်ငြိုးထားတာ၊ တွေ့မယ်၊ ဒီကောင် ကျွန်တော်နဲ့ စာရင်းရှင်းရမယ်၊ ကျွန်တော့်အစ်မကို လောကကြီးထဲကနေ ထွက်သွားအောင်လုပ်ထားတဲ့ကောင်၊ ကျွန်တော်နဲ့သူ ရာဇဝင်ကြွေး ရှိသွားပြီ"

"မဟုတ်ဘူး ဓာမဏီ၊ အဂ္ဂတို့အဖွဲ့က အရှုံးဆိုးတာနော်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို သွားမထိလိုက်နဲ့၊ သူတို့က ပြန်ပေါက်မှာ မြွေပွေးတွေ"

"မြွေပွေးလား၊ ဒါဆို ရိုက်သတ်ပစ်မယ်ဗျာ၊ ကျွန်တော့်အတွက် ဘာမှ မ စိတ်မပူနဲ့၊ မသာ အဂ္ဂကို သတိထားတော့"

"စိတ်ချပါ ဓာမဏီ"

"ကြည့်ရတာ အဂ္ဂကို ကြောက်နေသလိုပဲ၊ ခေါင်းထဲမထည့်နဲ့၊ ကျွန်တော်တစ်ယောက်လုံးရှိတယ်၊ ခု ဘုရားပေါ်ရောက်တော့မှ မ စိတ်တွေ အေးငြိမ်းသွားတော့မှာ"

ဘုရားပေါ်ရောက်သွားချိန်မှာတော့ သူက ယမင်းကို ဘုရားစာတွေ ဂုဏ်တော်တွေကို ခပ်ကျယ်ကျယ်ရွတ်ပြနေပြီး မျက်စိတစ်ဖက်မှိတ်ပြလေသည်။

* * *



## အခန်း (၆)

ထိုနေ့က ကိုကိုက မြို့ထဲရှိ စာအုပ်အပြောင်းတွေ သွားရှာပြီး မွေနှောက်ဝယ်ဖို့ ယမင်း ရှယ်ယာဝင်ထားသည့် ပွဲရုံမှာ လာခေါ်သည်။ ပွဲရုံတစ်ခုလုံးက အလုပ်သမားတွေပါမကျန် ကိုကို ယမင်းကို ဂရုစိုက်တာ၊ ချစ်ခင်ကြင်နာတာ အားလုံးသိကြလေသည်။ ယမင်းကို ကိုကိုလာခေါ်ပြီဆိုလျှင် အားလုံးက ပြုံးစိ ပြုံးစိ...

"ကိုကို ဖွင့်ပေးမယ် ယမင်း၊ ခဏလေး... "

ကားတံခါးဖွင့်တိုင်း ယမင်းထိုင်မည့်နေရာဘက် ကိုကို အမြဲကြိုဖွင့်ပေးနေကြပင်။ ကိုကို ကားတံခါးဖွင့်လိုက်ချိန်မှာ ဆိုင်ကယ်မြင့်မြင့်မည်းမည်းကြီးတစ်စီးက ယမင်းတို့နောက်ဘက်နားမှ ပွင့်ကာ သီကာဖြင့် ထိုးရပ်သွားကာ...

"ဟော့... ဘယ်လိုလဲ ယမင်းရှော့၊ တစ်နေ့တစ်ယောက်တွဲပါလားကွ၊ မနေ့ကတစ်ယောက်၊ ဒီနေ့တစ်ယောက်၊ ဘာလဲ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ထားတာလား"

"ဟင်... အဂ္ဂ"

"လုပ်စမ်းပါ၊ ငါလဲ နင်နဲ့တွဲချင်လွန်းလို့ နှာရှီပိုင်းလေးပဲ ဆိုလဲ ရပါတယ်ဟ"

"အဂ္ဂ နင် ဘာစကားပြောတာလဲ၊ မိုက်ရိုင်းလှချည်လား၊ ငါ့ကို နင်က ဘယ်အတန်းအစားထဲက ထင်နေလို့လဲဟင်၊ နင့်လို မိန်းမတစ်ယောက်ကို စက္ကူတစ်စလို သဘောထားတဲ့ ယောကျ်ားမျိုး ကို ငါ သဘောင်မတွဲဘူး"

မနေ့ကတည်းက ဒေါသတွေက ယမင်းခေါင်းထဲ အလုံးအရင်း ဝင်ဆောင့်လာကာ ယမင်း အဂ္ဂကို ပြန်ရင်ဆိုင်လိုက်တော့သည်။

ကိုကို့ခမျှာ ဘာမှနားမလည်နိုင်ရှာသူလို အနီးအဝေး အတွက် ကပ်ထားသည့် ပါဝါမျက်မှန်ကို အထက်ကို ပြန်ပင့်တပ်ပြီး ယမင်းတို့ကို နားမလည်သလို ကြည့်နေရှာသည်။

"ကြိုက်တယ်၊ အဂ္ဂတို့ကလဲ ဒါမျိုး စိန်ခေါ်မှုကြိုက်တာ၊ ဒီမှာ သီရိက နင် မာနကြီးတာထက် မိုးထိအောင် မာနကြီးတဲ့မိန်းမ၊ သူ့ကိုယူဖို့ ငါ့အစွမ်းအစနဲ့ သုံးနှစ်သုံးမိုး ရှာဖွေတဲ့ပိုက်ဆံနဲ့ပဲ လာတောင်းရမယ်ဆိုလို့ ငါ သေအောင်ရှာလာခဲ့တာ၊ ပုံပုံ့လို တုံးမ မျိုးကို ငါ မရွေးချယ်တာ ဘာဖြစ်သလဲ၊ ငါ ယောကျ်ားပဲ၊ ငါကြိုက် တဲ့မိန်းမ ယူမှာပေါ့၊ ဒါကို နဝ်က ကြားထဲကနေ အရှိးပြာအိုး သယ် လာပေးသေးတယ်၊ နင့်ကြောင့် သီရိ လန့်ဖျပ်ပြီး ရှူးရတာ၊ ငါတို့ လဲ ကွဲရတာ၊ အဲဒီအတွက် နင် စိတ်ဆင်းရဲအောင် ငါ ပြန်လုပ်ပြမယ်"





"အဂ္ဂ နင် အရှုးစကားတွေ လာမပြောနဲ့နော်၊ ဒါတွေအား လုံး ပုံပုံ စီစဉ်တာ၊ နင့်လို သစ္စာမရှိတဲ့ကောင်မျိုးဆီ သစ္စာရှိတဲ့ သူ့နှလုံးသားပြာအိုး ပို့ခိုင်းတာ ဘာဖြစ်သလဲ၊ နင်နဲ့သီရိ ပြတ်တာ ငါ့ကြောင့်လဲ မဟုတ်ဘူး၊ ပုံပုံ့ကြောင့်လဲ မဟုတ်ဘူး၊ ငါ တစ်ခုတော့ နင့်ကို ပြောလိုက်မယ်၊ အဲ့ဒါ နင်နဲ့ ယောကျ်ားချင်း စာရင်းရှင်းဖို့ ဓာမဏီရောက်လာပြီဆိုတာပဲ"

"ဘာ... ဘယ်ကဓာမဏီလဲ"

"ပုံပုံ့ရဲ့မောင်"

"ဟား... အဲ့ဒါ ဘာဖြစ်သလဲ၊ အဂ္ဂတို့က Don't Careပဲ၊ လုံးဝ... လုံးဝဂရုမစိုက်၊ အဲ့ဒီဓာမဏီဆိုတဲ့ ကောင်က နောက်ထပ် နင့်ရဲ့ ကိုယ်ရံတော်လား၊ ဟား... ဟား..."

"အဂ္ဂ နင် မမိုက်ရိုင်းနဲ့နော်၊ နင့်လိုကောင်မျိုးနဲ့ ငါ ဘာမှ ပြောစရာမရှိတော့ဘူး၊ ခုတောင် ပုံပုံ့မျက်နှာနဲ့မို့ ငါ ဒီလောက် သည်းခံနေတယ်မှတ်"

"ရယ်ရတယ် ဗြဲ...၊ ပုံပုံဆိုတာ အဂ္ဂအတွက် ပုံပြောစရာ ကောင်မလေးတစ်ယောက်ပဲ၊ သူနဲ့တွဲကတည်းက ငါက နင့်ကို ကျိတ် သဘောကျနေတယ်လို့ ပြောရင်ရော..."

"ဟင်... နင်... နင်... ကဲ... မိုက်ရိုင်းဦး"

ယမင်း စိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွားရာက အဂ္ဂကို တစ်ချက် ဖြောင်းခနဲ ချမိသွားသည်။

"ဟာ..."

www.burmeseclassic.com



"ဟင်... ယမင်း၊ ဘာ... ဘာလုပ်လိုက်တာလဲဟာ၊ ကိုကို... ကိုကို ဘာလုပ်ပေးရမှာလဲ"

"အဲ့ဒါ မှတ်ထား အဂ္ဂ၊ နင်နဲ့ငါ ကမ္ဘာမကျေကြမယ့် ရန်သူတွေပဲ"

"ထွီ... ငါ့ရာဇဝင်မှာ ဒီတစ်ခါ ထိသွားတာပဲ၊ အေး... မှတ်ထား၊ အဲ့ဒီအတွက် နင့်ရဲ့ပါးပြင်လေးနဲ့ပဲ ငါ အလျော်ပြန်တောင်းမယ်"

"ငါကလဲ နင်ခြောက်တိုင်း ကြောက်မယ့်မိန်းမ မဟုတ်ဘူးမှတ်"

"ဟော့ကောင် အဂ္ဂ၊ ဘာလဲ၊ ဘာတွေဖြစ်နေကြတာလဲ"

ဟုဆိုကာ ဆိုင်ကယ်အမည်းကြီးက တဝီးဝီးဖြင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတော့သည်။ အားလုံးက တကယ့်လမ်းသရဲပုံစံတွေပင်။ လူမိုက်တွေချည်း။

"ဘာမှမဖြစ်ဘူး၊ လာ... လစ်မယ်"

အဂ္ဂက သူ့အပေါင်းအသင်းတစ်သိုက်ကို လက်ပြကာ ရှေ့မှ ဦးဆောင်မောင်းထွက်သွားတော့သည်။ အဂ္ဂသူငယ်ချင်းတွေက ဆိုင်ကယ်သံတွေ တဒိုင်းဒိုင်းပေးရင်း ယမင်းကို ဘာတွေပြောမှန်းမသိ ပြောရင်း တောက်လျှောက်လိုက်သွားကြသည်။

"ပြီးရော အဲ့ဒါမှ မှတ်မှာ"

"ဘုရား... ဘုရား"

"ဟင်... ကိုကိုက ဘာ ခုမှ ဘုရားတရတာလဲ"





"ဘယ်ကလာခုမှ ဘုရားတရတာလဲ၊ ယမင်းနဲ့အဂ္ဂ ပြဿနာစဖြစ်ကတည်းက ကိုယ် ဘုရားစာရွတ်နေတာ"

"အမယ်လေး... ဖြစ်ရလေ ကိုကိုရယ်၊ ယောကျ်ားရင့်မာကြီး ဖြစ်ရက်နဲ့ ဘာမှ အားမကိုးရဘူး၊ ကြည့်ဦး... ယမင်းတို့ပွဲကို မျက်စိသူငယ် နားသူငယ်နဲ့ ကြည့်နေလိုက်တာ၊ ကိုကိုတို့များ တကယ်ပဲ ကြောက်ကြောက်တတ်လွန်းတယ်"

"ဟာ... ဒါမျိုးက ကြားဝင်လို့မကောင်းဘူး ယမင်းရ၊ သူ့ကြည့်ရတာ မိုက်မိုက်ရိုင်းရိုင်းနဲ့ လျှောက်ရမ်းမယ့်ပုံ၊ ကိုကို ကြားထဲက အချောင်မားထိုးခံရမှာပေါ့ကွ"

မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် မျက်နှာပေါ် စီးကျလာသည့် ချွေးတွေကိုသုတ်လိုက်၊ မျက်မှန်ကို ပင့်တင်လိုက်၊ အောက်ချလိုက်နှင့် ကယောင်ကတမ်း ထိတ်လန့်နေသည့် ကိုကို့အမူအရာက ဖုံးတစ်လုံးတွေ့ထားသလို ကြောက်လန့်နေမျိုးနှင့် တူသည်။

"ဒီမှာ ကိုကိုက ယမင်းအတွက် အချောင်နဲ့ မားထိုးမခံနိုင်ဘူးပေါ့လေ၊ အဲ့လိုလား"

"အဲ... အဲ့လိုတော့လဲ မဟုတ်ဘူးလေကွာ၊ ကိုကိုက မား... မားကိုကြောက်တာ၊ ဟဲ... ဟဲ... ဟဲ..."

"အောင်မာ၊ ကိုကိုက ဆရာဝန်မဟုတ်ဘူးလား၊ ယောကျ်ား မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်လဲ ဟုတ်တယ်၊ ယောက်ျားလဲ ဟုတ်တယ်၊ ဒါပေမဲ့ ကိုကိုကသာ သူများကို ခွဲစိတ်ချင်တာ၊ ကိုကို့ကို ခွဲစိတ်မှာတော့ ကြောက်တယ်၊ ဒါကြောင့်လဲ ယမင်းတို့ပြဿနာကို ကိုကို မပါတာ"

"ဒါဖြင့်လဲ ကောင်းပါ့ကိုကို၊ ယမင်းနဲ့သွားရ လာရမှာ ကြောက်ရင်လဲ ယမင်းနဲ့ သွားမနေနဲ့တော့၊ ယမင်း ဒီကပဲ ပြန်မယ်"

"ဟာ... နေဦးလေ"

"ဘာလဲ"

"ကိုကို့ကို စာအုပ်တွေ ဝိုင်းရွေးပေးဦးလေ"

"တော်ပြီ၊ မလိုက်ချင်တော့ဘူး၊ ကိုကို ဒီလောက်ကြောက်တတ်တာ ခုမှသိရတယ်၊ အဲ့လိုမျိုး ကြောက်တတ်နေရင် ယမင်းဘဝအတွက် ကိုကို့ကို ဘယ်လိုလုပ် အားကိုးလို့ရမလဲ"

"မဟုတ်ဘူးလေကွာ၊ ဘာမှ ပြဿနာမရှိရင် ပြီးတာပဲ၊ ကိုကိုက အဲ့လိုလူမိုက်တွေကို ကြောက်တာ၊ ယမင်းက ရှောင်လိုက်၊ ဟဲ... ဟဲ"

"အံမယ် ယမင်းက ရှောင်ပါ့၊ သူ့ဘာသာသူ လိုက်ပြဿနာရှာတာ၊ မနေ့က အဂ္ဂကို ဘုရားပို့တော့လဲ အဲ့လိုပဲ လိုက်နှောင့်ယှက်တာပဲ"

"ဒါကတော့ ကိုကို့အမြင်ပြောရရင် သူက သီရိကိုယူဖို့ ပင်ပင်ပန်းပန်းနဲ့ ရှာဖွေစုဆောင်းလာတယ်လေ၊ ဒီရောက်တော့





ပွဲက ပျက်သွားပြီ၊ ဒီတော့ သူ့ခမျာ ငွေတွေလဲဆုံး၊ လူကိုလဲဆုံး ဖြစ်သွားတာကိုး၊ ပိုဆိုးတာက သီရိ ရူးသွားတဲ့ကိစ္စ၊ ယမင်းကို ကျေပုံမရတာပဲ"

"သေလိုက်စမ်းပါတော့၊ ခုချိန်မှာ ကိုကိုက သူများဘက်က လိုက်နေသေးတယ်၊ ဒါဖြင့် အဂ္ဂလုပ်တာ မမှားဘူးပေါ့ ဟုတ်လား"

"ကိုကို အဲ့လိုလဲ မပြောရပါလားကွာ၊ အဂ္ဂဘက်က ကိုကို တွေးကြည့်မိတာကို ပြောတာပါ"

"ဩော်... ပုံပုံ သူ့ကြောင့် သေသွားတဲ့ကိစ္စကရော"

"ကဲ... ကဲ... ယမင်းလဲ ဒေါသတွေလျော့၊ ဒီကောင်တွေနဲ့ ဖက်မဖြစ်နဲ့၊ ကြောက်စရာကောင်းတွေ၊ လူအုပ်က မနည်းဘူး"

"ကိုကိုက စာမဏီနဲ့တော့ ကွာပါ့၊ စာမဏီကဆို သတ္တိရှိလိုက်တာ"

"အင်း... ဒါဖြင့်လဲ အဲ့ဒီချာတိတ်လေးကို ကာကွယ်ခိုင်းထား၊ ဟဲ... ဟဲ"

"ဟင်... ကိုကို ကာကွယ်ပေးမယ် စိတ်မကူးဘူးလား"

"ကိုကို ပြောပြီးပြီလေ၊ မဲ့ကြောက်တယ်၊ ဓားမြှောင်ကြောက်တယ်လို့"

"သေလိုက်ပါလား ကိုကိုရယ်"

ကိုကိုက တဟားဟားရယ်ပြီး သူလိုချင်သည့် စာအုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှာဖို့ စာအုပ်တန်းကို ရောက်အောင်မောင်းလေသည်။

ပြီးလျှင် ယမင်းလက်ကလေးကို မိမိရရ ဆုပ်ကိုင်လိုက်ကာ…

"လာ… ဟိုဘက်ပလက်ဖောင်း ကူးရမယ်၊ ကား သတိထား"

"ကြောက်ပြန်ပြီလား"

"ဒါပေါ့"

"ကိုကို ဒီလောက်ကြောက်တတ်တာ ဘာဖြစ်လို့များ ဆရာဝန်ဖြစ်လာလဲ မသိဘူး၊ တကယ်ပဲ"

"ရော်… ဆရာဝန်ဆိုတာ ကိုယ်က သူများကို ထိုးရတာ၊ ကိုယ့်ကိုယ်ကို ပြန်ထိုးရတာမှမဟုတ်ဘဲ၊ လာ… လာ စာအုပ်တွေရွေးပြီးရင် ဒိန်ချဉ်သွားသောက်ရမယ်"

"ဟင့်အင်း… ဟင့်အင်း၊ အသုပ်စုံစားချင်တာ"

"ဝမ်းသွားမှာပေါ့"

"သွားပါဘူး"

"ဒါဖြင့်လဲ သဘောဗျာ"

"ကိုကို"

"ဗျာ… "

"ယမင်းကို ဓာမဏီနဲ့ပတ်သက်ပြီး စိတ်မပူဘူးလား"

"ဒါကတော့ ကိုကို ပူတယ်၊ ဒါပေမဲ့ ယမင်းကို ယုံတယ်လေ၊ ကိုကိုကလွဲပြီး ယမင်း ဘယ်သူ့ကိုမှ ချစ်မှာမှမဟုတ်ဘဲ"





"ဖြစ်ရလေ… "

ကိုကိုကတော့ သူ့အချစ်၊ သူ့မေတ္တာ၊ သူ့သစ္စာကို အသေဖက်တွယ်ထားကာ ယုံကြည်နေရှာသည်။ ယမင်းစိတ်ထဲမှာ ကိုကို့ကို လှမ်းပြောမိသည့်စကားတွေကို ကိုကို ကြားလိုက်မည်မထင်ပေ။

ဝမ်းနည်းပါတယ် ကိုကို၊ တောင်းပန်ပါတယ်။

"လာ… ယမင်း၊ စာအုပ်ပုံကြီးထဲ ခေါင်းနှစ်ပြီးရှာမှ ကိုယ်လိုချင်တဲ့ စာအုပ်တွေ တွေ့မှာ"

ကိုကို့ခမျာ သူမှတ်ချင်၊ လိုချင်တောင့်တနေသည့် စာအုပ်တွေကို အားသာငမ်းငမ်း ရှာဖွေနေတော့သည်။ ထိုကိစ္စကို ယမင်း စိတ်လည်းပေါ၊ စိတ်လည်းမရှည်ချင်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

အပြင်မှပြန်လာသည့် ဇာမဏီခေါင်းမှာ ပတ်တီးဖြူဖြူ စည်းထားတာ တွေ့လိုက်ရသဖြင့် ယမင်းမှာ တအံ့တသြ နှုတ်ခမ်းတွေ ပွင့်ဟသွားခဲ့သည်။

"ဟင်... ဘာဖြစ်တာလဲ ဇာမဏီ"

"ခေါင်းနှစ်ချက်ချုပ်လိုက်ရတယ်၊ ဟက်တက်ကို ကွဲသွားတာ"

"ဘုရားရေ... ဘာဖြစ်လို့"

"ဘာဖြစ်ရမလဲ၊ အဂ္ဂနဲ့ သွေးပူလေ့ကျင့်ခန်းလေး လုပ်လာတာ၊ ကျွန်တော်က တစ်ယောက်၊ ဒီကောင်တွေက လေးယောက်၊ သရဲလေးယောက်ဆိုပါတော့"

"အို... ဘာလို့ သွားရန်ဖြစ်ရတာလဲ ဇာမဏီရယ်၊ ကိုယ် မင်းသွားမယ်မှန်းသိရင် တားပါတယ်"





"တားလဲ မရတော့ဘူး မ၊ ကျွန်တော် ဆုံးဖြတ်ပြီးပြီ၊ ပထမတစ်ချက်က မပုံသေရလို့၊ ဒုတိယတစ်ချက်က မ ကို စော်ကားမော်ကား ခြိမ်းခြောက်လို့ ရန်ပွဲဖြစ်သွားရတာ"

"ဒီကောင်တွေ ဆိုင်ကယ်အတုံးအရုံးလဲပြီး ကွဲတဲ့ကောင်ကွဲ၊ ပြဲတဲ့ကောင်ပြဲပေါ့၊ ဒီထဲမှာ ဟိုကောင်အဂ္ဂ အနည်းဆုံး သုံးလေးချက်တော့ချုပ်ရမယ်၊ ထားခဲ့ပြီ"

"အမယ်လေး... လေး... ကြားလိုက်ရတာ ရင်ထိတ်စရာချည်းပါလား၊ ဘုရားသခင်၊ ကိုယ်တော့ ရင်တွေထိတ်လိုက်တာ၊ အဂ္ဂတို့က... အဂ္ဂတို့က လူမိုက်တွေ မင်းကို ငြိုးကြတော့မှာ"

"နားစမ်းပါ၊ ဒီသရဲလေးကောင်အုပ်စုနဲ့ မိုက်တာလောက်ကတော့ ဇာမဏီတို့က ပျင်းတောင်ပျင်းသေးတယ်၊ ခု ဒီပွဲမှာ ကျွန်တော် နှစ်ချက်ချုပ်ရတာ တန်တယ် မ၊ နည်းနည်းတော့ မှတ်သွားကြမှာ"

"မဟုတ်ဘူး... မဟုတ်သေးဘူး ဇာမဏီ၊ အဂ္ဂခံရတာ နှစ်ကြိမ်ရှိသွားပြီ၊ ဟိုနေ့ကပဲ ကိုယ် သူ့ကို ရိုက်ဖြစ်ခဲ့တယ်၊ ဒီနေ့ မင်းက ထပ်လုပ်ခဲ့ပြန်ပြီ၊ အို... သူ... သူ အရှမ်းငြိုးတော့မှာ"

ဇာမဏီက ပခုံးတစ်ချက်တွန့်ပြကာ ခြေပစ်လက်ပစ်ထိုင်ကာ ဗြိဟ်ထုစလောင်းကို လှမ်းဖွင့်သည်။ ပြီးတော့ ဘောလုံးပွဲ ချန်နယ်(လ်)ကို နှိပ်ကာ ဘောလုံးပွဲကြည့်နေတော့သည်။

"ဇာမဏီ"

"ဘာလဲ မ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သတိထားနော်၊ ဒီရန်စက ပြီးမှာမဟုတ်ဘူး၊ ကိုယ် စိတ်ပူတယ်"

"ဘာဖြစ်လို့ ကျွန်တော့်ကို စိတ်ပူရတာလဲ မ"

"ဒါကတော့ မင်းက ပုံပုံရဲ့မောင်လေးကိုး၊ ကိုယ့်မောင်လေး လဲ ဖြစ်နေပြီ၊ ကိုယ် စိတ်ပူတာပေါ့"

"ဟင့်အင်း... ကျွန်တော်ကတော့ မောင်လေးမဖြစ်ချင်ဘူး၊ မောင်ပဲဖြစ်ချင်တာ"

"အိုး... "

ပြောပြီး ဓာမဏီက ယမင်းဆီ ဖြန်းဆို ထလာကာ ယမင်း အားက ဆိုဖာမှာ နီးနီးကပ်ကပ် ဝင်ထိုင်လိုက်ကာ...

"ကျွန်တော် မရဲ့မောင်လေး မလုပ်ဘူး၊ မောင်ပဲလုပ်မယ်နော်"

"ဘယ်ရမှာလဲ"

"ရတာပေါ့"

"အို... ဘယ်လိုရမလဲ၊ ကိုယ့်မှာ ရည်းစားကြီးနဲ့"

"အဲ့ဒီဆရာဝန် ဂန်ကြောက်ကြီးကို မ ခဏ မေ့ထားလိုက်၊ သူက မကို ချစ်တတ်ရုံချစ်ပြီး မကာကွယ်တတ်ဘူး၊ ကျွန်တော်ကမှ ဗလသတ္တိ ရှိစွမ်းအားလုံးနဲ့ ကာကွယ်ရှင်းထုတ်ပစ်မယ့်သူ"

"နောက်တောက်တောက်တွေ ပြောမနေစမ်းပါနဲ့ ဓာမဏီရယ်၊ ကိုယ် စိတ်ရှုပ်ရတဲ့အထဲ"

"ဘာစိတ်ရှုပ်လဲ ပြော... "

"မင်းတို့ကိစ္စပေါ့"





"ကျွန်တော့်ကိစ္စ၊ ဘာလဲ ပြော... "

"မင်းတို့ ထပ်ရန်ဖြစ်မှာစိုးလို့"

"ဒါကတော့ ကတိမပေးနိုင်ဘူးလေ၊ အဂ္ဂက မပုံ့ကိုလဲ မယူ ဘူး၊ သီရိကိုလဲ ယူသေးတယ်၊ သူ့မိန်းမ သူ့ဘာသာသူ ရှူးတာ မနဲ့ ဘာဆိုင်လဲ၊ မ ကို ဘာဖြစ်လို့ လိုက်နှောင့်ယှက်ရတာလဲ"

"သူ သီရိကို တင်တောင်းထားတဲ့ပိုက်ဆံတွေလဲ ကုန်၊ သီရိ ကိုလဲ ဆုံးနဲ့၊ မကို မဲတာပေါ့၊ နေပါစေ၊ မ အဂ္ဂကို ရှောင်နိုင်ပါ တယ်"

"မရဘူး... မရဘူး၊ ဒီနေ့ကစပြီး မ ဘယ်သွားသွား တစ် ယောက်တည်း မသွားရဘူး၊ ကျွန်တော် အမြဲလိုက်မယ်"

"ကိုယ့်အတွက် ကိုကို ပါပါတယ်ကွ"

"မောင်လဲ လိုက်မယ်ဆိုရင်ရော"

"အင်... "

ဓာမဏီက ယမင်းထိုင်နေသည့် ကုလားထိုင်လက်တန်းပေါ် လက်လာတင်ပြီး ပြောတော့ ယမင်းအနေရ အထိုင်ရခက်ကာ မျက် လုံးတွေ ပြူးသွားရတော့သည်။

ဘာကြောင့်လဲကွယ်...

ဒီလူငယ်လေးပြောသမျှ စိတ်ထဲမဆိုးနိုင်၊ လမ်းသရဲလိုလို ဂျစ်ပစီလိုလိုနဲ့ သရုပ်ပျက်ကောင်လေးရဲ့ပုံစံ အပြောအဆို လှုပ်ရှားပုံ တွေကို ယမင်းက ဘာလို့နှစ်သက်သွားရတာလဲ။

ခက်ပဲခက်ရချည်ရဲ့၊ မိန်းကလေးတွေရဲ့စိတ်က အဆော်ဆန်း



www.burmeseclassic.com

www.burmeseclassic.com



ကြယ်သားနော်။

အို ဒါပေမဲ့လည်း အိမ်ထောင်မကျသေးတဲ့ အိမ်ထောင်တစ်ယောက်ဟာ ကိုယ့်စိတ်နဲ့ကိုယ် ဘယ်ယောကျ်ားလေးကိုပဲဖြစ်ဖြစ် ချစ်ခွင့်ရွေးချယ်ခွင့် ရှိတာပဲနော်။

တစ်ယောက်ရှိနေလျက်နဲ့ တခြားတစ်ယောက်ကိုလည်း စိတ်ထဲကနေ မျှော်လင့်နိုင်၊ ချစ်နိုင်တာပဲနော်။ ဒါ အပျိုစင်တစ်ယောက်ရဲ့ လွတ်လပ်ခွင့်ပဲ။ ကိုယ် နှစ်သက်တဲ့ဥယျာဉ်ထဲမှာ ဘယ်လိုအပင်မျိုးကိုမဆို ထပ်စိုက်ခွင့်ရှိတာပဲ။

ခက်ပြီ ကောင်လေးရယ်... ။

*

ညနေဘက် ခြံထဲဆင်းပြီး သစ်ပင်တွေစိုက်ဖို့ အလုပ်မှာ ဖုန်းသံက ကျယ်လောင်စွာ မြည်လာခဲ့သည်။

"ဟဲလို"

တစ်ဖက်မှ ဘာသံမှ ထူးသံမကြားရသေးခင်မှာ ဖုန်းထဲကနေ ဒရမ်ကို ပြင်းထန်စွာ ရိုက်ခတ်လိုက်သံ၊ ကီးဘုတ်သံ၊ ဂစ်တာသံတွေ ဆူညံစွာ ထွက်ပေါ်လာသဖြင့် ယမင်း ရုတ်တရက် အံ့သြကာ ထပ်ပြီး အသံပြုလိုက်မိသည်။

"ဟဲလို... "

"ယမင်းရွှေဝါ ထင်ပါရဲ့၊ ငါ အဂ္ဂပါ"





"ဘာ... နင် ဘာဖြစ်လို့ ဆက်ရတာလဲ"

ထိုအခိုက် သူ့အသံ ခဏတိတ်သွားကာ သီချင်းဆိုသံတွေ ကျယ်လောင်နေသည့် သူ့သူငယ်ချင်းအုပ်စုဘက် လှမ်းပြောသည်။

"ဟေ့ကောင်တွေ တိုးတိုးကွ"

"အိုကေ၊ တိုးပေးမယ်"

"ဟေ့... အားလုံးအပေါင်းအသင်းတို့ရေ... "

ဟေးခနဲ သရုပ်ပျက်သံတွေကို ဖုန်းထဲကနေ ကြားလိုက်ရချိန် ယမင်းလဲ စိတ်တွေနောက်ကျိသွားကာ စိတ်ရှုပ်စွာဖြင့် အဂ္ဂကို အော်ပစ်လိုက်မိသည်။

"ဘာလဲ... ဘာလဲ ... နင် ငါ့ကို ဘာမှဆက်စရာမလိုဘူး၊ နင်တို့အသံတွေလဲ မကြားချင်ဘူး"

"ဟ... ဒေါသကြီးပဲ၊ ကိုယ်တို့က မင်းအသံလေးနဲ့တင် နဲ့ချင်နေပြီ၊ သတိရပါကွာ၊ ဟား... ဟား"

"နင် ငါ့ကို ဘာလို့ လိုက်နှောင့်ယှက်ရတာလဲ အဂ္ဂ၊ နင့်ကို ငါ ကြာလေ မုန်းလေဖြစ်နေပြီ သိရဲ့လား"

"ဟ... ဟ... ငါ့ဘက်ကလဲ တွက်ကြည့်ပါဦး၊ မိန်းကလေး တစ်ယောက်ရဖို့ သုံးနှစ်သုံးမိုး ကုန်းကျုံးရှာလာတဲ့ ငွေတွေ တင်တောင်းတာနဲ့ကို ကုန်ပြီ၊ ပြီးတော့ သိရိုကိုလဲ ငါ ဆုံးလိုက်ရတယ်၊ အဲဒါ နင်လာပို့တဲ့ အရိုးပြာအိုးကိစ္စကြောင့်ပဲ၊ ငါတို့ပွဲကို ဖျက်ခဲ့တာ နင်၊ ဒီတော့ နင်နဲ့တွဲနေတဲ့ ဟို ဆရာဝန်ဂန်ကြောက်နဲ့ပဲဖြစ်ဖြစ်၊ လမ်းသရဲကောင်နဲ့ပဲဖြစ်ဖြစ် မယူရအောင်၊ မယူဖြစ်အောင် ငါ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြမယ်”

အဂ္ဂက စိတ်ဆိုးနေသောအသံကြီးနှင့် ယမင်းကို ဒေါသတကြီး တုံ့ပြန်လာသည်။ ပြဿနာက ထင်သလောက်ထက် ပိုပြီး ကြီးကျယ်တော့မည်ဖြစ်ကြောင်း ယမင်း ကောင်းစွာသဘောပေါက်မိသွားခဲ့ပြီ ဖြစ်သည်။

“နင်က ဘာလုပ်ချင်တာလဲ၊ ပြောစမ်းပါဦး”

“ငါလား၊ နင့်ကို လိုက်မယ်လေ”

“ဘာ… ”

“နင့်လို နတ်သမီးလိုလှတဲ့ ကောင်မလေးကိုမှ ငါမလိုက်ဘဲ လက်ပိုက်ကြည့်နေရင် ငါ သိမ်တုံးတဲ့ အအကြီးဖြစ်သွားမှာပေါ့ ဟား… ဟား… ”

ဘေးက သူ့သူငယ်ချင်းအော၏ ဝိုင်းရယ်သံတွေကပါ ထွက်ပေါ် လာသဖြင့် ယမင်း စိတ်လည်းဆိုး၊ ရှက်လည်းရှက်ဖြင့် ရှက်ရွံ့ထူပူသွားတော့သည်။

“နင်မရှက်ဘူးလား၊ ပုံပုံနဲ့ သမီး ရည်းစားဖြစ်ပြီးမှ ပုံပုံ့ကို အပျော်ကြံခဲ့တဲ့ကောင်မျိုး နင့်လိုကောင် မျိုးကို ငါ ရွံ့တယ်သိလား”

“ငါကတော့ နောက်မဆုတ်ဘူးနော်၊ ဟား… ဟား… နင် ကြိုက်တာသာပြောတော့၊ ဆက်လိုက်မှာဗျ”

“သေလိုက်… သေလိုက်… အရူး၊ လမ်းသရဲ၊ ဂျစ်ပစီ တောလေဘြမ်းပိုး”

“ဟာ… ဟ… ဘွဲ့ထူးတွေကလဲ များလှချည်လား၊ အဂ္ဂ





ကို ပန်းကုံးစွပ်တယ် ထင်ပါရဲ့ကွယ်၊ ကျွတ်… ကျွတ်… ကျွတ်၊ ခင်းလိုနတ်သမီးလေးက ပန်းကုံးစွပ်တော့လဲ ကိုယ်က ခံယူဖို့ အသင့်ပါကွာ၊ ခုတောင် ကိုယ့်ခေါင်းမှာ ပတ်တီးဖြူဖြူနဲ့ပါ”

“တောက်… ”

ယမင်းမှာ ဒေါသထွက်လွန်းသဖြင့် သူ့အသံကို ဆက်မကြားချင်လောက်အောင် မျက်လုံးတွေ ပြာဝေသွားခဲ့ရသည်။

သေချာတာ အဂ္ဂက ယမင်းကို အငြိုးကြီးစွာထားပြီး လက်တုံ့ပြန်တော့မည်ဖြစ်ကြောင်း သူကိုယ်တိုင် ဖွင့်ဟဝန်ခံသွားခဲ့ပြီ။

ရွှံစရာကောင်းလိုက်တာ။

ပုံပုံ့ဘဝ သူ့ကြောင့် ပျက်ရပေမဲ့ ယမင်းရွှေဝါ ည့်မှာတော့ အယ်တော့မှ ဘဝမပျက်စေရ။

အဂ္ဂ ဖုန်းလှမ်းဆက်ပြီး ခြိမ်းခြောက်ခဲ့တာကို ဓာမဏီကို ပြန်မပြောချင်တော့။ ခုဆို ယမင်းမှာ ကိုယ့်ကိုယ်ကိုထက် ဓာမဏီကို ပြီး စိတ်ပူတတ်နေခဲ့ပြီ။ အဂ္ဂအကြောင်း တွေးမိလိုက်တာနှင့် မင်းစိတ်ထဲ ချဉ်တူးနေအောင် ခါးသီးစက်ဆုပ်လှလေသည်။ အဂ္ဂကို ယမင်း အသေအလဲ မုန်းတီးသွားခဲ့ပြီ ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဘုရား... ဘုရား... ယမင်းမှာ အဲ့လိုပြဿနာတွေ
ပြီ ဟုတ်လား၊ ထိတ်လန့်စရာကြီးပါလားကွယ်"

"ဟင်... ကိုကိုက ဘာဖြစ်တာလဲ၊ ယမင်း ခု ကြုံတွေ့နေ
ကို ကိုကို့ကို လာဖွင့်ပြောတာလေ၊ ဒီကိစ္စတွေ ကိုကို့ကို အသိမပေ
ထားရမှာလား"

"မဟုတ်ဘူး... မဟုတ်ဘူး၊ အဲ့လိုပြောတာ မဟုတ်
ယမင်းကို အဂ္ဂ အငြိုးထားတာ ကိုကို တွေးပြီး ကြောက်မိလို

"ကိုကိုကတော့လေ ပြောရုံနဲ့ ကြောက်ပြီ၊ ဘာကြီးမှ
မသိဘူး၊ တော်ပြီ... ပြန်မယ်၊ ယမင်း ဒီကိစ္စတွေ ပြောချင်လွ
ကိုကို့ဆေးခန်းတောင် လိုက်လာခဲ့တာ"

"ဟုတ်ပါတယ်၊ ကိုကို သိတယ်၊ ခုလဲ ကိုကို့ဆေးခန်း
တော့မှာ ခဏလေး ကိုပုရှည်ကို မှာစရာရှိတာ မှာပြီး ကို





ထွက်ကြတာပေါ့၊ ပြီးရင် ယမင်းနဲ့ ထမင်းသွားစားမယ်နော်"

"ယမင်းက အရေးမကြီးပါဘူး ကိုကို၊ ကိုကို ဘာကိုမှ မကြောက်မိဖို့ပဲ အရေးကြီးတာ"

"လာ... လာ... အပြင်ထွက်ကြစို့"

ကိုကိုက ယမင်းလက်ကလေးကို အသာအယာ လှမ်းကိုင်ပြီး ကားဆီ လျှောက်သည်။

ပြီးတော့ ကိုကိုက ဝါးတန်းဟောတယ်ဘက်ရှိ Princess ရေပေါ်စားသောက်ဆိုင်တစ်ခုကို ရွေးချယ်လိုက်သည်။

"ဟင်... ဒီနေရာလေး လှလိုက်တာ ကိုကို"

"ကောင်းတယ်၊ ဒီမှာက ရန်ကုန်မြစ်ရဲ့ ရှုခင်းကို မြင်ရတယ်၊ သဘာဝလေကိုလဲ ရတယ်၊ ပြီးတော့ ယမင်းတို့မိန်းကလေးတွေအတွက် Beauty Salon ခန်းလဲ ရှိတယ်၊ ထမင်းစားသောက်ပြီး သီချင်းဆိုလို့ရမယ့် ကာရာအိုကေ Lounge လဲ ရှိတယ်"

"ကိုကိုက ဒီနေရာလေးကို ဘယ်လိုသိနေတာလဲဟင်"

"အရင်တစ်ပတ်က ကိုကို့သူငယ်ချင်းတစ်ယောက်နဲ့ လာစားဖြစ်သေးတယ်၊ အဲ့ဒီကတည်းက နောက်တစ်ခေါက် ယမင်းနဲ့ လာစားဖို့ စိတ်ကူးရသွားတာ"

"ကိုကိုက ယမင်းကို မမေ့ဘူးပေါ့"

"ဟောဗျာ၊ မေ့စရာလား"

"မသိဘူးလေ၊ ကိုကို့ဘဝမှာ ဖတ်လို့မဝနိုင်၊ မငြီးနိုင်တဲ့ စာတွေရယ်၊ လူနာတွေရယ်ပဲ ရှိနေမယ်ထင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုမျိုး မဟုတ်ပါဘူးကွာ၊ ကိုကို ယမင်းကို အရမ်းချစ်လို့ မကြာခဏ လက်ထပ်ခွင့်တောင်းနေတာပေါ့၊ လက်ထပ်ပြီးတာနဲ့ ကိုကို့နားမှာ အိမ်ရှင်မပဲ လုပ်ရုံပဲ၊ ယမင်း ဘာမှ အလုပ်လုပ်စရာ မလိုဘူး၊ ကိုကိုက စာတွေဖတ်မယ်၊ ယမင်းက အနားမှာထိုင်ပေး၊ ကိုကို ထမင်းစားရင် ယမင်းက အနားမှာစောင့်ပေး၊ ကိုကို ဆေးခန်းထိုင်ရင် ယမင်းက လိုက်လာပေး၊ ပြီးတော့ ကိုကို့အတွက် ကိုကို့နဲ့ ကစားပေးမယ့် သားသားတစ်ယောက် ယမင်းကိုကူမယ့် သမီးတစ်ယောက်မွေးပေး၊ ဒါလေးပဲ"

"မြတ်စွာဘုရားသခင် အဲ့ဒါတွေက ယမင်း မလုပ်ချင်ဆုံး အလုပ်တွေပဲ ကိုကို၊ ပျင်းစရာကောင်းမှာ"

"ဟော့... အဲ့လိုမပြောရဘူးလေ၊ ကိုကိုနဲ့လက်ထပ်ပြီးရင် ယမင်း အဲ့ဒါတွေ မလုပ်ပေးလို့ ဘာတွေလုပ်မလဲ၊ ထမင်းဟင်းချက်ဖို့ကလဲ ဒေါ်ဒေါ်ရှိပြီးသားလေ"

"ကျွစ်..."

ခနဲ စုပ်သတ်လိုက်ပြီး ယမင်းက မှန်ဝိုင်းဝိုင်းကြီးတွေက တစ်ဆင့် လှမ်းမြင်နေရသည့် အပြင်ဘက်က ရန်ကုန်မြစ်ကြီးကို လှမ်းကြည့်နေမိလိုက်သည်။

တကယ်တော့ ကိုကို တောင်းဆိုချက်ကို ယမင်း မလိုက်လျောချင်။ ကိုကို လက်ထပ်ခွင့်တောင်းတာကို ယမင်းက ညင်သာစွာ ခေါင်းယမ်းလိုက်ရုံနှင့် ကိုကိုကလဲ စောဒက ထပ်မတက်တော့ပါ။

အမှန်တကယ် ယမင်းစိတ်ထဲ ဖြစ်နေတာက ကိုကို့ကို





စုံမက်သလို မောင့်ကိုလည်း စွဲလမ်းခဲ့ပြီဖြစ်သည်။

"ယမင်း"

"အင်..."

"ကိုကို့ကို ဘယ်တော့လက်ထပ်မှာလဲ"

"ယမင်း စိတ်ပါလာတဲ့ တစ်နေ့ပေါ့ ကိုကို"

"ကိုကို ယမင်းကို သုံးနှစ်သုံးမိုးစောင့်ပြီး လက်ထပ်ခွင့်တောင်းခဲ့တာ ဒါပါနဲ့ဆို တစ်ရာ့တစ်ကြိမ်မြောက်လောက် ရှိလောက်ပြီ၊ ဒါပေမဲ့ ရတယ်၊ ယမင်း အပျိုစင်ဘဝနဲ့ နေချင်သေးရင်နေပါ၊ ကိုကို စောင့်ပါ့မယ်"

ကိုကိုက ယမင်း၏ စိတ်ခံစားချက်ကို ရိပ်မိပုံမရဘဲ သက်သောင့်သက်သာပင် မှာမည့်ဟင်းလျာတွေကို နာမည်ဖတ်နေလေသည်။

"ယမင်း ကျောက်ပုစွန်နဲ့ ကျောက်ငါးကင် လုပ်ခိုင်းလိုက်မယ်၊ ကြိုက်တယ်မဟုတ်လား"

"ရတယ်၊ ယမင်းက အစားအသောက်တွေ သိပ်စိတ်ဝင်စားတာမှမဟုတ်တာ၊ ကိုကို ကြိုက်တာမှာပါ"

"အိုကေ..."

မှာထားသည့် ဟင်းလျာတွေ ရောက်လာပြီး ကိုကိုနှင့်အတူ သက်ဆုံစားကြတော့လည်း အာမဏ်ကို ဖျတ်ခနဲ စိတ်က ရောက်သွားသည်။

တကယ်ဆို ကိုကို့ခမျာ အရမ်းရိုးသားလွန်းပါသည်။ ယမင်း၏ စိတ်ခံစားမှုတွေကိုလည်း ရိပ်မိပုံမရပေ။



www.burmeseclassic.com

www.burmeseclassic.com



"ယမင်း ထည့်စားလေ"

"ဟုတ်ကဲ့"

"ငါး အသားလွှာဟင်းချို ကောင်းတယ်၊ ပွစိပ်ကလေး သောက်ဦး"

ကလေးတစ်ယောက်ကို ထမင်းကျွေးသလိုပုံစံမျိုးနှင့် ကိုကိုက လက်တယမ်းယမ်းနှင့် အတင်းလိုက်ထည့်ပေးပြန်သည်။ တကယ်ပင် ကိုကို ယမင်းအပေါ် ထားသည့်အချစ် လေးနက်မှု ကတိသစ္စာကို ယမင်း ယုံကြည်လေသည်။

ယမင်းဖြစ်နေတာက ယမင်းစိတ်ကို ယမင်း မယုံကြည်ခြင်းပင်။

"ကိုကို"

"ဗျာ... "

"ကိုကိုနဲ့ ယမင်း လက်မထပ်သေးဘဲ ဒီလိုပဲ ချစ်သူအဖြစ်နဲ့ အကြာကြီး နေသွားကြရင် မကောင်းဘူးလား"

ထိုအခါ ဟင်းချိုရည် ခပ်သောက်နေသည့် ကိုကို ရှိုးခနဲ တစ်ချက်သီးသွားပုံရကာ...

"အာ... ဘယ်ကောင်းမလဲ၊ အဲ့ဒါမျိုးကြီးတော့ မကောင်းဘူးလေ၊ ကိုကို အဘိုးကြီးဖြစ်မှ ကလေးတွေရနေရင်လဲ လှမြင်မကောင်းဘူး၊ လျှောက်တွေးမနေနဲ့ အမိ၊ ဆေးရုံမှာ ဆရာဝန်မချောချောလေးတစ်ယောက် ကိုကို့ကို သဘောကျနေတာဗျ၊ အဟား... "

"အဲမယ် ရုပ်ကြီးက ဘာဖြစ်ရတာလဲ"

"တကယ်၊ အဲ့ဒီကောင်မလေး သဘောကျနေတာတောင်





...ယ်က လှည့်ကြည့်တာမဟုတ်ဘူး"

ယမင်းရင်ထဲ ဖျုန်းခနဲ သဝန်တိုသွားရကာ အသံတွေကလည်း ...ဆတ်ဆတ်ကြီး ဖြစ်သွားရသည်။

"နေပါဦး၊ အဲ့ဒီကောင်မလေး ကိုကို့ကို သဘောကျနေမှန်း ...ကိုက ဘယ်လိုသိရတာလဲ"

"အင်း... ဒါလား"

ကိုကိုက ဆီပေနေသည့် နှုတ်ခမ်းကို တစ်သျှူးတစ်စဆွဲကာ ...တ်ပစ်လိုက်ပြီးလျှင် ရယ်ကျဲကျဲမျက်နှာဖြင့်...

"သူက ကိုကိုကြိုက်တာတွေအားလုံး ကြိုကြိုလုပ်လာတယ် ...၊ ဥပမာ ခေါ်ခေါ်ထည့်ပေးတဲ့ ထမင်းဘူးထဲမှာ ကိုကိုစားချင်တဲ့ ...းတစ်မျိုးမျိုး လာထည့်သွားတတ်တယ်၊ နေ့ခင်းနေ့လယ် ကိုကို့ ...အွက် လက်ဖက်ရည်တစ်ခွက် ပို့မှာတယ်၊ တစ်ခါတစ်ခါ ကိုကို ...ကြိုက်တဲ့ ရှောက်သီးသုပ်လဲ လာထားသွားတတ်တယ်"

"အတော့်ကို ဟုတ်ပါလား၊ စိတ်ဝင်စားလာပြီ ပြောပါဦး"

"တကယ်တော့လဲကွာ ကိုကိုတို့ ဆေးရုံကြီးမှာထိုင်ရတာ ...တူတူလုပ်ကိုင်ရတော့ အားလုံးက မောင်နှမစိတ်နဲ့ပါ၊ ငြင်းပြန်ရင် ...အားနာရ၊ မငြင်းပြန်ရင်လဲ ပိုင်းစခံရနဲ့ ပျော်တော့ ပျော်စရာကြီး"

"ပြန်မယ်"

"ဟာ... ဘာဖြစ်သွားတာလဲ"

"ကိုယ့်ရည်းစားတစ်ယောက်လုံးရှေ့မှာ တခြားမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အကြောင်း ကိုကိုပဲ မြိန်ရည်ရှက်ရည် ပြောနိုင်လွန်း
တယ်၊ ယမင်းတော့ ပြန်တော့မယ်"

"မဟုတ်ဘူးလေ..."

"ဟုတ်ပါတယ်၊ ယမင်းဆို ကိုကို့အပေါ် တစ်ခါမှ အဲ့လိုမျိုးမှ
မလုပ်ပေးဖူးခဲ့တာ၊ ဘယ်တော့မှလဲ အဲ့လိုမလုပ်ပေးနိုင်ဘူး ကိုကို
ဒါပဲ"

"ဟာ... ခက်တာပဲ၊ ပြန်လာခဲ့၊ ထိုင်..."

"မထိုင်ဘူး"

"ထိုင်... ဟိုမှာ တခြားဝိုင်းက ကြည့်ကုန်ပြီ"

"ကြည့်... ကြည့်"

"ယမင်းရာ လာ ထိုင်ပါဦး၊ နောက် ယမင်းမကြိုက်ရင်
ကိုကိုလဲ မပြောတော့ဘူးကွာ၊ နောက် အဲ့ဒီကောင်မလေး ဘာကျွေး
ကျွေး ကိုကိုလဲ မစားတော့ဘူး၊ ဟုတ်လား"

ချွေးတွေပြန်လာသည်ထိ အထိတ်တလန့် တောင်းပန်နေရှာ
သည့် ကိုကို့ကိုကြည့်ပြီး ယမင်း သဝန်တို စိတ်တွေလျော့သွားကာ
သ်ပဲရယ်ချင်နေတော့သည်။

တကယ်တော့ ယမင်းစိတ်ထဲ အဲ့ဒီလောက် ပြင်းပြင်းထန်ထန်
ဦး မဖြစ်ခဲ့။ ကိုကို ချော့ကာမှ ပိုတင်းချင်လာခြင်းပင်။

"ယမင်း..."

"ယမင်းလေး"

"ကြည့်ပါ၊ ကိုကို့ကို ကြည့်ပါ၊ အဲ့လိုကြီး မျက်နှာစူပုပ်မထား





နဲ့နော်၊ ကိုကို ချီတုံချတုန်ကြီး ဖြစ်လို့ပါ"

"သေလိုက်..."

"ဟာ... ဘယ့်နှယ် သေရဦးမှာလဲ၊ ယမင်းကို ယူဦးမယ်
လေ၊ သားတစ်ယောက်၊ သမီးတစ်ယောက် မွေးဦးမယ်"

"ဟင်း... ဟင်း"

"ဟော... ရယ်ပြီ... ရယ်ပြီ၊ အမယ်လေးဗျာ၊ တော်ပါ
သေးရဲ့"

"သွားပါ"

"မသွားဘူး၊ လာ... ကာရာအိုကေခန်းထဲ ဝင်ကြရအောင်၊
ကိုကို အခန်းငှားလိုက်မယ်၊ ယမင်းလဲဆို၊ ကိုကိုလဲ ဆိုမယ်"

"အင်း... ဒါတော့ ကောင်းသားပဲ"

"တကယ်ပါကွာ၊ တစ်နေ့လုံး ဆေးရုံရော ဆေးခန်းရော
ချာချာလည်နေတာ၊ ယမင်းနဲ့သာ ခုလိုအတူတူထိုင်ပြီး သီချင်းဆိုရ
မယ်ဆိုရင် တစ်ညလုံးပဲ ဆိုရ၊ ဆိုရ ကိုကို ဆိုနိုင်တယ်"

"ယမင်းကတော့ မိမိဝင်းဖေသီချင်းတွေပဲ ရွေးမယ်"

"ကိုကိုက ခင်မောင်တိုး"

"အိုကေ..."

"အိုကေ..."

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ထိုညက ကိုကိုနှင့် ကာရာအိုကေဆိုတာ တော်တော်လေး ညဥ့်နက်သွားခဲ့သည်။ အပြန်ကျတော့ ကိုကို့ကို ခြံထိပ်မှာပဲ ကားရပ်ခိုင်းခဲ့ကာ ယမင်း ခြံတံခါးလေးကို တွန်းဖွင့်လိုက်ချိန်မှာ မိုးက အချိန်အခါမဟုတ် သဲသဲမဲမဲကြီး ရွာချလိုက်လေသည်။

"ဟင်... မိုးရွာပြီ"

ယမင်းမှာ ခေါင်းပေါ် လက်ဖဝါးလေးအုပ်ကာ ခြံထဲပြေးဝင်ဖို့အပြင်မှာ ယမင်းအရှေ့မှာ ထီးအကြီးကြီးတစ်ချောင်းနှင့် မားမား လာရပ်သည့် ဓာမဏိကို တွေ့လိုက်ရသည်။

"ဟင်... ဓာမဏိ"

"လာ... ထီးထဲဝင်၊ မိုးရွာနေပြီ"

"မင်း ဘာလာလုပ်တာလဲ"

"ပြန်လာတာ တွေ့တယ်၊ မိုးရွာလိုက်တာ သိတာနဲ့ ထီးနဲ့





လာကြိုပေးတာ"

"အို... ကိုယ့်... ကိုယ် နောက်ကျသွားတယ်"

"ရပါတယ်၊ ကျွန်တော် သိနေတာပဲ"

ဓာမဏိမျက်နှာက တည်နေကာ မလိုတမာအသံမျိုးဖြင့် မာဆတ်ဆတ်ကြီး ဖြစ်နေသည်။

ယမင်းမှာ ထီးအောက်ထဲ ပြေးဝင်လိုက်ရင်းမှ ကိုယ့်ကိုယ်ကို ရှက်သလို ခံစားလိုက်ရသည်။

"ဟုတ်တယ်၊ ကိုယ် နောက်ကျသွားတာ မင်း စိတ်ပူနေလား"

"အပြင်မထွက်ခင်က မ ဘာပြောခဲ့လဲ"

"ကိုယ်လား... "

"အင်းပေါ့လေ၊ မ က ဘယ်သတိရပါ့မလဲ"

"မဟုတ်ပါဘူး၊ ကိုယ် မေ့သွားတာ၊ ဟုတ်ပြီ၊ ကိုယ်ပြန်လာရင် မင်းနဲ့အတူ ထမင်းစားမယ်လို့ ပြောခဲ့တယ်"

"ကျွန်တော် စောင့်ပါတယ်၊ ခုချိန်ထိပဲဆိုပါတော့"

"ဖြစ်ရလေကွယ်၊ လာ... ကိုယ်တို့ အထဲကို မြန်မြန်လျှောက်ရအောင်"

"မိုးရေထဲမှာပဲ ခုလိုနေချင်တယ်"

"မင်း ဖျားမှာပေါ့"

"ကျွန်တော်ဖျားမှ မမြူစုမှာ၊ ကျွန်တော့်နားကပ်မှာ ရှိမို့ဆိုတိုလူ့ဆီပဲ သွားသွားနေမှာ"

"မိုးက ပိုသဲလာပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာမှမဟုတ်ဘဲ"

"ဟော့... ကိုယ်တို့နှစ်ယောက်စလုံး အရမ်းပက်နေပြီ"

"ကျွန်တော်နဲ့အတူ မိုးမစိုရဲဘူးလား"

"ပြီးရောကွာ"

ယမင်းတို့နှစ်ယောက် အဓိပ္ပာယ်မဲ့စွာ ထီးတစ်ချောင်းအောက်ထဲ နှစ်ယောက်အတူ စုံရပ်နေမိကြသည်။

နှစ်ယောက်စလုံး၏အကြည့်တွေက ရင်ခုန်သံတွေက ပြိုင်တူလိုလို ရှိပါလိမ့်မည်။ အဲ့ဩစရာကောင်းတာက ထိုနေရာမှ တစ်ဖဝါးမှမခွာမိကြ။

"မ... "

"အင်... "

"ချမ်းလာပြီလား"

"ဟင့်အင်း"

"ကျွန်တော် မကို တော်တော်စိတ်ဆိုးနေတာဗျာ၊ သိသိကြီးနဲ့ ထားခဲ့တယ်"

"ဘုရားရေ၊ အဲ့လိုမဟုတ်ပါဘူးကွယ်၊ ကိုယ် အလုပ်ကအပြန်သူနဲ့သွားတွေ့ရင်း ကြာသွားတာပါ"

"မတို့နှစ်ယောက်က သိပ်ချစ်ကြလား"

"သူက ပိုများတယ်"

"မကရော... "

"နည်းနည်းပါးပါးပါ"





"ဒါဖြင့် ပါးပါးလေးလား"

"အဲ့လိုလဲ မဟုတ်ဘူး"

"ဘယ်တော့ယူမှာလဲ"

"ကိုယ် လွတ်လွတ်လပ်လပ် နေချင်သေးတာလေ"

"ကျွန်တော် တစ်ခုပြောထားမယ်၊ ကျွန်တော့်ကို မ လူကြီးနဲ့ ဘယ်တော့မှ မိတ်ဆက်မပေးမိပါစေနဲ့နော်"

"ဘာဖြစ်လို့"

"မခံနိုင်လို့ပါ"

"ဇာမဏီရယ်၊ ကိုယ်တို့က မဖြစ်နိုင်ကြပါဘူးကွယ်၊ ကိုယ်က ဒီမှာ အိမ်စောင့်သဘောမျိုးပါ၊ မင်းမိဘတွေလာတာနဲ့ ကိုယ်ပြန်တော့မှာ၊ ကိုယ် အဆောင်တစ်ခုမှာ နေမယ်၊ ပြီးတော့ ကိုယ့်အလုပ်တွေ ကိုယ် ဆက်လုပ်မယ်"

"ရမလားဗျ"

"ဘာဖြစ်လို့ မရရမှာလဲ"

"ကျွန်တော်တို့အိမ်မှာ မ တစ်သက်လုံးနေရမယ်၊ ကျွန်တော်ရွာကျွေးမှာပေ့ါ၊ ကျွန်တော် ဘွဲ့တစ်ခုရထားတဲ့ကောင်ပါဗျ၊ ရှာကျွေးနိုင်ပါတယ်၊ အထင်မသေးပါနဲ့"

"ကိုယ့်မှာ... " /

"ကျွန်တော် ဂရုမစိုက်ဘူးဗျာ"

"ကျွန်တော် မကို ချစ်တယ်"

"ကျွန်တော် ခု မိုးရေကြီးထဲမှာ လက်ထပ်ခွင့်တောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



မ၊ ကျွန်တော့်အတွက်လဲ စဉ်းစားပေးပါ၊ ကျွန်တော် ခုပြောနေတဲ့ စကားကတော့ ဒီရွာနေတဲ့ မိုးရေတို့ကို သက်သေပြုပြီး မိုးနဲ့ငြိ သစ္စာပြုပြီး ပြောတာ"

"မ ကျွန်တော့်ကို စဉ်းစားပေးပါ"

ဇာမဏီ့စကားတွေကြောင့် ယမင်းမှာ ရင်ခုန်နှုန်းတွေ တဒိတ် ဒိတ် တိုးခုန်လာသည်ထိ ရင်တစ်ခုလုံး လှုပ်ရှားသွားသည်။

တကယ်ဆို ဒီလိုမှမဖြစ်သင့်တာ...

"ဇာမဏီ"

"မ..."

"အိမ်ထဲဝင်ကြစို့၊ မိုးကလဲမတိတ်ဘူး၊ မင်းခေါင်းမှာ ပတ်တီးကြီးနဲ့၊ ဝင်ကြစို့နော်"

"ကောင်းပြီ"

"အဟူး..."

ခုနဲ ဇာမဏီက ထီးကို လေထဲမြောက်လွှတ်ပစ်လိုက်ကာ မြှုန်းဆို ယမင်းကို ကောက်ချီလေသည်။

"အို... ဘာလုပ်တာလဲ"

"ဟေး..."

"ဟား... ဟား... ဟား"

တကယ့် ကလေးတစ်ယောက်ကို ချော့လပတ်နေအောင် ဖ လှည့်သလိုမျိုး ယမင်းကို တစ်ပတ်လှည့်ကာ ဇာမဏီက အော်ဟစ် ရယ်နေသည်။





"ဟော့... မလုပ်နဲ့၊ ကိုယ့်ကိုပြန်ချ၊ ကိုယ့်ကို ပြန်ချပေးပါ"

"ပျော်စရာကြီးကွ၊ ဟေး..."

"ဇာမဏီ လုပ်ပါ၊ ချပါတော့၊ ကိုယ် မူးလာပြီ"

"မူးရင်မဆင်းနဲ့၊ ဒီအတိုင်း ငြိမ်ငြိမ်လေးသာ နေတော့၊ ကျွန်တော် ပွေ့ချီသွားတော့မယ်"

"အို..."

"လာပြီကွ၊ ဟေး... ဟား... ဟား... ဟား"

မိုးရေကြီးထဲ ယမင်းကိုယ်လေးကို ကောက်ပွေ့ချီကာ ဇာမဏီက အိမ်ထဲပြေးဝင်သည်။

ဇာမဏီ့ အဖြူအမူကြောင့် ယမင်းရင်ထဲ ပျော်လည်းပျော် ရင်လည်းခုန်ဖြင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်နှင့် ထူပူရှက်ရွံ့ နေခဲ့သည်။

"သိပ်ဆိုးတာပဲကွာ"

"မ မိုးရေထဲ ပြေးနေရမှာစိုးလို့ပါဗျာ"

"ကဲ... အဝတ်တွေလဲ"

"ဟုတ်ကဲ့"

ကိုယ့်အခန်းအသီးသီး ပြန်လျှောက်ဖို့ ခြေထောက်က ရေစက်တွေကို ခြေနင်းခုံလေးဖြင့် သုတ်လိုက်ချိန်မှာ...

"ယမင်းရေ ဖုန်း..."

ဆိုပြီး ထမင်းချက် အဒေါ်ကြီးက အိမ်တွင်းပြောသည့် ကော့(ဒ်) လက်(စ်)လေးကို လှမ်းပေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို… "

"ယမင်း ကိုကိုပါ"

"အင်… ပြော"

"ယမင်း မိုးမိသေးလား၊ ကိုကို့ကား ထွက်သွားတုန်း မိုးဝုန်းခနဲ ရွာလိုက်တာနဲ့ စိတ်ပူသွားတာ၊ ဘာဖြစ်လဲ"

"ဟင့်အင်း၊ ယမင်း ဘာမှမဖြစ်ပါဘူး"

"အိမ်က ကော်ဖီပူပူတစ်ခွက်နဲ့ ဆေးသောက်ပြီးတော့ အိပ်လိုက်နော်"

"ဟုတ်ကဲ့ ကိုကို"

"ဘိုင့်… ဘိုင်"

"ဘိုင်… "

"ဘယ်သူလဲ မ… "

"သူပါ"

ဓာမဏီက နှုတ်ခမ်းတစ်ဖက်မဲ့ကာ ပခုံးတချက်တွန့်ပြပြီး သူ့အခန်းထဲ ဝင်သွားသည်။ အခန်းတံခါးကိုတော့ ဆောင့်ပိတ်လိုက်သံက နည်းနည်းပြင်းထန်သွားသည်။

ယမင်းမှာ မသိမသာ သက်ပြင်းကိုချရင်း လက်ထဲက ကော့(ဒ်)လက်(စ်)ဖုန်းလေးကို ဖုန်းအိမ်မှာ ပြန်ချိတ်ဖို့အလုပ်မှာ တီခနဲ ဖုန်းက ဆက်ဝင်လာပြန်သည်။

"ဟဲလို"

"ယမင်းရွှေဝါ ဘယ်လိုလဲဗျ၊ မိုးရေထဲ ဆော့နေပါလား"





"ဘာ… "

"ဆောရီးပဲ၊ ငါ နင်တို့ကို မှန်ပြောင်းနဲ့ ကြည့်မိသွားတာ၊ ြင်ကွင်းကတော့ ရုပ်ရှင်ထဲက အချစ်လှလှသန့်သန့် ရိုက်ခန်းပဲ၊ င် တော်တော်လှတယ်ဟ"

"အဂ္ဂ နင် ဘာလာကြောင်တာလဲ၊ ငါ နင့်အသံ မကြားချင် ူး"

"မကြားချင်လဲ မရဘူး၊ မမြင်ချင်လဲ မရဘူး၊ ငါကတော့ ြူးစားမှာပဲ၊ ခု နင် မယုံရင် ထွက်ကြည့်လိုက်၊ နင်တို့ ဟိုဘက် ိက်က အသစ်ပြောင်းလာတဲ့ ခြံရှင်တွေက ငါ့အဒေါ်ခြံပဲ၊ အဲ့ဒီကို ရောက်နေတာ"

"ဘာရယ်… "

"မယုံရင် ကြည့်လိုက်၊ ငါ မှန်ပြောင်းတစ်လက်ကိုင်ပြီး း‌ပြောနေတာ၊ နင် ကောင်းကောင်းတွေ့သွားလိမ့်မယ်"

"တောက်… "

ယမင်းက အဂ္ဂပြောသည့် နေရာဘက်သို့ အပြေးကြည့်မိကြည့် အဂ္ဂကို မှန်ပြောင်းတစ်လက်နှင့် ဖုန်းပြောလျှက်သား တွေ့လိုက် သည်။

"တောက်… မကောင်းဆိုးဝါး"

ခန်းဆီးလိုက်ကာစကို လုံနေအောင် ပြန်ဆောင့်ဆွဲပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

မုန်းလိုက်တာ...

ရွံလိုက်တာ...

စက်ဆုပ်လိုက်တာ...

ဟု ယမင်းရင်ထဲ ဖျင်းဖျင်းမြည်နေလေသည်။

* * *



# အလယ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ဥယျာဉ်ထဲမှာ တစ်ပင်တည်းသာ
သုံးနှစ်သုံးမိုး ရှိနေခဲ့သော သစ်ပင်တစ်ပင်အပြင်
အခြားပန်းပင်တစ်ပင်ကို ကျွန်မ
ထပ်၍ စိုက်ပျိုးခဲ့မိပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်တိုင် နှစ်သက်မြတ်နိုးခဲ့သော
ယောကျ်ားတစ်ယောက်ကို သုံးနှစ်သုံးမိုးတိုင်အောင်
ချစ်လာစုံမက်လာခဲ့ပြီးမှ...
လက်မထပ်ချင်သေးတာ ဘာကြောင့်လဲဆိုတာ... ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

အဂ္ဂ တစ်ဖက်ခြံထဲက အဒေါ်အိမ်ကပင် မပြန်တော့ဘဲ နေ့စဉ် ယမင်းကို ချောင်းမြောင်းစောင့်ကြည့်ခဲ့တာကို ယမင်း သတိမထားမိခဲ့ပါ။ တစ်ဖက်ခြံက လူသစ်တွေဆိုတာ အဂ္ဂရဲ့အဒေါ်တွေဖြစ်မှန်း ယမင်းက ထိုကိစ္စကို ဓာမဏီအား လုံးဝပြန်မပြောခဲ့ပါ။

ဓာမဏီသာ အဂ္ဂ အနီးကပ် အဒေါ်ခြံကနေ ယမင်းကို နှောင့်ယှက်နေမှန်းသိလျှင် သူတို့နှစ်ယောက်၏ရန်ပွဲက ပိုပြီး ကြီးထွားသွားနိုင်လိမ့်မည်ဆိုတာ သေချာလေသည်။

ခုရက်ပိုင်းတွေမှာ ယမင်း အပြင်သိပ်မထွက်ဖြစ်ဘဲ ခြံထဲက အပင်တွေနှင့်သာ အချိန်ကုန်နေခဲ့သည်။

ထူးဆန်းဖို့ကောင်းတာက ကိုကို့အချစ်ကို လက်ခံခဲ့မိသည့်နေ့က ကိုကို့ကို အဖြေပေးခဲ့သည့်နေ့လေး၏ အထိမ်းအမှတ်အဖြစ် စွယ်တော်ပင်လေးကို စိုက်ပျိုးခဲ့သည်။ ဒီနေ့လည်း ထိုစွယ်တော်ပင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်ကို နောက်ထပ် စိုက်ပျိုးခဲ့မိခြင်းပင်။

ယမင်း၏ သီးသန့်ဥယျာဉ်လေးထဲမှာ သုံးနှစ်သုံးမိုး ရှိနေခဲ့သော သစ်ပင်တစ်ပင်အပြင် အခြားပန်းပင်တစ်ပင်ကိုပါ ယမင်းက ကျေကျေနပ်နပ်ကြီး ထပ်မံစိုက်ပျိုးခဲ့မိခြင်းပင်။

တကယ်တော့ ယမင်းကိုယ်တိုင် နှစ်သက်မြတ်နိုးခဲ့သော ယောကျ်ားတစ်ယောက်ကို သုံးနှစ်သုံးမိုးတိုင်အောင် ချစ်လာ စုံမက်လာခဲ့ပြီးမှ လက်မထပ်ချင်သေးတာ ဘာကြောင့်လဲဆိုတာကို ယမင်းကောင်းစွာခံစားနားလည်လိုက်မိသည့် အချိန်မှာ ယမင်းက ဇာမဏီကို ချစ်မိနေခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့်လည်း နောက်ထပ် စွယ်တော်ပင်တစ်ပင်ကို ယမင်းက စိုက်ပျိုးမိခဲ့ခြင်းပင်။

မောင်… မင်းကို ကိုယ် ချစ်ပါတယ်။

ယမင်းက အပင်လေးနား တီးတိုးတပ်ကာ တစ်ယောက်တည်း ပြောကာ ပြီးလိုက်ချိန်မှာ…

"ဟော့… "

"ဟင်… "

ယမင်းမှာ ဖြူန်းခနဲ အဂ္ဂကို တွေ့လိုက်ရသဖြင့် သရဲတစ္ဆေတစ်ကောင်ကို တွေ့လိုက်ရသလို ထိတ်လန့်သွားကာ နောက်သို့ ခြေတစ်ဖက်ယိုင်သွားဆဲ… ။

"သိပ်လန့်သွားလား၊ ငါ ခြံစည်းရိုးက ကျော်ဝင်လာတာ၊ ဟား… ဟား… ဟား"





"ဘာလုပ်တာလဲ အဂ္ဂ၊ နင် ခိုးကြောင်ခိုးဝှက် ဝင်လာကာ သူခိုးပဲ၊ နင့်ကို ငါ ရဲတိုင်မယ်"

"တိုင်လိုက်လေ၊ ရဲကိုတိုင်လို့ အားမရရင် သိကြားမင်းနဲ့ တိုင်ပေါ့၊ ဟုတ်လား"

"တောက်… အရိုင်းအစိုင်းသတ္တဝါ၊ နင် ဘာလာလုပ်တာလဲ၊ နင် ငါ့ဆီလာစရာအကြောင်း ဘာမှမရှိဘူး၊ ထွက်သွားစမ်း…"

"ဘာလို့ထွက်သွားရမှာလဲ၊ ငါ ဝင်ချင်လို့ဝင်လာတာ၊ ပြီးတော့ နင့်မျက်နှာလေးကို၊ ပြီးတော့ နင့်တစ်ကိုယ်လုံးကို အနီးကပ်ကြည့်ချင်တာနဲ့ ဟော့ဒီလိုခုန်ပြီး ကျော်လွှားတာခင်ဗျ"

"လမ်းသရဲ၊ နင် အရှူးထမနေစမ်းနဲ့၊ ငါနဲ့ နင့်ကြားမှာ အငြိုးနဲ့အမုန်းပဲရှိတယ်၊ ငါ့သူငယ်ချင်းကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်တဲ့နင့်ကို မကျေဘူး၊ ငါ မုန်းပြမယ်၊ မှတ်ထား"

"အေး… ငါကလဲ သိရိကိုယ်စား နင့်ကို ပြန်ယူပြဖို့ ဆုံးဖြတ်ပြီးပြီ၊ ဘယ်တော့မှ နောက်မဆုတ်ဘူးမှတ်"

"ဘာ… "

"ဒီမှာ နင် တဆိတ်လောက် စဉ်းစားကြည့်စမ်းပါ၊ ငါ သိပ်အနိုးထားခဲ့တဲ့ ငါ တန်ဖိုးကြီးစွာနဲ့ ဝယ်ခဲ့ရတဲ့ မိန်းမတစ်ယောက်က ငါ့လက်ထဲရောက်မှ ရှုံးနိမ့်သွားရတဲ့အဖြစ်ကို နင် တဆိတ်လောက် ကိုယ်ချင်းစာစိတ်နဲ့ တွေးကြည့်ပေးစမ်းပါ၊ သိရိက နင့်ကြောင့် ရှုံးတာ၊ သိပ်ရင်နာဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ အဲ့ဒါတွေဟာ ပုံပုံ့ဆန္ဒ၊ ပုံပုံ့ရဲ့ နောက်ဆုံးဆန္ဒပဲ၊ ငါ ပုံ့ပုံ့အတွက် နင့်ဆီလာခဲ့တာ၊ ငါ့ကို လာပြီး အပြစ်ပုံမချနဲ့"

"အပြစ်ပုံချတာပေါ့၊ အင္ဂဆိုတဲ့ကောင်က ပုရွက်ဆိတ်မှ မဟုတ်ဘဲ၊ မြွေဟ၊ မြွေ... မြွေတောင်မှ အဆိပ်အရှိဆုံး မြွေတစ်ကောင်ပဲ၊ ငါ့အဆိပ် ဘယ်လောက်ပြင်းတယ်ဆိုတာ အကိုက်ခံခဲ့ရတဲ့သူမှ သိတာ"

"လာပ်မနေနဲ့"

"အေး... နင် စောင့်ကြည့်လိုက်၊ နင် ခု ယောကျ်ားနှစ်ယောက်နဲ့ တစ်ပြိုင်နက်တည်းတွဲတယ်၊ ဒီနှစ်ယောက်စလုံးကို နင် ဘာနဲ့ထိန်းထားလဲ၊ ငါ့ကိုလဲ ထိန်းစမ်းပါ၊ အထိန်းခံချင်လွန်းလို့ပါ"

"ဟင်... အင္ဂ... နင်... နင်"

ယမင်းမှာ စိတ်ကိုမထိန်းနိုင်တော့ဘဲ လက်လှမ်းမီရာ အပင်တစ်ပင်ဆီမှ မြေကြီးတွေ၊ သဲတွေ၊ နောက်ချေးတွေကို လှမ်းယူပြီး အင္ဂမျက်နှာတည့်တည့်ကို ပက်ပစ်လိုက်တော့သည်။

"ကဲ..."

"အား..."

ရုတ်တရက်မို့ ဇက်ပ်မှတ်မထားဘဲ အင္ဂက အငိုက်မိသွားသည်မို့ မျက်နှာကို လက်နှင့်ဖိအုပ်ကာ ကွယ်ကာ ဖရိုဖရဲဖြစ်ပြီး ကျယ်လောင်စွာ ရူးရူးဝါးဝါး ထအော်လေသည်။

"ဟာ... သဲတွေ... သဲတွေ... ငါ့မျက်လုံးထဲ ဝင်ကုန်ပြီ"

"ကောင်းတယ်၊ ကောင်းတယ်"





အင္ဂမှာ အော်ဟစ်ပြီး ကမူးရှူးထိုး ထွက်ပြေးသွားတော့သည်။ ပြီးရော အဲ့ဒါမှ နောက်မလာတော့မှာ။

ယမင်းမှာ အင္ဂဖြစ်သွားတာကိုကြည့်ပြီး ကျေကျေနပ်နပ် အော်ရယ်လိုက်မိသည်။

တကယ်တော့ အင္ဂ ဘယ်လောက်ထိ ငြိုးမလဲဆိုတာ ယမင်း တွက်ဆမထားမိခဲ့ခြင်းပင်။

* * *

www.burmeseclassic.com



## အခန်း (၂)

နောက်တစ်နေ့မှာတော့ ယမင်းက ကိုကို ဂျူတီကျနေသည့် ဆေးရုံကြီးသို့ လိုက်သွားစဉ်မှာ ဆရာဝန်များ နားနေခန်းမှာ ကိုကို့ကို တွေ့လိုက်ရသည်။

ကိုကိုက ထမင်းစားဖို့ သူ့ သုံးဆင့်ချိုင့်လေးကို ဖွင့်နေချိန် ယမင်း ကိုကို့ကို တစ်ချက်ပြုံးကာ…

"ကိုကို ယမင်းလဲ စားမယ်"

"ဟာ… ယမင်း လာလေ၊ ကိုကိုတောင် ထမင်းစားတော့ မလို့"

"ကိုကိုဂျူတီပြီးမယ့်အချိန် ယမင်း မှန်းပြီး ထွက်လာတာ ကိုကိုရ"

"ကောင်းတာပေါ့၊ ထမင်းစားရင်းနဲ့ စကားပြောကြမယ်လေ"

ကိုကိုက ယမင်းပြောမည့်စကား ဘယ်လောက်ထိ အရေးကြီး





လဲ မသိချင်သေးဘဲ ထမင်းချိုင့်တွေကိုသာ စားပွဲပေါ် အဆင့်ဆင့် တင်နေပြီးလျှင်…

"ကဲ… စားကြစို့"

ဟု ထမင်းစားအရင်ခေါ်သည်။ တကယ်တော့ ယမင်းမှာ ကိုကိုနှင့် ထမင်းလက်ဆုံစားချင်၍ မဟုတ်ပါ။ ယမင်း လဘ်တလော ကြုံတွေ့နေရသည့် ကိစ္စတွေကို ကိုကို့ထံ ယမင်း ရင်ဖွင့်ပြောချင်နေခဲ့တာပဲဖြစ်သည်။ ဇာမဏီကိုတော့ အဂ္ဂအကြောင်း သိပ်မပြောချင်။ အဂ္ဂ ခြံထဲထိ ခိုးကြောင်ခိုးဝှက် ဝင်လာသည့်ကိစ္စကိုလည်း ဇာမဏီကို အသိမပေးရဲပါ။ ပြီးတော့ အဂ္ဂ ဘယ်လောက်ထိ ဆက်ပြီး နှောင့်ယှက်နေဦးမလဲဆိုတာကိုလည်း ယမင်း မတွေးရဲတော့သဖြင့် ကိုကို့ဆီ အားကိုးတကြီး ရင်လာဖွင့်ခြင်းဖြစ်သည်။

"ကိုကို့ကို ဒေါ်ကြီးက ချက်ပေးလိုက်တာတွေ ကြည့်ဦး ယမင်း၊ ကိုကို စားချင်တယ်ဆိုလို့ မုံလာဟင်းရယ်၊ ဂဏန်းချဉ်စပ်ဟင်းရယ်၊ ပြီးတော့ ပြည်ကြီးငါးဟင်းချိုရယ်၊ စား… ယမင်း၊ ဒီနေ့ တော့ ချဉ်စပ်ဟင်းတွေပဲ၊ ယမင်းလာတာ အတော်ပဲ၊ ကိုကိုလဲ ထမင်းချိုင့်ဖွင့်ကတည်းက ယမင်းကို သတိရလိုက်တာ"

"ကိုကို စားပြီးရင် အချိန်ရမလား"

"ဟင်… ဘာပြောချင်လို့လဲ"

"အဂ္ဂအကြောင်း"

"ဩော်… ဟိုကောင်လေးလား၊ လမ်းသရဲလိုလို ကောင်လေး လေ၊ တစ်ခါကလည်း စာအုပ်တန်းမှာ ယမင်း ရိုက်ပစ်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးမဟုတ်လား"

"ဟုတ်တယ်၊ သူ့အကြောင်းပဲ ကိုကို"

"ဒီကောင် ဘာဖြစ်ပြန်ပြီလဲ"

ကိုကိုက လက်ဖြင့် အားရပါးရ စားတတ်သူမို့ ဂဏန်းတစ်ခုကို ဝွပ်ခနဲနေအောင် ကိုက်ချလိုက်ပြီး ခပ်ပေါ့ပေါ့ဟန်ဖြင့် မေးသည်။

ကိုကို့ဆီက ခုလိုအမူအရာတွေကို ယမင်း မကြိုက်ပါ။ ယမင်းပြောလိုက်တာနှင့် ကိုကို အသေအလဲ စိုးရိမ်သွားရမည်။ စိုးရိမ်တကြီး လက်သီးလက်မောင်းတန်းကာ ကာကွယ်ပြရမည်။ အဲ့လိုဖြစ်စေချင်သည်လေ။

ခုတော့ ကိုကို့ပုံစံက ယမင်းကို ကိုကို့မိတ်ဆွေတစ်ယောက် လာရင်ဖွင့်တာကို စားရင်းသောက်ရင်း စိတ်အေးလက်အေး နားထောင်နေမယ့် ဟန်မျိုးပင်။

"ကိုကိုကလဲ အဒီ့ဂဏန်းတွေ နောက်မှကိုက်ပါ၊ ကြည့်ဦး... လက်တွေရော ပါးစပ်တွေရော ဆီတဝင့်ဝင့်ဖြစ်နေပြီ၊ အဲ့လို ရှမ်းဟင်းတွေက လက်နဲ့အားရပါးရစားမှ ပိုစားကောင်းတာ မဟုတ်ပါဘူး ကိုကိုရာ၊ ဇွန်းခက်ရင်းနဲ့လဲ ရပါတယ်"

"ရတယ်... ရတယ်၊ ကိုကို ဝနေပြီ၊ ယမင်း ဆက်စားတော့"

"ဟင့်အင်း၊ ယမင်း ဘာမှကို မစားချင်ဘူး"

"ကော်ဖီသောက်မလား၊ ဒီမှာ ကော်ဖီဘူး ပါပြီးသား၊ ဘယ်လိုလဲ"

"အင်း... သောက်မယ်"





ကိုကိုက ကော်ဖီဓာတ်ဘူးလေးထဲက ကော်ဖီရည်တွေကို ဖန်ခွက်တစ်ခုထဲ လောင်းငှဲ့ထည့်ပေးသည်။

ယမင်းမှာ ကိုကိုထည့်ပေးသည့် ကော်ဖီခွက်ကို တကျိုက်မော့ သောက်လိုက်ပြီးလျှင်...

"အဂ္ဂ မနေ့က ခြံထဲကို နိုးဝင်တယ် ကိုကို"

"ဟေ... ဟုတ်လား"

ကိုကိုက သူ့ဂျူတီကုတ်ဖြူဖြူကို တိုင်မှာချိတ်ထားတာကို ဖြုတ်မလိုလုပ်ရင်းမှ ယမင်းဘက် ပြန်လှည့်ကြည့်ကာ မျက်နှာချင်း ဆိုင်မှာ လာထိုင်တော့သည်။

"ဘယ်လိုဝင်လာလဲ"

"အဲ့ဒါတော့ မသိဘူး၊ ခြံစည်းရိုး ကျော်ဝင်တာ ဖြစ်မှာပေါ့၊ သူ့အဒေါ်တွေက ယမင်းတို့ခြံဘေးကို ဝယ်လိုက်တယ် ပြောတယ်"

"ဟင်... ဒါဖြင့် ဒီကိစ္စ ဓာမဏီ မသိဘူးလား"

"သူသိရင် သတ်ပွဲဖြစ်မှာ ကိုကို၊ သူ့ကိုလဲ မပြောရဲဘူး၊ ဟိုနေ့ကလဲ လူငယ်ချင်း ရန်တွေဖြစ်ကြတယ်၊ အဂ္ဂ အဲ့လို ခြံထဲကျော်ဝင်လာတာဆို ဓာမဏီ ခွင့်လွှတ်မှာမဟုတ်ဘူး ကိုကို"

"ခက်တာပဲ"

ကိုကိုက တစ်ချက်ညည်းညူရင်း လက်ကနာရီကို တစ်ချက် ငုံ့ကြည့်သည်။

"အင်း... နာရီဝက်လောက်တော့ အချိန်ရပါသေးတယ်"

"ဒုက္ခပဲ၊ ကိုယ့်ချစ်သူတစ်ယောက်လုံး ဒီလောက်ထိ ဘေးရေး



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရေး အရေးကြီးလို့ ပြောပြနေတဲ့ဟာ၊ ကိုကိုက နာရီကို ကြည့်နိုင် သေးတယ်၊ ဝါ့(ဒ်)ထဲဆင်းဖို့ အချိန်နီးနေရင်လဲ သွားတော့ ကိုကိုရာ နားထောင်မပေးနဲ့တော့၊ ယမင်းလဲ ပြန်မယ်"

ယမင်းက စိတ်မြန်လက်မြန် ထရပ်လိုက်တော့ ကိုကိုက ယမင်းပခုံးကို တစ်ချက်လှမ်းကိုင်လိုက်ပြီး...

"ထိုင်ပါ ကိုကို၊ အချိန်ရပါသေးတယ်၊ ဆက်ပြောနော်"

"စိတ်ဝင်စားရဲ့လား"

"ဘယ်နှယ့်ဗျာ၊ စိတ်ဝင်စားပါတယ်၊ ပြောမှာသာ ပြောပါ"

"အဲ့ဒါပဲလေ၊ သူ နှောင့်ယှက်နေရင် ယမင်း စိတ်ဆင်းရဲ မှာ၊ အဲ့ဒါ ဘာလုပ်ရမှန်းလဲ မသိတော့ဘူး"

ကိုကိုက တခဏစဉ်းစားလိုက်ပြီးမှ ခေါင်းတစ်ချက်ညိတ် ကာ...

"အကောင်းဆုံးက ယမင်း ကိုကို့ကို အမြန်ဆုံးလက်ထပ်လိုက် ဖို့ပဲ၊ အဲ့ဒါဆို ဒီကိစ္စတွေ ရှင်းပြီ၊ ပြတ်ပြီ၊ ကဲ... ဘယ့်နှယ်လဲ"

"ဘယ်အကြိမ် ဘယ်နှစ်ခါမြောက် ရှိပြီလဲ ကိုကို၊ ယမင်းမှ လက်မထပ်ချင်သေးတာပဲ"

ယမင်းအသံက ခပ်ဆတ်ဆတ်ဖြစ်သွားကာ ကိုကို့ကို စိတ်ဆိုး သလို ကြည့်မိသွားသည်။

ကိုကိုကတော့ ယမင်းလိုမဟုတ်။ ယမင်း၏ တုံ့ပြန်စကား တစ်ခွန်းကို နားလည်ခွင့်လွှတ်ပြုံးနှင့်...

"တကယ်တော့ ကိုကိုတို့နှစ်ယောက်ရဲ့ လောကအမြင်ချင်း





ခရီးဆုံးပန်းတိုင်ရဲ့ ခံယူချက်ချင်း မတူကြတာပဲ၊ မတတ်နိုင်ဘူးလေ၊ ကိုကိုကတော့ ယမင်းကို အမြဲလက်ထပ်ခွင့်တောင်းနေမိမှာပဲ၊ ယမင်း ဘက်က လက်ခံလာတဲ့အထိပဲ"

"ဝမ်းနည်းစရာပဲ ကိုကို၊ ယမင်းစိတ်ထဲက အံ့သြစရာကောင်း တဲ့ စိတ်ခံစားမှုကြီးက သိပ်ကြောက်ဖို့ကောင်းနေပြီ"

"ဒါ ယမင်းဘက်က ခံစားမှုလေ၊ ကိုကိုကတော့ ယမင်းကို ပြည့်ပြည့်ဝဝ အုပ်မိုးကာကွယ်ပေးနိုင်ဖို့ ကိုယ်တို့နှစ်ယောက် လက်ထပ် လိုက်မှ ပြီးမြောက်သွားမယ်လို့ ယုံတာကိုး"

"ဒါလဲ ကိုကို့ဘက်က ခံစားချက်လေ"

"ဟုတ်ပါတယ်၊ ကိုကို့ဘက်က ယမင်းကို လက်ထပ်ခွင့် တောင်းတာ ဒါပါနဲ့ဆို တစ်ရာ့နှစ်ကြိမ်မြောက်လောက် ရှိဦးမှာပါ၊ ကိုကို စိတ်မကောင်းပါဘူး"

"ဒါပေမဲ့ ကိုကိုက ကြောက်တတ်တယ်လေ"

"ကိုကို ဘာကိုကြောက်လို့လဲ"

"ဟိုနေ့က ယမင်းကို လိုက်နှောင့်ယှက်တဲ့ကောင်ကို ကိုကို ဘာလို့ ကြောက်အားလန့်အား လိုက်တားနေလဲ"

"ဒါက လမ်းမကြီးမှာလေ၊ ပြီးတော့ ကြည့်ရတဲ့ သူ့ပုံစံက လူမိုက်ပုံ၊ ကိုကို သူ့ကို နိုင်အောင် မချရဲဘူး၊ ဒီတော့ နောက်ဆုတ် လိုက်တာပဲ ကောင်းတာပေါ့"

"အဲ့လိုသာ ကိုကို အမြဲကြောက်နေရင် ယမင်း ကိုကို့ကို ဘယ်လိုအားကိုးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ကိုကို ရှာကျွေးမှာပါ၊ ယမင်း လက်ထပ်ပါ၊ ကိုယ်ထပ် ကောင်းဆိုပါတယ်”

“တော်ပြီကွာ၊ ကြောက်တာနဲ့ လက်ထပ်တာနဲ့က တခြားစီပဲ၊ ယမင်းဖြစ်ချင်တာ ကိုကိုနဲ့ယမင်း လက်မထပ်ခင် သူရဲကောင်းစိတ် အပြည့်နဲ့ ယမင်းကို သေသေကြေကြေ ကာကွယ်ပေးနိုင်ဖို့ပဲ”

“ဒါ... ”

“ဓာမဏီဆို အဲ့လိုစိတ်ဓာတ်မျိုး ရှိတယ် ကိုကို”

ပြောပြီး ယမင်း ဒေါသနဲ့ ထထွက်လာခဲ့မိလေသည်။ ကိုကို ဘယ်လိုခံစားကျန်ရစ်မလဲဆိုတာ ယမင်း မသိချင်တော့။

* * *



# အခန်း (၃)

ယမင်း ကိုကို့ဆေးရုံကြီးထဲက အထွက်မှာ ယမင်း ဘေးနား ထိုးဆိုက်လာသည့် ဘက္ကစီကားတစ်စီးကို လက်ပြလိုက်သည်။

“ပါရမီ... (   ) လမ်း ... ဘက် ဘယ်လောက်ကျမလဲ”

ကားသမားက လျှာထိုးဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားတာ မျက်မှန်နက်ကို တပ်ထားသည်။ ယမင်း လက်ပြပြီး ဈေးမေးတာကို မဖြေဘဲ...

“တက်ပါ၊ ကြည့်ပယူပါ့မယ်”

ဟု အသံအစ်အစ်ကြီးနှင့် ဖြေသည်။ ရှိပါစေတော့။ ကားပေါ်ရောက်မှပဲ ဈေးစကားပြောတာပဲ ကောင်းမယ်ဟု ယမင်း ကားနောက်ခန်းက တံခါးကို ဆွဲဖွင့်လိုက်ပြီး ဝင်ထိုင်လိုက်သည်။

“ဒီမှာ မြန်မြန်လေး မောင်းပေးစမ်းပါ”

ထိုသူက ယမင်းဘက်ကို ကားနောက်ကြည့်မှန်ဖြင့် လှည့်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ကာ ကြည့်လိုက်ပြီး…

"ဖြည်းဖြည်းပေါ့၊ ဘယ်လိုဖြစ်တာလဲ"

ဟုဆိုကာ ခပ်နောက်နောက်လေသံနှင့် ပြောပြီး တဟားဟား နှင့် အော်ရယ်လေသည်။

"ဘာရယ်တာလဲ ကားသမား၊ ရှင် မောင်းမှာသာ မောင်းစမ်းပါ"

"ကားသမားလား၊ တဆိတ်လောက် ကြည့်ဦးလေ"

"ဟင်… "

ကားနောက်ကြည့်မှန်ထဲကနေ ယမင်းမြင်သာအောင် မျက်မှန်ကိုချွတ်၊ ဦးထုပ်ကို ချွတ်ပြလိုက်သည့် အဂ္ဂကို မြင်လိုက်ရချိန်မှာ ယမင်းမှာ အသက်ရှူမှားကာ လန့်ဖျပ်သွားရတော့သည်။

"ဟင်… နင် အဂ္ဂ"

"**Right** "

"တောက်… နင် ဒါ ဘာလုပ်တာလဲ အဂ္ဂ၊ ရပ်စမ်း၊ ငါ ပြန်ဆင်းမယ်"

"တက္ကစီလေဟာ၊ နင်ပဲ ငါ့ကား လာစီးပြီးတော့ ဒီကားက ငါ့ကိုယ်ပိုင်တက္ကစီဆွဲနေတဲ့ ကားပါဟ၊ နိုင်ငံခြားက ပြန်လာကတည်းက ငါ ကိုယ်ပိုင်ကားနှစ်စီးဝယ်ထားတာ၊ တစ်စီးက တက္ကစီ တစ်စီးက အလှစီးလေ၊ ဟဲ… ဟဲ… ဟဲ"

"နင့်ဘာသာနင် ဘာကားဝယ်ဝယ်၊ ငါ နင့်ကား မစီးဘူး နင့်ကားမှန်းမသိလို့ ငါ တက်စီးမိတာ၊ သိလား"





"ထင်တယ်လေ၊ နင် ချက်ချင်းမမှတ်မိအောင်လဲ ဒီကောင်က ဦးထုပ်နဲ့ကွယ်ထားတာပေါ့ဟ၊ အဂ္ဂပါ၊ အဲ့လောက်မအပါဘူး"

"အဲ့ဒါ ငါ ဂရုမစိုက်ဘူး၊ နေ နင် ကားရပ်မလား၊ မရပ်ဘူးလား၊ ဒါပဲပြော… "

"ခက်လိုက်တာ၊ နင် ငါ့ကို ဘာလို့ ဒီလောက်တောင် မုန်းနေရတာလဲ ယမင်းရွှေဝါ၊ ငါ နင့်ကို ထိခိုက်အောင် ကိုယ်ထိလက်ရောက် ဘာမှမလုပ်ခဲ့ဖူးဘူးနော်၊ နင်သာ ငါ့ပါးကို ရိုက်ခဲ့တယ်၊ ငါ့မျက်နှာကို သဲနဲ့ပက်ခဲ့တယ်၊ နင့်အကောင်က ငါ့ကို သုံးချက်ချုပ်လိုက်ရအောင် တီးသွားတယ်"

"ငါ တုံ့ပြန်သမျှ နင့်လုပ်ရပ်တွေကို သည်းမခံနိုင်လို့ပဲ အဂ္ဂ၊ နင့်ကြောင့် ပုံပုံ သေရတယ်၊ ပြီးတော့ နင်နဲ့သိရိ ငါ့ကြောင့် ကွဲရတယ်ဆိုပြီး နင် ငါ့ကို အငြိုးကြီးနဲ့ လိုက်နှောက်ယှက်တယ်၊ ငါ နင့်ကို သိပ်မုန်းတယ်သိလား"

"ဆန့်ကျင်ဘက်ပဲ၊ ငါကတော့ နင့်ကို ချစ်သွားပြီ"

"တောက်… "

အဂ္ဂစကားကြောင့် ယမင်း ရင်တစ်ခုလုံး တလှပ်လှပ်တုန်ယင်ကာ ကားတံခါးကို ခပ်ကြမ်းကြမ်းဆွဲဖွင့်ပေမဲ့ သူ့ဘက်က ခလုတ်တွေ နှိပ်ထားသဖြင့် ယမင်း ဘယ်လိုမှ အပြင်ထွက်မရတော့။

"ဖွင့်စမ်း၊ ခုဖွင့်ပေး"

"ရအောင်ဖွင့်လေ"

"ဒါ နင် ဘာလုပ်မလို့လဲ"

www.burmeseclassic.com



"နင့်ကိုခေါ်ပြီး ကားလျှောက်စီးမလို့၊ ဟား... ဟား... ဟား"

"သေလိုက်၊ နင် သေတာတောင် ဘယ်တော့မှ နင့်ဆန္ဒ မပြည့်စေရဘူးမှတ်"

ယမင်းမှာ ပြောလည်းပြော၊ အော်လည်းအော်ဟစ်ဖြင့် နောက်ကနေ သူ့ခေါင်းကို ထီးခေါက်ဖြင့် ရိုက်ချလိုက်မိသည်။

"ကဲ..."

"အား..."

နာကျင်စွာ အော်ဟစ်လိုက်သံနှင့်အတူ သူ့ကားက ဒယ်မ်းဒယိုင်ဖြင့် လျှောက်ယမ်းပြီးမှ ထိုးရပ်သွားတော့သည်။

"ဟင်..."

ခေါင်းဆီမှ သွေးတွေ ရဲခနဲဖြာထွက်လာကာ အောက်သို့ လိမ့်ဆင်းလာသည်။ သူ့ဒဏ်ရာကို မြင်လိုက်ရချိန်မှာ ယမင်း သွေးပျက်စွာ စိုက်ကြည့်မိသွားတော့သည်။

"တွေ့လား၊ သွေးထွက်သွားပြီ၊ သွေးထွက်တာလဲ အရေးမကြီးဘူး၊ အသားနာတာလဲ အရေးမကြီးဘူး၊ နင် ငါ့ကို အဲ့လိုနာကျင်အောင် လုပ်လေ နင့်ကို ပိုလိုချင်လာလေပဲ"

"......"

"ဟား... ဟား... ခုချိန် နင့်ကို ကားတင်ပြေးလိုက်ရရင် ငါ့နောက်ကို အသည်းအသန် လိုက်ကြမယ့်နှစ်ယောက်က ဟိုဆရာဝန်ကောင်နဲ့ ဟိုဇာမဏီကောင်ပဲ၊ ဟား... ဟား... ကြည့်လိုက်ချင်သေး





တယ်၊ ဘယ်သူကများ နင့်အတွက် အသက်ပေးရဲလဲလို့"

"နင်နော်..."

ယမင်းကျောရိုးတစ်လျှောက်လုံး စိမ့်ခနဲဖြစ်သွားသည်ထိ အသည်းတုန်စရာကောင်းလောက်သည့် သူ့အပြော သူ့အပြုံးကြီးကို သွေးပျက်နေမိခဲ့ပြီ ဖြစ်သည်။

"ယမင်းရွှေဝါ..."

"အား... ရေရေလည်လည် တီးလွှတ်လိုက်တာ ခေါင်းတော့ ကွဲသွားပြီ၊ ကြည့်... သွေးတွေလဲ ထွက်နေပြီ၊ ဒါ ဘယ်နှစ်ချက် ချုပ်ရမလဲ မသိသေးဘူး၊ ရက်စက်တယ်နော်၊ တစ်ချက်လေးမှကို နင် ငါ့ကို မညှာတာ"

"နင် ငါ့ကို ကားတံခါးပြန်ဖွင့်ပေးပါ အဂ္ဂ၊ နင့်ခေါင်းလဲ အရမ်း သွေးထွက်နေပြီ၊ ငါ သွားပါရစေတော့"

ယမင်း အသံတွေလည်း အဂ္ဂ၏ ပေါက်ကွဲမှုကို ထိတ်လန့်လာတာ အလိုလိုရင်း နူးညံ့ပျော့ပျောင်းသွားခဲ့လေပြီ"

"နင် ကြောက်နေလား"

"ဘာလို့ ကြောက်ရမှာလဲ"

"ငါ ပြန်မလွှတ်ဘူးဆိုရင်ရော"

"ငါ့ကို အသေဘဝနဲ့ပဲ ရမယ်မှတ်"

"ပြင်းလှချည်လား"

"ငါ့ဘဝကို ငါ အသက်နဲ့ လဲရဲတယ် အဂ္ဂ၊ နင် ငါ့ကို ဘယ်တော့မှ မရစေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ငါ ရခြင်း မရခြင်းက အချိန်က အဆုံးအဖြတ်ပေးလိမ့်မယ်၊ နင် ခု ကြိုးပြီး နိမိတ်မဖတ်နဲ့၊ ခု ငါမေးချင်တာတစ်ခုပဲ"

အဂ္ဂက သူ့ခေါင်းက ဒဏ်ရာကို လက်ဖြင့်အုပ်ကိုင်ကာ နာကျင်နေဟန်ကို ကျိတ်မှိတ်အံကြိတ်လိုက်သံဖြင့်...

"နင် ဆရာဝန်ကောင်ကို ချစ်တာလား၊ ဟိုအကောင်ကို ချစ်တာလား"

"ဘာ..."

"နင် နှစ်ယောက်ထားတာလေ၊ အဖြေက ရှင်းနေတာပဲ၊ ကြည့်ရတာ နင် နှစ်ယောက်စလုံးကို ချစ်နေတာ၊ ပြိုင်ထားတာ၊ ဟား... ဟား... ဟား၊ ငါလဲပါမယ်၊ သုံးယောက်ထား"

"တောက်..."

တစ်ခုခုထပ်လုပ်ဖို့ ယမင်း အပြင်မှာ တောက်ခနဲ ကားတံခါးကို အဂ္ဂက ညင်သာစွာ ဖွင့်ပေးလိုက်ကာ လက်ဖြင့် အပြင်ဘက်ကို အသာအယာပြလိုက်ပြီး...

"သွားလို့ရပြီ၊ နောက် ဆုံကြသေးတာပေါ့"

"သွေးထွက်လွန်ပြီး သေပါစေ"

"ဟား... ဟား... ဟား"

အဂ္ဂ ရယ်သံကြီးက မခံမရပ်နိုင်ကောင်းလောက်အောင် ခါးသီးပုတ်ခတ်လှလေသည်။

* * *





# အခန်း (၄)

ယမင်း အိမ်ပြန်ရောက်သွားချိန်မှာ ဇာမဏီကို အသွင်တစ်မျိုးဖြင့် ဆီးကြိုနေတာ မြင်လိုက်ရလေသည်။

"ဟင်... ကြည့်စမ်း"

နိုင်ငံခြားက ပြန်လာကတည်းက ဆံပင် ဖရိုဖရဲ တိုရှည်၊ နားသံသီး၊ ငွေလက်ကောက်တွေနှင့် အဝတ်အစားဝတ်လျှင်လည်း ကြောင်ကြောင်ကျားကျား အပြဲရာတွေ အဖွာရာတွေနှင့် အမြဲလိုလို ရှုပ်ထွေးနေတတ်သည့် ဇာမဏီပုံစံက ခုတော့ တခြားစီဝင်။

ကြည့်ဦး...

ဆံပင်ကို တိုတိုကပ်ကပ်နှင့် ဘေးခွဲတိတိရိရိ ညှပ်ထားသည်။ နားသံသီးလည်းမရှိတော့ ငွေလက်ကောက်တွေလည်း တစ်ခုမှမတွေ့ရတော့ အပြာဖျော့ဖျော့ ရှပ်လက်တိုအင်္ကျီနှင့် အပြာကွက်စိပ်ဖိုင်ရင် ကချင်လုံ ချည်ပုဆိုးလေးနှင့် ဖိနပ်ကလည်း အနက်ရောင်သည်းကြိုး



www.burmeseclassic.com

ဖိနပ်ကို စီးထား သေးသည်။

ချစ်စရာကောင်းလိုက်ပါဘိတော့ ကောင်လေးရယ်...

"ဇာမဏီ"

"မ..."

"ကျွန်တော် ဘယ်လိုလဲ၊ ကြည့်ကောင်းလား"

"အင်း... အရမ်းကြည့်ကောင်းတာပေါ့၊ နေပါဦး၊ ဒါက ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရမှာလဲ၊ ကျွန်တော့်အသွင် ပြောင်းထားတာလေ၊ မ များ ချစ်မလားလို့"

"အို..."

"အဟုတ်၊ ကျွန်တော့်ကို လမ်းသရဲလို မ မမြင်စေချင်ဘူး၊ လူကြီးတစ်ယောက်လို တည်တည်ကြည်ကြည်နဲ့ပဲ မြင်စေချင်တယ်၊ ဒီလိုဒီဇိုင်းမျိုးစုံ မ ကျွန်တော့်ကို ချစ်နိုင်မယ်ထင်တယ်"

"ပြီးတော့ ရှေ့အပတ်ဆို ဒယ်ဒီနဲ့မာမီ ရောက်ပြီ၊ ဒယ်ဒီနဲ့ မာမီ့ဆီမှာ မ ကို တောင်းရဦးမယ်လေ၊ ဒီတော့ ဒီလိုအသွင်ပြောင်းထားမှ ဖြစ်မှာပေါ့"

"ဇာမဏီရယ်..."

ယမင်းရင်ထဲ ဘာဖြစ်သွားမှန်းမသိအောင် ရင်ထဲ နင့်သွားကာ ယမင်းခါးလေးကို လှမ်းဖက်လိုက်သည့် ဇာမဏီ့ပခုံးထက်မှာ ခေါင်း မှေးတင်လိုက်ပြီးလျှင်...

"ကိုယ့်မှာ..."





"ဟင့်အင်း၊ ကျွန်တော် ဂရုမစိုက်ဘူး၊ မက အပျို၊ အပျိုဆိုတာ ကြိုက်တဲ့လူ ရွေးချယ်ခွင့်ရှိတယ်၊ မ ရွေးပါ၊ မ ရဲ့ ရွေးချယ်ပွဲကို ကျွန်တော် တက်ရောက်ပါတယ်၊ အဲ့ဒါ ဘာဖြစ်လို့လဲ သိလား"

"သိတယ်..."

"ကျွန်တော် မကို သိပ်ချစ်လို့ပါ"

"ကိုယ် ယုံပါတယ်ကွာ"

"ယုံရင် ပြီးပြီ၊ တခြား ဘာမှမတွေးနဲ့၊ မပြောနဲ့၊ လာ... ညစာ အတူတူစားကြမယ်၊ ကျွန်တော် ဒေါ်ကြီးကို ချစ်တီးဟင်း ချက်ခိုင်းထားတယ်"

"ကောင်းသားပဲ"

"မ ရေချိုးပြီးရင် ထမင်းစားခန်းထဲ ဆင်းလာခဲ့၊ ကျွန်တော် စောင့်နေမယ်"

"အင်း..."

"Wait မ Wait... Wait... ကျွန်တော် ခုနက ဒီ ဒီဇိုင်း သွားပြောင်းနေတုန်း ဖုန်းဖြေစက်လေး ဖွင့်ထားခဲ့တယ်၊ ဘယ်သူတွေ ဆက်ကြမလဲ မသိဘူး၊ မှန်း... ကျွန်တော်တို့ ခဏနားထောင်ကြမယ်"

"အင်..."

ဖုန်းဖြေစက်လေးကို ဇာမဏီက ပျော်ပျော်ရွှင်ရွှင် ဟန်လေးနှင့် အပြေးလေး ဖွင့်လိုက်သည်။

ထိုအခိုက်...



www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်ပြန်ရောက်နေပြီ ယမင်းရွှေဝါ၊ ခေါင်းဟက်တက် ကွဲကြီးနဲ့ ပြန်သွားတဲ့ငါ့ကို နင် စိတ်ပူနေမလား၊ ငါကတော့ ဒီဒဏ်ရာကို ဘာဆေးမှမထည့်ဘူး၊ ဒီအတိုင်းပဲ တစိမ့်စိမ့်ခံစားလိုက်မယ်"

"နင့်ကို ငါချစ်တယ်"

"ဟင်"

ခနဲနေအောင် ယမင်းမှာ ဇာမဏီ့ရှေ့ ဘယ်လိုမျက်နှာထားရမှန်း မသိအောင် ခံစားလိုက်ရတော့သည်။

"ဟာ... ဒီကောင် ဘာအရူးထတာလဲဟ"

"မသိဘူး"

ဖုန်းဖြေစက်လေးထဲက ထွက်လာသည့် သူ့အသံတွေက စိတ်ထင်ရာ လျှောက်ပြောနေပုံမျိုး ဖြစ်သည်။ အဂ္ဂကြည့်ရတာ ဘာမှကို ဂရုမစိုက်တော့...

ဘုရားသခင်...

"ယမင်းရွှေဝါ ငါ သေသေချာချာထပ်ပြောမယ်၊ နင့်ကို ငါ ချစ်သွားပြီ၊ ငါ့အသားကို အကြိမ်ကြိမ် နာအောင်လုပ်တဲ့ မိန်းမတစ်ယောက်ကိုမှ ငါ တကယ်ချစ်သွားခဲ့တာ အသေအလဲပဲ၊ ဟား... ဟား... "

"တောက်... "

"ခွေးအူတာ ကျနေတာပဲကွာ"

အဂ္ဂ ရယ်မောလိုက်သံကို ဇာမဏီက ဆောင့်ပိတ်ပစ်လိုက်တော့သည်။ ယမင်းမှာတော့ နတ်ပူးသလို တဆတ်ဆတ်တုန်ယင်နေ





ရလေပြီ။

"မ... "

"အင်... အင်... ဘာလဲဟင်"

"မ ဘာဖြစ်သွားတာလဲ၊ ကြည့်စမ်း တစ်ကိုယ်လုံးလဲ တုန်ယင်နေလို့ပါလား"

"ကိုယ် မထင်ဘူး၊ အဂ္ဂ အဲ့လောက်ထိ လုပ်လာလိမ့်မယ်လို့ မထင်ဘူး ဇာမဏီ၊ သူ ခု ကိုယ့်ကို ပိုပြီးငြိုးပြီး အသေအလဲကို ဖြစ်ပြနေပြီ၊ ကိုယ် အရမ်းသတိထားမှဖြစ်တော့မယ်"

"မ ဒီကောင့်အန္တရာယ်အတွက် ကျွန်တော် ကာကွယ်မယ်၊ မကို စော်ကားလာရင်တော့ သူသေကိုယ်သေပေါ့၊ ချရုံပဲ၊ မဟုတ်ဘူးလား မ၊ စိတ်အေးအေးထား"

"ဇာမဏီ"

"မ... "

"မင်း ကိုယ့်ကို ကာကွယ်မယ်ပေါ့နော်"

"စိတ်ချ၊ မရဲ့ဘဝကို ကျွန်တော့်ရဲ့ဘဝထက် ပိုပြီး တန်ဖိုးထားတယ်၊ ကျွန်တော် အဂ္ဂကို ရင်ဆိုင်မယ်"

"ကိုယ် စိတ်ပူတယ်"

"ကျွန်တော့်ကိုလား"

"ကိုယ်ရော၊ မင်းရော နှစ်ယောက်စလုံးပဲ၊ ခုတောင် တက္ကသိုလ်သမားယောင်ဆောင်လာတာ ကိုယ် လူမှားပြီး ငှားစီးမိရလို့သား ဖြစ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"မကာ ဘယ်သွားလို့လဲ"

ယမင်း အသက်တစ်ချက် အောင့်လိုက်ကာ...

"သူငယ်ချင်းတစ်ယောက်ဆီပါ"

"ဘာသွားလုပ်တာလဲ မ"

"မဟုတ်ဘူး၊ လမ်းမှာတွေ့တာပါ"

"မ ညာတယ်"

"ဘယ်လို... "

"မ ဟို ဒေါက်တာနဲ့သွားတွေ့တာ၊ ကျွန်တော့်စိတ်ထဲက အလိုလို သိနေတယ်၊ ဟုတ်တယ်မဟုတ်လား"

"ဒါ... "

"တော်ပြီ၊ ကျွန်တော် သဘောပေါက်တယ်၊ နောက်ဆို မတစ်ယောက်တည်း ဘယ်မှမသွားနဲ့၊ ကျွန်တော် လိုက်ပို့မယ်"

"ကောင်းတယ်"

"တကယ်ခွင့်ပြုမှာလား 'မ"

"အင်းလေ"

"ပေါ့ပေါ့လေး မတွေးနဲ့၊ ဟို ဒေါက်တာနဲ့ သွားတွေ့လဲ ကျွန်တော် လိုက်မှာပဲ"

"မြတ်စွာဘုရား"

"ဘာလဲ မရဘူးလား"

"သဘောပဲ"

"ကောင်းပြီ"

သိန်းမင်းစာပေ



ဓာမဏီက လက်ညှိုးလေး ထောက်ပြကာ တစ်ယောက်ကို တစ်ယောက် လက်ညှိုးချင်းချိတ်ကာ ကတိကဝတ်ပြုကြသည့် အမိပ္ပာယ် မျိုးဖြင့် လက်ညှိုးတွေကို အကြာကြီး ကွေးကောက်ထားလိုက်ကြသည်။ ပြီးတော့ ပြိုင်တူရယ်မိကြလျက်...

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

သိပ်မကြာခင်မှာပဲ ဇာမဏီမိဘတွေ မြန်မာပြည်သို့ ပြန်ရောက်လာခဲ့ကြလေသည်။ အံ့သြစရာကောင်းတာက ဇာမဏီ့မေမေက ခရမ်းပျော့ပျော့သစ်ခွတွေ ဝေနေသည့် ပန်းစည်းလှလှလေးကို ယမင်းလက်ထဲ ဦးစွာထည့်ပေးလိုက်ပြီးလျှင်...

"သိပ်ကိုလှတဲ့ သမီးလေးပဲ၊ အန်တီဖြင့် သမီးလေ့းကို အသံပဲ ကြားကြားနေရတယ်၊ လူကတော့ ခုမှမြင်ဖူးတော့တာ၊ ကြည့်ရတာ သားငယ်ကတော့ မြင်မြင်ချင်း သမီးလေးကို သဘောကျတော့မယ် ထင်ပါရဲ့၊ ဟင်း... ဟင်း... ဟင်း..."

ယမင်း မျက်နှာမထားတတ်အောင် ရှက်ရွံ့ထူပူသွားချိန်မှာ ဇာမဏီက ယမင်းကို တစ်ချက်ခိုးကြည့်ပြီး...

"အမှန်ပဲ မာမီ၊ ဒါကြောင့် မာမီ့ဆီမှာ မိန်းမ ပြန်တောင်းရမယ့် သားရဲ့ဒီဖိုင်းကို သား ခုလိုပြုပြင်ထားတာပဲ"





"ဟေ... တယ်ဟုတ်ပါလားကွ ငါ့သားရ၊ ဒယ်ဒီဖြင့် မြင်မြင်ချင်း အံ့သြနေတာ လွန်ရော၊ မင်းက တကယ့်ကောင်ပဲ၊ ဟား... ဟား... ဟား"

ဇာမဏီ့ဖေဖေနှင့် မေမေက ယမင်းကို မြင်မြင်ချင်း သမီးအရင်းလို သဘောထားကြသဖြင့် ယမင်းမှာ ရှက်ရွံ့ရွံ့ကြီးနှင့် ပြန်အနေရခက်နေမိသည်။

"ကဲ... သမီးက ပုံပုံရှိစဉ်ကတည်းက ပုံပုံ့အပေါ် ကောင်းခဲ့တာတွေ ပုံပုံမရှိတော့လဲ ဒီအိမ်ကြီးကို ကိုယ့်အိမ်လိုသဘောထားပြီး ဆောင့်ရှောက်ခဲ့တဲ့ဘဝတွေ သားအပေါ်လဲ ဂရုစိုက်တာတွေ အန်တီအားလုံးသိပြီးပြီ၊ သမီးကို တစ်ခုပဲ အန်တီ မေတ္တာရပ်ခံချင်တာက ဒီအိမ်မှာ သမီး ဆက်နေဖို့ပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါမှ အန်ကယ်တို့မိသားစုလေး ပုံပုံရှိတုန်းကလို သမီးရယ်၊ သားရယ်နဲ့ စုစုရုံးရုံးနေရမှာ၊ သမီး အန်တီပြောသလိုပဲ သမီး ဒီအိမ်မှာ ဆက်နေပေါ့၊ ဟုတ်လား"

ရောက်ရောက်ချင်းပင် ယမင်းအပေါ် တကယ့်သားသမီးရင်းချာတစ်ယောက်လို စိုးရိမ်ပူပန်စိတ်နှင့် ရင်အုပ်မကွာဘဲ စောင့်ရှောက်ချင်နေကြသည်။ နိုင်ငံခြားမှာ အနေကြာပေမဲ့ ခနဂုဏ်၊ စည်းစိမ်ဂုဏ် ဆောက်မာပုံမရကြ။ မြန်မာနိုင်ငံသားစစ်စစ်တွေပီပီ ဇာမဏီမိဘနှစ်ပါးလုံး ဆုံးမသွန်သင်တတ်မည်။ စည်းစနစ်အလွန်ကြီးကြမည့်သူတွေများ ဖြစ်မည်။

"မ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်... "

"ဒယ်ဒီနဲ့ မာမီပြောနေတာ ကြားလား"

"အင်း... "

"နေမယ်လို့ ပြောလိုက်လေ"

"ဒါ... "

"ဒါတွေ ဒင်တွေ လုပ်မနေနဲ့၊ နေမယ်ပြောလိုက်၊ မကို ကျွန်တော်တို့က တစ်သက်လုံး ခေါ်ထားတော့မှာ"

"ဒယ်ဒီရေ ကြားလား၊ ဒယ်ဒီ့သားကတော့ ဟင်... ဟင်း... ကဲ... ကဲ မာမီတော့ ရေချိုးပြီး တစ်ရေးလောက် အိပ်လိုက်ချင်ပြီ"

"ကောင်းပြီ ဒယ်ဒီလဲလိုက်မယ်"

ဓာမဏီက ဖေဖေနှင့်မေမေ ထွက်သွားချိန်မှာ ယမင်း လက်မောင်းကို ဓာမဏီက တံတောင်ဆစ်နှင့် တွတ်ကာ...

"ကျွန်တော်မပြောဘူးလား၊ အိုကေမယ်လို့၊ မကိုမြင်မြင်ချင်း ချစ်ကြတာကြည့်၊ မ ပြန်သွားမှာကိုပဲ အသေအလဲ ပူပန်နေကြတာ"

"အားနာနာနဲ့ရော၊ ဒီကောင်လေးကို မယူချင်ဘူးလား"

"သွားစမ်းပါ"

"ဘယ်မှမသွားဘူး၊ တောက်တဲ့လုပ်မှာ"

"လူလည်"

"ချစ်လို့လည်တာ"

"ကြည့်... "

"ကြည့်လေ လှလေမို့ ကျွန်တော် အရူးအမူးကြီး ဖြစ်နေတာ"





ပေါ့"

"ဓာမဏီနော်... "

"ဘာလဲဗျ"

"မ ရက်လာပြီ၊ ဘာတွေလာပြောနေလဲ"

"ချစ်တဲ့အကြောင်းတွေ၊ ကျွန်တော်ချစ်တဲ့အချစ်မှာ အနားသတ် လိုက်တာက သစ္စာတရားပဲ"

"ပြောတတ်တယ်"

"အချစ်က သင်ပေးတာပါ"

"တော်ပြီကွာ၊ မင်း တကယ့်ကောင်လေးပဲ"

"အသေအလဲ ချစ်ပြမယ့်ကောင်လေးပါ"

"တော်ပြီ... တော်ပြီ၊ ကဲ... မင်းလဲ မိဘတွေအခန်းထဲ ခဏလိုက်သွားလိုက်ဦး"

"ပြီးရင် ထမင်းအတူတူစားမယ်နော်"

"အင်း... "

"ထမင်းစားပြီး ကျွန်တော်တို့မိသားစု ကာရာအိုကေ ဆိုကြ တာပေါ့"

"ကောင်းသားပဲ"

"မ... "

"ရှင်... "

"ချစ်တယ်"

"သော်... ပြောပြန်ပြီ၊ ကဲ... သွားပါဆို"



www.burmeseclassic.com

www.burmeseclassic.com



ဓာမဏီက မျက်စိတစ်ဖက်မှိတ်ပြကာ လက်ကလေးတစ်ဖက် နောက်ပြန်ပြသွားသေးသည်။ ယမင်းရင်ထဲမှာတော့ တလှပ်လှပ်နှင့် စိတ်လှုပ်ရှားစွာ တုန်ယင်နေမိသည်။ ဓာမဏီ မိဘတွေပြန်ရောက်လာကြတာ ယမင်း ထင်တာထက်ပင် ပို၍အဆင်ပြေချောမွေ့ခဲ့လေပြီ။

* * *



## အခန်း (၆)

ဓာမဏီမိဘတွေ ရောက်လာကြသည့် ညမှာပင် ယမင်းတို့ အားလုံး စုံစုံညီညီဖြင့် ညစာထမင်းစားနေခိုက်မှာ တစ်ဖက်လသာဆောင်ပေါ်မှ ဆူညံကျယ်လောင်စွာ ဖွင့်လိုက်သည့် သီချင်းသံကြောင့် ယမင်းတို့အားလုံး တုံ့ခနဲနေအောင် အလန့်တကြား ဖြစ်သွားကြရသည်။

ယမင်းကတော့ ထိုသီချင်းကို ဖွင့်လိုက်သူက အဂ္ဂဖြစ်မှန်း ချက်ချင်းသိလိုက်ကာ ထမင်းပင် နင်လုမတတ် ဖြစ်သွားခဲ့ရသည်။

ကြည့်စမ်း အဂ္ဂ လုပ်ချလိုက်ပြန်ပြီ...

"ဟော့... ဘယ်သူတွေများလဲကွ၊ အရင်က ဒယ်ဒီတို့နေတုန်းက ဒီလောက် ကျယ်ကျယ်လောင်လောင် သီချင်းဖွင့်မယ့်သူ မရှိပါဘူး၊ ခု ကြည့်စမ်း တဝုန်းဝုန်းနဲ့ ဖွင့်ထားလိုက်တာ၊ ဟိုဘက်တိုက်ကို ဘယ်သူတွေ ပြောင်းလာတာလဲ သားငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မသိဘူး ဒယ်ဒီ"

"သမီးရော…"

"ဟင့်အင်း… အန်တီ"

"အေးကွယ်၊ မာမီတို့လဲ ဒီမှာမနေတာ ကြာတော့ ဘယ်သူတွေပြောင်းလို့ ဘယ်သူတွေလာနေကြမလဲမှ မသိနိုင်တော့တာ၊ ပတ်ဝန်းကျင်ပဲလေ၊ ဒီလောက်တော့ ရှိမှာပေါ့"

ပြောပြီး ဓာမကော်ဖေဖေနှင့် မေမေက ထမင်းကို စိတ်အေးလက်အေး ပြန်ငုံ့စားပေမဲ့ ယမင်း လုံးဝမစားနိုင်တော့။

အဂ္ဂကို ယမင်း ဘာလုပ်ရမည်နည်း။

ဘယ်လို တုံ့ပြန်ရမည်နည်း။

အဂ္ဂ လုပ်ရပ်တွေက တော်တော့်ကို ဆိုးရွားသည်။ သူနှင့်တွေ့လျှင် ရင်ထဲ တလှပ်လှပ်နှင့် ဒေါသတွေသာ လောင်မြိုက်စွာမန်းတီးနေရသည်။

ဘာကြောင့်မှန်း အဂ္ဂ ဒီလောက်ထိ သဲကြီးမဲကြီး လိုက်နှောင့်ယှက်နေရတာပါလိမ့်။

နောက်ဆုံးတော့ ကက်ဆက်ပိတ်ပေးဖို့ သူ့လုပ်ရပ်တွေရပ်တန်းကရပ်ဖို့ ဘေးခြံကဖုန်းနံပါတ်ကို အိမ်ဖော်အဒေါ်ကြီးဆီကတစ်ဆင့် တောင်းယူလိုက်တာ ဖုန်းကောက်နှိပ်လိုက်တော့သည်။

"ဟဲလို"

"အဂ္ဂ ရှိလား"

"ဟာ… အချစ်လေး၊ အသည်းကျော်လေးရဲ့ အသံပါလား





ဟား… ဟား… ဘာလဲ… ဘာလဲ၊ ပြော ကက်ဆက် ဒီ့ထက်ကျယ်ပေးရဦးမလား၊ မကြားရဘူးလား"

"ဒီမှာ နင် နှောင့်ယှက်တာ တရားလွန်နေပြီနော် အဂ္ဂ၊ နင်ဘာလုပ်တာလဲ၊ လူရမ်းကားအန်"

"အား… ရိုးရိုးသီချင်းဖွင့်တာလေဟာ၊ သီချင်းတွေကမြူးတယ်၊ သံစဉ်တွေက ပြင်းတယ်၊ အဲ့ဒါ ငါ ဒီမှာ ခံစားနေရသလိုနင်လဲ ခံစားရအောင်ဆိုပြီး ဖွင့်ပေးတာ မကြားဘူးလား၊ တိုးများနေလို့လားဟင်"

"ငါ့တစ်သက်မှာ နင့်လောက်အောက်တန်းကျတဲ့ ကောင်မျိုးမတွေ့ဖူးဘူး၊ အဂ္ဂ နင်ဖွင့်ထားတာ ရပ်မလား၊ မရပ်ဘူးလားပြော…"

"မရပ်ဘူး"

"ဘာ…"

"ခံစားနေတာ"

"ဟောဒီလို… ဟောဒီလိုလေးလေ၊ ဒီအိမ်မှာ ငါတစ်ယောက်တည်း ကနေရတာ ပျင်းပြီ၊ နင် ငါနဲ့ လာ ကမလား"

"သေလိုက်စမ်း၊ အရူး၊ နင် ဒီလိုဆောင်းကျွန်းနေတာ နင့်အဒေါ်က ဘာမှမပြောဘူးလားဟင်၊ မိမဆုံးမ၊ ဖမဆုံးမ ကောင်ရဲ့"

"အမှန်ပဲ၊ ငါ့ကို ငါ့အဖေနဲ့အမေက အရမ်းလွတ်လပ်ခွင့်ပေးထားတယ်၊ လုပ်ချင်ရာလုပ်တဲ့ အဒေါ်ကလဲ ငါ့ကို တုန်နေအောင်ချစ်တာ၊ ဒီတော့ အဂ္ဂဆိုတဲ့ကောင်က လောကကြီးကို လက်ဖျောက်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



တီးရုံပဲ၊ ဟဲ… ဟဲ… ”

“နှင် ဒီကက်ဆက်ပိတ်မလား မပိတ်ဘူးလား ဒါပဲပြော၊ ခုမှ ရောက်လာတဲ့ အန်ကယ်နဲ့အန်တီ သိပ်အားနာဖို့ကောင်းတယ်၊ ဒါ နှင် သက်သက်လုပ်တာ”

“ဟား… ဟား… မတော်ရသေးတဲ့ နှင့်ယောက္ခမကြီးတွေ အတွက် နှင် စိတ်ပူတယ်ပေါ့၊ သိတယ်၊ ဒီနေ့ရောက်လာမှန်းသိလို့ ကို တမင်လုပ်တာ”

“လမ်းသရဲ ကြမ်းပိုးကောင်၊ နှင် ပိတ်ဆိုပိတ်ပေးစမ်း”

“နှင် လာလေ… ”

“ဟာ… ”

“ဩော်… ဖြည်းဖြည်းအော်ပါ၊ လန့်လိုက်တာ၊ သေတော့မယ်၊ နှင်ကိုယ်တိုင် လာပြောရင် ငါ ပိတ်ပေးမယ်”

“နှင့်လိုကောင်ဆီ ငါ သေတောင်မလာဘူး”

“နှင် ငါ့ဆီလာရုံနဲ့ နှင့်အသား ပွန်းပဲ့မသွားပါဘူး၊ ငါကတော့ Welcome ပဲ”

“တောက်… ”

“ယမင်းရွှေဝါ”

“… ”

“ဟော့… နှင် ဖုန်းကိုင်ထားသေးလား၊ ဒီမှာ… ဒီမှာ ငါ တစ်ခုပြောမယ်၊ နှင် သေသေချာချာမှတ်ထား ယမင်းရွှေဝါ”

“… ”





“ငါ နှင်နဲ့ ပုံပုံနှစ်ယောက်ထဲက အစကတည်းက နှင့်ကိုချစ် ခဲ့တာ၊ ပုံပုံက ငါ့ကို အထာတွေပေးပြီး အခွင့်အရေးပေးခဲ့တယ်၊ နှင့်ဆီက ဘာမှမရခဲ့ဘူး၊ ဒီတော့ ငါရမယ့် သူ့ဆီ ကပ်ခဲ့တယ်၊ ဒီတော့ ငါနဲ့ပုံပုံ ရည်းစားဖြစ်ရင်း သူ့ကို ငါ လက်ထပ်ပါ့မယ်လို့ထိ ပုံပြောခဲ့တယ်၊ ပြီးတော့ ငါထားခဲ့တယ်၊ သူ့ထက်သာတဲ့ သီရိကို ငါ့ဘဝနဲ့ရင်းပြီး ရတဲ့ချွေးနဲ့စာနဲ့ တောင်းယူခဲ့တယ်၊ ဒါပေမဲ့ ငါတို့ ကမ္ဘာ ပျက်သွားကြတယ်”

“နှင့်စကား ချက်ချင်းတိတ်လိုက်၊ ငါ လုံးဝသည်းမခံနိုင်တော့ ဘူးနော် အဂ္ဂ”

“ဆက်ပြောမယ်၊ ပြောမယ်… ပြောမှာယ်၊ နှင့်ကို ငါ ချစ်တယ်၊ နှင့်ကို ငါ အရင်ကတည်းက ချစ်ခဲ့တာ၊ နှင့်ကို ငါ သိပ်ချစ်တယ်”

“တောက်… တောက်”

ဖုန်းကို ခွပ်ခနဲပစ်ချလိုက်ရသည်ထိ ယမင်းတစ်ကိုယ်လုံး ဆတ်ဆတ်ခါစွာ နာကျင်နေတော့သည်။

“မ… ”

“ဟင်… ဓာမဏီ”

“ဘယ်သူနဲ့ဖုန်းပြောနေတာလဲ”

“ဟို… ”

“ကျွန်တော်သိတယ်၊ မ ဟိုကောင့်ဆီဆက်တာ”

“အင်း… ဒါပေမဲ့ မရဘူး၊ သူက အနီးကပ်ကို နှောင့်ယှက်နေ ပြီ”



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်မှာလဲ"

"အောက်မှာ"

"ဪ... ဒီကောင် ဒီရောက်နေတာကိုး၊ ဒါကြောင့် မ အစကတည်းက မျက်နှာပျက်သွားတာ၊ မ ဘာဖြစ်လို့ ဒီကောင် အဲဒီရောက်နေတာ ကျွန်တော့်ကို မပြောရတာလဲ"

"ကိုယ့်အတွက် မင်း သိပ်စိတ်ပူသွားမှာစိုးလို့ပါ"

"ခုရော စိတ်မပူဘဲ နေမလား၊ ဒီကောင် တော်တော်လွန်နေပြီ၊ ဒါ သက်သက်နှောင့်ယှက်နေတာ"

"နေပါစေ၊ ပြောလဲ လူလိုနားလည်တာမှ မဟုတ်တာ"

"ဒီအကြောင်းတွေ ဒယ်ဒီနဲ့ မာမီသာသိရင် မ ကို စိတ်ပူကြပြီး ကျွန်တော်နဲ့ မြန်မြန်ပေးစားကြမှာ၊ ဒါလဲ တစ်မျိုးကောင်းသားပဲ"

"ဟော့... လျှောက်မပြောနဲ့နော်၊ လူကြီးတွေ သက်သက် စိတ်ပူရအောင် မလုပ်ပါနဲ့ကွယ်"

"ကျွန်တော်ကတော့ အသေအလဲပူပြီ၊ ခုပဲကြည့်၊ တစ်ဖက်က ပေါက်ကွဲပြနေတာ"

"ဘယ်တတ်နိုင်တော့မလဲ"

"မ... "

"အင်... "

"ကျွန်တော့်ကို မြန်မြန်လက်ထပ်လိုက်ပါတော့လား"

"မဖြစ်သေးပါဘူး ဓာမဏီရယ်"

"ဖြစ်အောင်လုပ်ရင် ဖြစ်တာပေါ့ မ၊ မဘက်က ခေါင်းညိတ်





လိုက်ရုံပဲဟာ၊ ဒါမှလဲ အဂ္ဂရန်က အေးသွားမှာ"

"ကိုကိုက တအားထိခိုက်နာကျင်သွားရှာမှာ သူ ကိုယ့်အပေါ် အရမ်းကောင်းခဲ့တယ် ဓာမဏီ"

"ကျွန်တော်ကရော... "

"ကွယ်... ကလေးကျနေတာပဲ၊ ကတ်ကတ်သတ်သတ်"

"ပြောလေ၊ ကျွန်တော်က မအပေါ် မကောင်းခဲ့လို့လား၊ မ အတွက်ဆို ဟောဒီမှာ ရင်ဖွင့်ထားတယ်၊ မ ရင်သာခွဲကြည့်လိုက်"

"ပေါက်ပေါက်ရှာရှာ"

"မလုပ်ရဲဘူးလား"

"အင်း... "

"မလုပ်ရဲတာလား၊ မလုပ်ရက်တာလား"

"နှစ်ခုစလုံးပေါ့"

ယမင်းစကားကြောင့် ဓာမဏီက ကလေးတစ်ယောက်လို ဟက်ဟက်ပက်ပက် ရယ်မောပြီး ယမင်းလက်ကို လှမ်းဆွဲသည်။

"လာ... ဒယ်ဒီနဲ့မာမီ စောင့်နေတယ်၊ ကာရာအိုကေ ဆိုကြမယ်"

"ဟိုတ်... ကိုယ် သိပ်မဆိုတတ်ဘူးကွ"

"ဖြစ်တယ်၊ ကြည့်ပြီးလိုက်ဆိုတာပဲဟာ၊ ဘာဖြစ်လဲ အော် သာဆိုပစ်လိုက်"

"ကြည့်... ဓွတ်ပဲ"

"အနားမှာ အမြဲရှိနေစေချင်တာကိုးဗျ၊ မရှိရင် ဟာနေ၊ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရရင် ထောင်းခနဲ အဲ့လိုကို ဖြစ်နေတာ”

“ဖြစ်ရပြန်ပြီ”

“တကယ်၊ ရင်ကိုခွဲကြည့်”

“တော်ပြီ၊ သိပ်ပိုတာပဲ”

“လိုတောင်လိုသေးတယ်ဗျ”

“ကဲပါ၊ လာပါတော့၊ အန်ကယ်နဲ့ အန်တီ စောင့်နေတယ်ဆို အားနာစရာကြီး”

“အိုကေ . . . ”

မိသားစု ပျော်ပျော်ပါးပါး ကာရာအိုကေဆိုဖြစ်ကြပြန်တော့လည်း တကယ့်ကို စိတ်ချမ်းမြေ့ပျော်ရွှင်စရာလေးပင်။

ဓာမဏီ ဖေဖေက ဘီယာလေး တမြမြနှင့် အမြည်းတွေ စားလိုက်၊ ဘီယာသောက်လိုက်၊ သီချင်းလိုက်ဆိုလိုက်၊ သူများတွေဆိုလျှင်လည်း လက်ခုပ်လိုက်တီးပေးလိုက်နှင့် ရှိသည်။

ဓာမဏီမေမေကတော့ အင်္ဂလိပ်သီချင်းကို မိုက်ကရိုဖုန်းလေးနှင့် လိုက်ဆိုလိုက်၊ တေးသွားတွေကို လေချွန်ရင်း ညည်းလိုက်နှင့် ပျော်ပျော်ရွှင်ရွှင်ဆိုသည်။

ဓာမဏီကဆို တပြုံးပြုံးနှင့် ယမင်းကို မိဘတွေအလစ်မှာ မျက်စိတစ်ဖက်မှိတ်ပြလိုက်၊ ယမင်းခြေထောက်ကို သူ့ခြေထောက်နှင့်ဖိကာ မသိမသာ ညှပ်ဖိထားလိုက်နှင့် လိုက်စနေသည်။

အံ့သြစရာကောင်းတာက ယမင်းကို မိသားစုလေးနှင့် ပျော်ရွှင်လေသည်။ ထိုအခိုက်အတန့်လေးမှာပဲ ကိုကို့ကို လုံးဝသတိမရခဲ့ပါ။





သို့သော် တစ်နေ့တော့ ယမင်း မလွှဲမသွေ ရင်ဆိုင်ရမည့် ပြဿနာတစ်ခုကတော့ ကိုကို့ကိုရော၊ ဓာမဏီကိုရော နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရွေးရတော့မည် ဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

ဓာမဏီတို့ မိသားစုက ချောင်းသာဘက်သို့ အပျော်ခရီး ထွက်ကြဖို့မှာ စီစဉ်နေကြသဖြင့် ထိုအစီအစဉ်ကို ကိုကို့ကို ပြောပြဖို့ ယမင်း ကိုကို့ဆီကို လိုက်လာခဲ့သည်။

ကိုကို ခွင့်ပြုပါ့မလား။ ခွင့်မပြုနိုင်ဘူးလားဆိုတာ ယမင်း ကြိုမသိချင်ပါ။ ကြိုလည်း မတွေးချင်။ ကိုကို ခွင့်ပြုလျှင် လိုက်မည်။ ခွင့်မပြုလျှင် မလိုက်ဘူး။ ဒါပဲ ယမင်း တွေးမိသည်။

ကိုကို့အိမ်ရောက်တော့...

"ဟယ်... တူမကြီး၊ လာကွယ်၊ မလာတာတောင် တော်တော် ကြာပြီနော်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကိုကိုရောရှိလားဟင်"

"ရှိပါ့၊ စောစောလေးကတင် အထုပ်တစ်ထုပ်နဲ့ ပြန်ဝင်လာတာ တွေ့တယ်၊ သူ့အခန်းထဲမှာ တူမကြီး၊ သွားနှင့် ဒေါ်ဒေါ် သစ်ခွရည်





သာပို့မယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

ယမင်းက ထိုအိမ်ကြီးမှ ဝင်ထွက်သွားလာနေကြမို့ အခန်းတိုင်း သိုလို ယမင်းနှင့် သိပ်မစိမ်းတော့ပါ။

ယမင်းက ကိုကို့အခန်းတံခါးကို အသာတွန်းလိုက်တော့ ဒင်ခနဲနေအောင် ယမင်းမှာ ကိုကို့ကိုကြည့်ပြီး အံ့လည်းအံ့သြ ယ်လည်းရယ်ချင်၊ သနားလည်း သနားသွားရတော့သည်။

မြတ်စွာဘုရားရေ...

ကိုကိုက သူ့ဝတ်ထားသည့် နံ့သာရောင်လွလွ သတိုးသားဝတ်စုံ ကြီးနှင့် ရှိုးတိုးရှန့်တန့်ဟန်ကြီးနှင့် မှန်ထဲပြန်ကြည့်ကာ တဟီးဟီး ည်မောနေသည်။

"ကိုကို"

"ဟာ... ဟင်... ယမင်း"

ဖြုန်းခနဲ ယမင်းကို အခန်းဝမှာ ဘွားခနဲတွေ့လိုက်ရသဖြင့် ကို့ခမျာ ပိုရှက်သွားပုံရကာ ပျာယီးပျာယာ ဖြစ်သွားပြီးလျှင်...

"လာ... လာလေ ယမင်း၊ ကိုကို အဟင်း... အစမ်းဝတ်ကြည့် နေတာ၊ လိုက်ရဲ့လားလို့"

"လိုက်တာပေါ့ ကိုကို၊ ကိုကိုက ခန့်တာပဲဟာ၊ ဝတ်ပြီးမှ ကိုက ဘာရှက်နေရတာလဲလို့"

"ဟဲ... ဟဲ... ဟဲ... ရယ်စရာကြီး ဖြစ်နေမလားလို့ပါ"

ကိုကို့မျက်နှာက အပျော်တွေ သည်းထနေလေသည်။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ခုလောက်ထိ ပျော်ရွှင်နေသလဲဆိုတာ ယမင်း မသိရသေးပါ

"ယမင်း"

"ရှင်... ကိုကို့ကို ယမင်းထင်တာတော့ ကိုကို အရမ်းပျော်နေပုံရတယ်၊ ပြော... ဘာတွေ အူမြူးနေလဲ"

"ဟား... ဟား... ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ကိုယ်လေ၊ ဒီတစ်ခါတော့ ယမင်း ငြင်းမရတော့ဘူးခင်ဗျ"

"အင်... ဘာဖြစ်လို့"

"ကိုကို ရွှေ့လထဲမှာ နိုင်ငံခြားကို ပညာတော်သင် လွှတ်တဲ့အဖွဲ့ထဲ အရွေးခံရတယ်၊ အဲ့ဒါ ဟိုမှာ နည်းနည်းကြာမယ်လေ ကိုကို ဟိုကိုမသွားခင် ယမင်းကို လက်ထပ်သွားတော့မှာပေါ့ ယမင်းလဲ ရက်ထပ်ရွှေ့မနေနဲ့တော့၊ ဒီလထဲမှာပဲ ကိုကို ဖြစ်အောင်လုပ်တော့မယ်"

"ဟင်..."

ဘာကြောင့်မှန်းမသိဘဲ ယမင်းရင်ထဲ လှိုက်လှိုက်လှဲလှဲ ငိုချင်သွားခဲ့ကာ ကိုကို့အချစ်တွေ သစ္စာတွေကိုလည်း နားလည်ခံစားလို့ရနေပြန်သည်။

တကယ်တော့ ကိုကို့ဘက်က ယမင်းကို ပေးထားသည့်အချစ်တွေ သစ္စာတွေက ယိုယွင်းမှုမရှိဘဲ အနားသတ်ထားသေးသည်ပဲ။

"အဲ့ဒီအတွက် ကိုကို အရမ်းဝမ်းသာနေတာ၊ ယမင်းရဲ့ ဒီကိစ္စ ယမင်းကို နောက်မှလာပြောမယ်ဆိုပြီး ကိုကိုက အခု





ဒါတွေ ဦးအောင်ချုပ်လိုက်တာ ခင်ဗျ"

မြတ်စွာဘုရား...

ဟု ယမင်း လန့်အော်မိမတတ် ကတုန်ကယင်ကြီးနှင့် ထငြင်းဖို့အလုပ်မှာ ကိုကိုက ယမင်းပခုံးလေးကို တယုတယလှမ်းဆုပ်ကိုင်ပြီးလျှင်...

"ကိုကို သွားရမှာက နှစ်တော်တော်ကြာလိမ့်မယ်၊ ဒီနှစ်တွေအတွင်း ကိုကို ယမင်းလေးကို ဘယ်လိုစိတ်ချနိုင်မလဲ၊ သိပ်ကို နောက်ဆံတင်းနေမှာ၊ ယမင်း စဉ်းစားကြည့်၊ ကိုကိုနဲ့ယမင်း သမီးရည်းစားဘဝမှာ ယမင်းကို ကြိုက်သလိုနေထိုင်ခွင့်ပေးခဲ့တယ်၊ ယမင်း ရက်ရွှေ့သမျှ ကိုကို လက်ခံခဲ့တယ်၊ နောက်ဆုံးကျွာ၊ သူစိမ်းအိမ်မှာ သူစိမ်းယောကျ်ားလေးတစ်ယောက် ရှိနေတဲ့အိမ်မှာတောင် ယမင်းရဲ့ သစ္စာသိက္ခာတန်ဖိုးကို ကိုကို ယုံကြည်ပြီး စိတ်ချခဲ့တယ်"

"..."

ယမင်းရင်ထဲ ငိုချင်စိတ် ပြင်းပြလာကာ အလိုလိုရင်းချက်ရည်ဝဲလာရလေသည်။

"ခု ကိုကိုက မြန်မာပြည်မှာရှိနေတဲ့ကိစ္စ၊ ဒါပေမဲ့ မကြာခင် ထွက်သွားရမယ့်ကိစ္စ၊ ဒီတော့ ကိုကို ယမင်းကို လက်ထပ်သွားမှ ကိုကို စိတ်ဖြောင့်နိုင်မှာပေါ့ ယမင်း၊ ကိုကို့ကို လက်ထပ်တော့နော်"

"အို..."

မောင်ဟု ဓာမဏီမျက်နှာနုနုချောချောလေးကို မှုတ်ခနဲမြင်ယောင်မိကာ ရင်ထဲ ကျင်ခနဲဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကောင်း... က ထိုချိန်မှာ ထိုယောက်ျားနှစ်ယောက်ထဲက ဘယ်သူ့ကိုမှ မပစ်ရက်နိုင်လောက်အောင် ယမင်းက မြတ်နိုးရှု မက်နေခဲ့ခြင်းပင်။

ယမင်း ဘာလုပ်ရမည်နည်း။

တစ်ဖက်က ကိုကို... ။

ယမင်းနှင့် ကိုကိုက သုံးနှစ်သုံးမိုး ချစ်လာခဲ့ကြသည့် ချစ်သူတွေ။ ကိုကိုက ယမင်းအပေါ် အရမ်းကောင်းခဲ့သူ။ ယမင်းကို ဘာတစ်ခုမှ မချုပ်နှောင်ဘဲ စိတ်လွတ်လပ်မှုကို လိုက်လျောနားလည်ပေးခဲ့သူ။

တစ်ဖက်က မောင်... ။

မောင်ကရော ယမင်းကို ချစ်လိုက်တာမှ အရူးအမူး၊ သူ့အရင် ဂျစ်ပစီပုံစံတွေပင် ပြောင်းလဲခဝါချပြီး လူကြီးလူကောင်းအသွင်ထိ ပြောင်းလဲထားသူလေ။ ပြီးတော့ မောင့်မိဘတွေကဆိုလျှင် ယမင်းခေါင်းညိတ်ဖို့ကိုပဲ မျှော်တလင့်လင့် စောင့်စားနေကြသူများ။ ယမင်းအပေါ်လည်း သားသမီးအရင်းလို ချစ်ခင်ကြည်ဖြူနှစ်လိုကြသူများ။

ဘုရားသခင်...

ယမင်း ဘယ်လိုဆုံးဖြတ်ရမှန်းကို မသိတော့... ။

"ဟင်... ယမင်း ငိုနေတယ်၊ ဘာဖြစ်လို့လဲ... "

"ကိုကို... "

"အင်... ဘာလဲ၊ ဘာလဲဟင်၊ ယမင်း ဘာဖြစ်တာလဲ ကိုကို လက်ထပ်ခွင့်တောင်းလို့ စိတ်ညစ်သွားတာလား"





"မဟုတ်... မဟုတ်ပါဘူး ကိုကိုရယ်၊ ယမင်း ဘာပြောရမှန်း မသိတော့လို့ပါ"

"ပြောလေ၊ ယမင်း ဘာတွေပြောချင်နေတာလဲ၊ ကိုကို နားထောင်မှာပေါ့"

ကိုကိုရယ်... ယမင်း ဘယ်လိုပြောပြရမှာလဲ။ တကယ်တော့ စိတ်အလိုလိုက်မိတဲ့ ခံစားချက်ကို ဦးစားပေးမိတဲ့ အပျိုစင်တစ်ယောက်ရဲ့ အမှားပါ။ ကိုကိုဟာ ယမင်းအပေါ် တစ်လျှောက်လုံး ကောင်းခဲ့သူ။ ဘဝတစ်ခုလုံးအတွက် တည်တည်ငြိမ်ငြိမ်နဲ့ ဖေးမစောင့်ရှောက်မယ့်သူဆိုတာ ယမင်း သိနေပြီးပါပြီ။

ဒီလိုအချိန်မျိုးမှာ ယမင်း ကိုကို့ကို နားလည်အောင်လည်း မရှင်းပြပါရစေနဲ့တော့။ မှားခဲ့သူဟာ ယမင်းပါ။ ကိုကိုကတော့ အနားသတ်ထားတဲ့ သစ္စာတွေနဲ့ ယမင်းကို ချစ်ခဲ့သူပါကွယ်။

"ယမင်း၊ ကိုကို မျက်ရည်တွေ သုတ်ပေးမယ်နော်"

"ဟုတ်"

"ဝမ်းနည်းနေလား"

"ဟင့်အင်း"

"ဒါဖြင့် လက်ခံတယ်ပေါ့နော်"

"..."

ယမင်း ဘာမှမဖြေဘဲ တိတ်ဆိတ်စွာ ဆွံ့အသွားချိန်မှာ ကိုကိုက ယမင်းလက်ကလေးကိုဆွဲပြီး ထသည်။

"လာ ယမင်းအတွက် သတို့သမီးဝတ်စုံ သွားအပ်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်... "

"ကိုကိုက ချုပ်ပြီးပြီလေ၊ ယမင်း ချုပ်ရဦးမှာပေါ့၊ ကိုကို့ သူငယ်ချင်းတွေကတော့ ပြောတယ်၊ ဗိုလ်ချုပ်ဈေးထဲက ဒေါ်လာမြင့် အောင်ချုပ်ရင် အရမ်းလှတယ်တဲ့"

"အဲ့ဒီမှာပဲ ပိတ်စဝယ်ပြီး ချုပ်လိုက်ရအောင်နော်"

ယမင်းမှာ အသက်မရှိသည့် စက်ရုပ်တစ်ရုပ်လို ကိုကိုပြောသမျှ ငေးကြောင်နေမိကာ လူကလည်း ကိုကိုခေါ်ရာနောက် အိပ်မက်ထဲ လမ်းလျှောက်နေသည့်သူလို လွင့်မျောနေလျက်...

ကိုကိုတို့ကားလေး လမ်းထိပ်အရောက်မှာတော့ ကျွဲခနဲ ဆိုင်ကယ်အမြည်းကြီးလေးစီးက ဝေါခနဲအသံတွေနှင့်အတူ ကိုကို့ကား ရှေ့ ဖြတ်ပိတ်လိုက်ကြလေသည်။

"ဟင်... အဂ္ဂတို့ပါလား"

"ဟာ... ဒီကောင်တွေလား"

"ဟုတ်တယ် ကိုကို၊ ပြဿနာပဲ၊ ဘာနှောင့်ယှက်ဦးမလဲ မသိဘူး၊ လုပ်ပါဦး ကိုကို"

"ဒုက္ခပဲ၊ လမ်းကလဲ ပြန်ဆုတ်လို့မရတော့ဘူး၊ ဟိုဘက်နှစ် စီး ဒီဘက်နှစ်စီး ပိတ်လိုက်ကြပြီ"

"အို... လုပ်ပါဦး... လုပ်ပါဦး ကိုကို၊ သူတို့ကြည့်ရတာ ရန်ရှာကြတော့မှာ၊ ဘုရား... ဘုရား"

"နေ... နေ... "

အဂ္ဂတို့လူအုပ်ကို ကိုကိုက ရင်ဆိုင်ဖို့ အောက်ကိုဆင်းလိုက်





သေမဲ့ ကိုကို သိပ်ကြောက်နေမှန်း ပေါ်လွင်နေလေသည်။

"ဟေ့ကောင်တွေ၊ မင်းတို့ ဘာလုပ်တာလဲ၊ ဖယ်ပါကွာ၊ ငါတို့ သွားစရာရှိလို့ပါ"

"ဟား... ဟား... ဒေါက်တာကြီးက သတို့သားဝတ်စုံကြီးနဲ့ ပါလားကွ၊ ဟေ့... သူငယ်ချင်းတို့ရေ ဒီဒေါက်တာကြီး နည်းနည်း ပေါက်ပြီထင်တယ်၊ ဆေးကုကြရအောင်"

"ဟေ့... ဟေ့... မင်းတို့... မင်းတို့ လွန်မယ်နော်၊ ငါနဲ့ မင်းတို့ ဘာမှ ရန်ငြိုးရှိတာမဟုတ်ဘူး၊ မင်းတို့ ဘာလုပ်ဖို့ လမ်းတွေ ပိတ်ထားတာလဲ၊ ဖယ်ကြပါကွာ"

"ခင်ဗျားကောင်မလေးနဲ့ စကားပြောချင်လို့၊ ခေါ်လိုက်စမ်းပါ"

"ဟာ... မလုပ်ပါနဲ့ကွာ၊ သူ့ဆင်းလာမှာမဟုတ်ဘူး၊ ပြောစရာ ရှိ ငါ့ကိုသာပြော... "

"ခင်ဗျား ဖယ်စမ်းပါ၊ ကျွန်တော် သူနဲ့ နှစ်ယောက်တည်း ပြောမှာ"

"မလုပ်ပါနဲ့ကွာ၊ ငါတို့ အေးအေးဆေးဆေး သွားပါရစေ"

အဂ္ဂက ဆိုင်ကယ်နက်ကြီးပေါ်ကနေ ခုန်ဆင်းလိုက်ချိန်မှာ ကိုကိုက ယမင်းဘက်က ကားတံခါးမှာ အသေ ကိုယ်နှင့်ကာကွယ် ပြီး လက်တယမ်းယမ်းနှင့် ကြောက်လန့်တကြား တားမြစ်နေလေ သည်။

အဂ္ဂတို့အဖွဲ့ကတော့ သွေးဆူလျက်...

"ခင်ဗျား ဖယ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်လေး၊ ကိုယ့်ညီရာ ငါ အေးအေးဆေးဆေး ပြော နေတာပါ၊ ငါ တောင်းပန်ပါတယ်၊ သူ့ကို မနှောင့်ယှက်ပါနဲ့ကွာ"

"ခင်ဗျား ဖယ်မလား၊ မဖယ်ဘူးလား"

"ငါ တောင်းပန်ပါတယ်ကွာ၊ သွားကြပါကွာ၊ နော်... နော် ဒီကိစ္စ ငါတို့ ဘယ်သူ့ကိုမှလဲ ပြန်မတိုင်ပါဘူး၊ ပြန်ကြတော့ကွာ"

"ခင်ဗျားက တော်တော်အသားနာချင်တဲ့ ဆရာဝန်ကိုး"

"အဂ္ဂ ကြာတယ်၊ ရော့... "

"ဟင်... "

"ဟာ... "

အဂ္ဂထံသို့ သူ့သူငယ်ချင်းတစ်ယောက်က တုတ်တစ်ချောင်းကို လှမ်းပစ်ပေးလိုက်ချိန်မှာ ယမင်း လန့်ဖျပ်စွာ ထအော်လိုက်မိတော့သည်။

"မလုပ်နဲ့ ငါ ထွက်လာမယ်"

* * *



## အခန်း (၈)

ထိုဓာတ်မှာပဲ ဆူညံပွက်လောထသွားသည့် ရန်ပွဲကြီးထဲ ယမင်း ရောက်သွားချိန်မှာ ယမင်း ဘယ်လိုမှ အချိန်မမီလိုက်တော့...

"ခွပ်"

"အား...

အဂ္ဂသူငယ်ချင်းတစ်ယောက်က အဂ္ဂလက်ထဲကတုတ်ကို မြေး ယူလုက်ကာ ရိုပ်ခနဲမြင်လိုက်ရပြီးနောက်မှာ ကိုကိုက သူ့ခေါင်းကို သူ့လက်နှစ်ဖက်ဖြင့်အုပ်ကာရင်း နာကျင်စွာ ညည်းညူလိုက်သံကို ကြားလိုက်ရလေသည်။

"အမယ်လေး"

"ကိုကို"

"ကိုကို"

အဖြစ်အပျက်က စက္ကန့်ပိုင်းလေးမျှသာ အန်မတန်မြန်ဆန်လှ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ရန်ပွဲက တိခနဲရပ်သွားသလို အားလုံးလည်း အလျှိုလျှို ထွက်ပြေးသွားကြတော့သည်။

"ကိုကို"

"ရတယ်၊ ယမင်း စိတ်မပူနဲ့၊ ကိုကို ဘာမှမဖြစ်ဘူး၊ ဘာမှ မဖြစ်ဘူး"

"ဟင့်အင်း... ဘာဖြစ်လို့ ဘာမှမဖြစ်ရမှာလဲ ကိုကို၊ လုပ်ပါ၊ ဆေးရုံသွားရအောင်ပါ၊ ကိုကို့ခေါင်းက သွေးတွေ အရမ်းထွက်နေပြီ"

"ရတယ်၊ နေ... နေ..."

အံတင်းတင်းကြိတ်ကာ လဲပြိုနေရာမှ ပြန်ကုန်းကျုံးထဖို့ ကြိုးစားနေသည့် ကိုကို့ပုံက နာကျင်မှုကို အံတင်းတင်းကြိတ်ထားဟန်...

"မရပါဘူး၊ လာပါ၊ လာပါ ကိုကိုရယ်၊ ဆေးရုံသွားရအောင်ပါ"

"ယမင်း စိတ်မပူနဲ့၊ ကိုကို ဘာမှမဖြစ်ဘူး"

"လာ... လာ... ယမင်းပခုံးကို မှီအောင်တွဲလိုက်၊ ဆေးရုံသွားကြမယ်၊ ကိုကို သတိထားနော်... နော်"

"ကျွတ်... ကျွတ်... ကျွတ်"

"ဖြစ်ရလေ ကိုကိုရယ်"

"တကယ်ပါကွာ၊ သေရေးရှင်ရေး အရေးကြီးလာတဲ့အချိန်မှာ ကိုကို ယမင်းကို အသက်ထက်ပိုပြီး ချစ်ပြခဲ့ပြီဆိုတာ ယမင်း ယုံကြည်ရင် ကိုကို ကျေနပ်ပါတယ်"





"ကိုကိုရယ်၊ ယမင်း ယုံတယ်၊ ယမင်း သိပ်ယုံတာပေါ့၊ ယမင်း ကိုကို့အချစ်ကို ယုံလို့လဲ ကိုကိုနဲ့ လက်ထပ်ဖို့ဆိုပြီး သတို့သမီးဝတ်စုံချုပ်ဖို့ ခု ထွက်လာကြတာလေ၊ ကိုကိုရဲ့၊ နော်..."

ယမင်းမှာ ကိုကို ခံစားနေရတာကိုကြည့်ပြီး မျက်ရည်တွေဝဲကာ အသံတွေပါ တုန်ယင်နေတော့သည်။

"ပေးလေ၊ သော့..."

"ဟင် ကိုကို မောင်းမလို့လား"

"အင်း... ယမင်းမှ ကားမမောင်းတက်တာ"

"အို... ကိုကို့ခေါင်းမှာ ဒဏ်ရာကြီးနဲ့၊ မဖြစ်ဘူး ယမင်း တက္ကစီငှားလိုက်မယ်လေ"

"ရတယ်၊ ပေးပါကွာ"

"ဖြည်းဖြည်းနော် ကိုကို၊ ဖြည်းဖြည်းတက်"

ကိုကိုက ခေါင်းက သွေးယိုစိမ့်နေသည့် ဒဏ်ရာကို လက်ဖြင့် အုပ်ကိုင်ကာ စိတ်ဓာတ်ခုဖြင့် ကားမောင်းဖို့ ကြိုးစားသည်။

"ကိုကို ရရဲ့လားဟင်"

"ရတယ်"

ကိုကို့မျက်နှာပြင်မှာ သွေးများရွှဲနစ်လာကာ နှုတ်ခမ်းတွေလည်း ဖြူဖျော့လာသလို ရှိသည်။

"ဟင်... ကိုကို ဘာဖြစ်လဲ"

"ဟင့်အင်း"

ကိုကိုက မျက်လုံးတွေကို တင်းတင်းမှိတ်ပစ်ပြီး အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရှုကာ ကားစက်ကို နှိုးသည်။

"ရရဲ့လား ကိုကိုရယ်၊ ဟင်... "

"အင်း... "

စိတ်ဓာတ်စခုဖြင့် ကားမောင်းနေသည့် ကိုကို့မျက်နှာကို ကြည့်ပြီး ယမင်းမှာ မျက်ရည်တွေ တပေါက်ပေါက် ကျလာတော့သည်။

"သတိထားနော် ကိုကို၊ မမောင်းနိုင်ရင်လဲ ကားငှားသွားမယ်လေ"

"ကိုကို ဆရာဝန်ပါ၊ ဘာမှမဖြစ်ဘူး၊ ယမင်း ဘာမှလျှောက်မတွေးနေနဲ့နော်"

ကိုကို ဆရာဝန်ပါ၊ ဘာမှမဖြစ်ပါဘူး ဆိုသည့် စကားတစ်ခွန်းဖြင့်ပင် ယမင်း အနည်းငယ် စိတ်သက်သာရာ ရသွားခဲ့ချိန်မှာ ကိုကို ဆေးရုံကို မမောင်းခဲ့ပါ။

"ဟင်... ကိုကို ဘာလို့ အိမ်ကိုပြန်မောင်းတာလဲ"

"အိမ်မှာပဲ ကိုကို ဆေးထည့်ရင် ရပါပြီ"

"ဟုတ်ရဲ့လား ကိုကိုရယ်၊ ယမင်းကို တမင် စိတ်သက်သာရာ ပြောနေတာများလားဟင်"

"ယမင်းကို ကိုကို ပြစရာရှိလို့လေ"

ကိုကို့အသံက သိသိသာသာကြီး အက်ကွဲခြောက်သွေ့သွားကာ တိုး[illegible]တ်ဖျော့တော့နေသည်။

"ဘာဖြစ်လို့လဲဟင်၊ ဒီအချိန်ကြီးကျမှ ကိုကိုရယ်၊ ယမင်း





အတွက် ယမင်းက အရေးကြီးနေလို့လား"

"ဒါပေါ့၊ အချိန်မမီလိုက်မှာပဲ စိုးတာ"

"အို... "

တကယ်တော့ ကိုကို အိမ်ရောက်လာသည်ထိ ဘယ်လောက်ထိ အားတင်းကြံခိုင်ထားရသည်ဆိုတာ ကိုကိုကိုယ်တိုင် သိနေပါလိမ့်မည်။

အံ့ဩစရာကောင်းတာက ဘယ်တုန်းကမှ ဟန်မဆောင်တတ်ခဲ့သည့် ကိုကိုက ယခုဒဏ်ရာရနေချိန်မှာ ကိုကိုက အရမ်းဟန်ဆောင်တတ်ခဲ့ပြီ။

"ကိုကို့ကို အခန်းထဲပဲ ပို့ပေးကွာ"

"ရရဲ့လား ကိုကို၊ တတ်နိုင်ရဲ့လား"

"အင်း... "

ထိုအချိန်က ကိုကို့ဒေါ်ဒေါ်ကလည်း ဈေးသွားဝယ်နေချိန်မို့ ကိုကိုနှင့် ဒေါ်ဒေါ်အပြင် အပိုလူမရှိသော အိမ်လေးမှာ ယမင်းနှင့်ကိုကို နှစ်ယောက်တည်းပဲ ရှိလေသည်။

"ဖြည်းဖြည်းနော်၊ ဖြည်းဖြည်း"

"အင်း... အင်း"

ကိုကိုက သူ့အခန်းလေးထဲ ရောက်သွားချိန်မှာ တစ်စုံတစ်ခုကို ကျေနပ်သွားသလို တစ်ချက်ပြုံးသွားပြီး ယမင်းပခုံးကို ခပ်တင်းတင်း တစ်ချက်ဖိညှစ်သည်။

"စိတ်ချပြီ"

"ဟင်... ဘာကိုလဲ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



“ကိုကို့အိမ် ရောက်လာပြီလေ”

“ဆေးထည့်ရအောင်နော်၊ တော်ကြာ သွေးထွက်လွန်နေလိမ့်မယ်”

“ခဏလေးပါကွာ၊ ကိုကို ပြစရာရှိတယ်”

ကိုကိုက ယမင်းအနားက ဆတ်ခနဲထသွားချိန်မှာ ကိုကို့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လျက်ရှိသည်။

ဖြစ်ရလေ။ တစ်စုံတစ်ခုရဲ့ နာကျင်မှုကို ကိုကို အားတင်းတောင့်ခံထားပုံပါပဲ။

“ကိုကို ဆေးထည့်မယ်ဆို၊ ဘယ်သွားနေတာလဲ”

“ခဏလေး”

“ကိုကို ယမင်း အင်္ဂတို့အုပ်စုတို တရားစွဲမယ်နော်”

“ဟာ… မလုပ်ရပါဘူး၊ တော်ပါပြီ၊ ဖြစ်ပြီးတာလဲ ဖြစ်ပြီးသွားပြီပဲ”

“ကိုကို အလန့်တကြား တားမြစ်တာကို ယမင်း မကျေနပ်ဘဲ ကိုကို့ကို ဆက်ပြီး အတိုက်အခံ ပြောမိသွားသည်။

“ခုကိစ္စက သူတို့ကြောင့် ကိုကို ဖြစ်ရတာလေ၊ ဒါ အင်္ဂသူငယ်ချင်းရဲ့ လက်ချက်ပဲဟာ၊ ဒီကောင်တွေကို ဒီလိုလွှတ်ထားရင် ပိုဆိုးလာမှာ၊ ရဲနဲ့တိုင်မှကို ငြိမ်ကုပ်သွားမှာ”

“နေပါစေကွာ၊ ကိုကို ဘာမှမလုပ်ချင်တော့ဘူး၊ သူတို့နဲ့လဲ ထပ်မတွေ့ချင်တော့ဘူး၊ အဓိကက ယမင်းရဲ့ ဂုဏ်သိက္ခာပဲ၊ ယမင်း မတိုင်ပါနဲ့၊ ကိုကို ဝဋ်ရှိလို့ ခံရတာပဲ မှတ်ပါတယ်”





“အို… ”

“ဝဋ်ဆိုတာ အကြွေးပဲလေ၊ ကိုကို အကြွေးပြန်ဆပ်ပြီးပြီလို့ပဲ ကျေနပ်လိုက်မှာပါ၊ ယမင်းလဲ ကိုကို့ကို ကတိပေးပါ၊ လျှောက်မတိုင်ရဘူးနော်”

“ကိုကိုရယ်၊ အဲ့လို လူတကာပေါ် သူတော်ကောင်းစိတ်မွေးနေလို့လဲ ကိုကို ကြားထဲက အချောင်ခံလိုက်ရတာ၊ ယမင်းတော့ ကိုကို ယမင်းကြောင့်ဖြစ်ရတာကိုကြည့်ပြီး အင်္ဂတို့ကို ဒေါသလဲထွက်တယ်၊ ကိုကို့ကိုလဲ အရမ်းသနားတယ် သိလား”

“ကိုကိုကတော့ ဝဋ်ကြွေးတစ်ခုကို ဆပ်လိုက်ရတယ်လို့ပဲ သဘောထားလိုက်တယ်၊ ပြီးတော့ ယမင်းအတွက် ကိုကို အသက်စွန့်ရဲခဲ့ပြီလေ”

“ကိုကို… ”

ယမင်း စိတ်လွတ်သွားတာ ကိုကို့ဆီ တအားပြေးသွားလိုက်မိပြီး ကိုကို့ကို တင်းတင်းဖက်ထားလိုက်မိသည်။

“ယမင်း… ”

ယမင်းက ကိုကို့ကို ဖြေသိမ့်သလို နှစ်သိမ့်ပြုံးတစ်ခုနှင့် ယမင်းပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်ချိန်မှာ ကိုကို့လက်တွေက တင်းကျပ်လာလိုက် အားပျော့သွားလိုက်နှင့်…

“ကိုကို”

“အင်… ”

“ကိုကို့လက်တွေက အေးစက်နေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး"

"ဟုတ်ရဲ့လားဟင်"

"အင်း… "

"ကိုကို့အချစ်တွေ သစ္စာတွေက အားလုံး အနားသတ်ထားတာနော်၊ အရင်ကဆို ကိုကို သူ့ရဲဘောကြောင်တာကိုကြည့်ပြီး ယမင်းအတွက် ကိုကို ဘာမှမလုပ်ပေးတတ်ခဲ့ဘူး ထင်ခဲ့တာ"

"ခုတော့ကွယ်၊ ယမင်းဖြင့် ယုံကိုမယုံကြည်နိုင်သလိုပဲ၊ ကိုကို့ကိုလေ ယမင်း ပိုချစ် ပိုချစ်မိပါပြီ"

"ဝမ်းသာပါတယ်ကွာ"

ကိုကို့အသံက ပိုပြီး တိုးလျသွားလေပြီ။ ပြီးတော့ ယမင်းကိုလည်း သူ့ရင်ခွင်ထဲမှ အသာအယာ ဖယ်ခွာလိုက်ပြီးလျှင်…

"မငိုနဲ့၊ ကိုကို ဘာမှမဖြစ်ဘူး"

"ကိုကို ပြစရာလေး ရှိနေသေးတယ်"

"ခဏလေး"

ကိုကိုက စကားကို ခပ်ဖြည်းဖြည်းပြောသည်မို့ တစ်လုံးချင်းက တိုးလျစွာ မှိန်ဖျော့နေသည်။ ပြီးလျှင် ကိုကိုက သူ့ခုတင်ခေါင်းရင်းဘက်ဆီသို့ တဖြည်းဖြည်း လျှောက်သွားသည်။

* * *





## အခန်း (၉)

ထို့နောက်မှာတော့ ကိုကိုက သူ့ခုတင်ခေါင်းရင်းဘက်က လိုက်ကာစလေးကို ဆွဲဖယ်လိုက်ချိန်မှာ ကြီးမားသည့် ဓာတ်ပုံကြီးတစ်ပုံကို တွေ့လိုက်ရလေသည်။

"ဟင်… "

ထိုဓာတ်ပုံထဲက ကောင်မလေးသည် ယမင်းကိုယ်တိုင်ပဲ ဖြစ်နေသည်။

"မြတ်စွာဘုရားရေ… "

"ဒါ… ဒါ ကိုကို… က… "

"ကိုကို ဆွဲထားခဲ့တာလေ၊ ကြာပြီ၊ ကိုကို ယမင်းကို စတွေ့ခဲ့ကတည်းက ပုံကြမ်းလောင်းပြီး အချောသတ်နေတာ"

"ဘယ်လောက်လဲဆိုရင် ဒီပန်းချီကားကြီးတစ်ချပ် ပြီးမြောက်သွားဖို့ ကိုကို အချိန်ယူခဲ့တာ သုံးနှစ်သုံးမိုးတိတိပဲ"

"ဘုရားရေ… "



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ်…"

ဟု ယမင်း လန့်ဖျပ်စွာ ညည်းညူမိရင်းက ခတ်ပုံလေးကို သေသေချာချာ စိုက်ကြည့်မိသွားသည်။ အမှောင်ရိပ်တစ်ခုမှ အပြင်ဘက်သို့ လှမ်းကြည့်နေသော မျက်နှာလေးက လှပနုပျိုစွာပင် လျှို့ဝှက်မှုအပြည့်ဖြင့်…

မျက်လုံးလေးတွေက လွတ်လပ်မှုကို မက်မောခုံမင်မှု၊ ရဲရဲပြတ်သားမှု၊ အချစ်ကို စူးစမ်းလိုမှုတွေ မြင်နေရသည်။

နဖူးပြင်ကျယ်ကျယ် အလယ်ခွဲဆံပင်ဆီမှ ကကြိုးပုံစံဆံပင် ဖြောင့်ဖြောင့်လေးတွေက ဝဲကျလျှက် သေးမျှင်သည့် နက်မှောင်သည့် မျက်ခုံးအောက်က ချွန်မြသောနှာတံလေးကို မသိမသာချီထားလျက်…

တွေ့လိုက်တာ…

ယမင်းရဲ့စိတ်ကို ကိုကိုက ခတ်ပုံကြီးနဲ့ အပြည့်အဝ ပုံဖော်ထားခဲ့တာကို။

ကြည့်စမ်း…

ကိုကိုက ယမင်းရဲ့စိတ်ကို အပြည့်အဝ နားမလည်ဘူးဟု ထင်ထားခဲ့မိတာ။ တကယ်တော့ ကိုကိုက ယမင်းရဲ့စိတ်ကို အပြည့်အဝ နားလည်ခဲ့သူကို။

တကယ်ဆို ကိုကိုက ယမင်းစိတ်ကို နားမလည်ချင်ယောင် ဆောင်ပြခဲ့တာ။ တကယ့်ကို လျှို့ဝှက်သိပ်သည်းခဲ့တာက ကိုကို ဖြစ်နေပါရောလား။

"ယမင်း"





"ရှင်… ကိုကို"

အရာအားလုံးကို နားလည်ထားသည့် အပြုံးတစ်ခုဖြင့် ကိုကိုက ယမင်းနားသို့ ပြန်လျှောက်လာသည်။ တစ်ချက်တစ်ချက် ကိုကို့ခြေလှမ်းတွေ ယိမ်းထိုးနေလေသည်။

ထူးဆန်းတာက ကိုကို ခုချိန်ထိ သူ့အနာကို ဆေးမထည့်သေးပါ။ ယမင်းကို ခတ်ပုံကြီးတစ်ပုံကို ပြချင်သည့်စိတ်၊ သူပြောချင်သည့် စကားတွေကို အကုန်ပြောလိုစိတ်၊ ထိုစိတ်တွေသာ ဖောကပ်နေပုံရသည်။

"ယမင်းရဲ့မျက်လုံးတွေမှာ ယမင်းရဲ့စိတ်တွေအားလုံးကို ကိုကို ထည့်ထားတယ်နော်"

ကိုကို့မျက်လုံးတွေက အနာရှိန်ကြောင့် အားယူပြီး ဖွင့်ကြည့်လိုက်၊ ပြန်မှေးမှိန်သွားလိုက်နှင့် ရီဝေမှိန်ဖျော့နေကြသည်။

"ကိုကို ဆေးထည့်တော့လေ"

"ရပါတယ်ကွာ"

"ဟင့်အင်း၊ ကိုကို ဘာဖြစ်လို့ ခုချိန်ထိ ဆေးမထည့်သေးတာလဲ၊ ကိုကို့ခေါင်းက သွေးတွေကလဲ ခုထိ မတိတ်သေးဘူးလေ"

"သိတယ်၊ ကိုကို သိပါတယ်၊ ကိုကို ဒီဒဏ်ရာကို ဆေးမထည့်လိုက်ရမှာကို စိတ်မပူဘူး၊ တစ်ခုပဲရှိတယ်၊ အဲ့ဒါ ကိုကို အိပ်ပျော်သွားတဲ့ချိန်၊ ယမင်းကို ပြောရမယ့်စကားတွေ ကျန်ခဲ့မှာကိုပဲ"

"ဟင့်… ကိုကို အိပ်ပျော်သွားရင်လဲ ယမင်း စောင့်နေမှာပေါ့၊ ခုချိန်ကစပြီး ယမင်း ကိုကို့အနားကနေ ဘယ်ကိုမှ မသွားတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ"

ထိုအခါ ကိုကိုက နက်ရှိုင်းနာကျင်သည့် အပြုံးတစ်ခုဖြင့်...

"ဓာမကိုဆီရော"

"အို... "

ကိုကို သတိပေးလိုက်တော့မှ မောင့်ကို သတိရမိသွားကာ ဖြန်းခနဲ မျက်နှာထူပူစွာ ရှက်ရွံ့နာကျင်သွားရသည်။ (မောင် ခုလို အချိန်မျိုးမှာ မင်းကို တစ်ချက်ကလေးမှ ကိုယ် သတိမရမိဘူးကွယ်)

ကြည့်စမ်း...

ကိုကို သိနေခဲ့တာကိုး...

ဒါတောင် ယမင်းကို တစ်ခွန်းမှ အပြစ်မပြောခဲ့ဘူး။

ကိုကိုရယ်...

ယမင်း ရင်နင့်သွားခိုက်မှာ ကိုကိုက ဆွေးဆွေးမြည့်မြည့်လေသံဖြင့် တစ်လုံးချင်း ခပ်လေးလေး ပြောလာသည်။

"တကယ့်ကို အမှတ်တရလေးပဲကွာ"

"ကိုကို့ဆီကို ယမင်း သိပ်ဖျားနေတုန်း ရောက်လာခဲ့တာနော်"

"ဟုတ်ကဲ့"

"အဲ့ဒီနေ့ကလေ ယမင်းရဲ့မျက်လုံးလေးတွေက ကိုကို့ကို ဆွဲညှို့ယူထားလိုက်တာ ကိုကို့မှာ အဃောင်ယောင်အမှားမှားနဲ့ ဆေးထိုးတောင် မှားတော့မလို ဖြစ်ခဲ့တာ၊ ယမင်းပြန်သွားတဲ့ထိ ကိုကို့မျက်စိထဲ စွဲကျန်ရစ်ခဲ့တာ၊ နောက်တော့ ယမင်းအချစ်ကိုရှာ ကိုကို အကြာကြီး လိုက်ခဲ့ရတယ်"





"ကိုကိုတို့ ချစ်သူတွေဖြစ်လာပြန်တော့လဲ... "

"ဟင့်အင်း... တော်ပြီ၊ တော်ပြီ ကိုကိုရယ်၊ ကိုကိုကြည့်ရတာ မောနေပြီ၊ ကြည့်ဦး၊ ကိုကိုဝတ်ထားတဲ့ သတို့သားတိုက်ပုံ အင်္ကျီလေးမှာတောင် ချွေးတွေ တော်တော်စွန်းနေပြီ"

"မရိုတ်တော့ပါဘူးကွာ၊ နေပါစေတော့၊ ကိုကို ယမင်းနဲ့ အခုလောက် ချစ်ခွင့်၊ နေခွင့်ရတာကိုပဲ မက်မောလှပြီ"

"ဘုရားရေ... ကိုကို ဘာတွေပြောနေတာလဲ"

"တကယ်ပါ ကလေးရယ်၊ ကိုကို မင်းကို တကယ်ချစ်လွန်းလို့ တခြားကိစ္စတွေအတွက် ကုန်သွားမယ့်အချိန်တွေကို နှမြောမိတာပါ"

ကိုကို့စကားတွေက ယမင်းစိတ်ကို ထိတ်လန့်စွာ သံသယဝင်လာစေသဖြင့် ကိုကို့လက်ကလေးကို ခပ်ဖွဖွလှမ်းဆုပ်ကိုင်လိုက်ပြီး...

"တော်တော့နော် ကိုကို၊ လာ... ထိုင်လိုက်၊ ဆေးထည့်ရအောင်နော်၊ ယမင်း ကိုကို့ကို ဆေးအိတ်ယူပေးမယ်လေ"

"ရပြီ၊ မလိုဒ်တော့ဘူး"

"ဟင်... "

ကိုကို့မျက်နှာက နာကျင်မှုကို အံတင်းခံထားပေမဲ့ မျက်လုံးတွေ မတောက်ပတော့ လေသံတွေကလည်း သဲ့သဲ့လေးမျှ။ သို့သော်...

ကြည့်ရတာ ကိုကို ယမင်းကို စကားတွေအများကြီး ပြောချင်နေသေးပုံပင်။ စိတ်ဆန္ဒပြင်းပြထက်သန်မှုဖော တစ်ခုကြောင့်သာ ကိုကို လဲပြိုမကျသွားခဲ့ခြင်း...

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို တစ်ခုခု ဖြစ်နေပြီမလားဟင်"

"ပြောပါ၊ ပြောပါဦး ကိုကိုရဲ့၊ ကိုကို့ဒဏ်ရာ တစ်ခုခု ဖြစ်နေပြီမလား"

"ကိုကို ဘာမှမဖြစ်ပါဘူးဆိုကွာ"

"ဟင့်အင်း ကိုကိုရယ်၊ ဟင့်အင်း... ယမင်းကို ဘာမှမပြောပဲနဲ့တော့၊ ခဏမှိန်းနေလိုက်တော့နော်"

ကိုကို့ခေါင်းက သွေးတွေက ကိုကို့တိုက်ပုံတွေပေါ် တစ်စက်ချင်း စီးကျနေသည်မှာ ရင်နာစရာ။ သို့သော် ကိုကို့စိတ်တွေက ဒဏ်ရာဆီမှာ ရှိမနေ။ ယမင်းဆီမှာသာ စိတ်ပြင်းပြစွာ ရှိနေသည်။

"ကိုကို"

"ဟင်... "

ကိုကိုက ယမင်းပခုံးနှစ်ဖက်ကို တုန်ယင်လှုပ်လှဲ့စွာ ဆုပ်ကိုင်လာသည်။

ပြီးလျှင်...

"ကိုကို မင်း လက်ပေါ်မှာပဲ"

"ဟင်... လန့်လိုက်တာ ကိုကိုရယ်၊ ကိုကိုပြောတာ ကိုကို ပြောချင်တာက... "

ရင်ထဲမှာ ဗုံးတစ်လုံးပေါက်ကွဲသလို ကျယ်လောင်စွာမြည်ဟည်းသွားတော့သည်။

"ကိုကို"

"ကိုကို"





"အင်... "

"လာ... လာ... ခဏလှဲနေလိုက်ပါ ကိုကိုရယ်၊ ကိုကို့ကြည့်ရတာ တစ်မျိုးပဲ၊ ကိုကို့မျက်နှာတစ်ခုလုံးလဲ ဖွေးဆွတ်နေပြီ"

ကိုကို စကားပြန်မပြောဘဲ ကြိုးစားပြုံးလိုက်တာ မြင်လိုက်သည်။

"ကြည့်ဦး၊ ကိုကို့လက်တွေလဲ ပိုပြီးတော့ကို အေးစက်လာပြီ၊ မဖြစ်ဘူး ကိုကို၊ ခုချိန်မှာ ကိုကို ဆေးထည့်လိုက်မှ ဖြစ်တော့မယ်"

ယမင်းက ဘယ်လောက်ပဲ စိုးရိမ်တကြီးပြောပြော ကိုကိုက ခေါင်းကို ယမ်းနေမြဲ... ။

ခဏကြာတော့ ကိုကို့ခြေအစုံက မတ်မတ်ပင် မရပ်နိုင်တော့ဘဲ သွတ်ခွေကာ ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြိုလဲကျသွားတော့သည်။

"ကိုကို... "

"အံမယ်လေး၊ ကိုကို... ကိုကို ဘာဖြစ်တာလဲ၊ ယမင်း ရှိတယ်၊ ယမင်းရှိတယ်နော်"

ကိုကို့ကို ပွေ့ချီလိုက်မိသည့် တစ်ခဏမှာ ကိုကို့ဆီမှ ပူနွေးသောနှလုံးခုန်သံကို မကြားရတော့ပေ။

"ဟင်..."

ကိုကိုကတော့ ယမင်းကို မျက်လုံးဖွင့်ကြည့်လျက်သားပင်။ ကြည့်စမ်း ကိုကို့မျက်လုံးမှာ မျက်ရည်တွေနဲ့ပဲ။

မြတ်စွာဘုရား...

ဒါ ကိုကို မဆုံးခင်ငိုသွားခဲ့တဲ့ မျက်ရည်တွေ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ကိုကို"

ယမင်းမှာ တဒင်္ဂအတွင်း ရူးသွပ်သွားသူလို စိတ်လွတ်သွားကာ အကျယ်ကြီး ကူကယ်ရာမဲ့ အော်ခေါ်နေမိတော့သည်။

"ကိုကို"

"ကိုကို ထပါ၊ မရပါဘူး၊ အဲ့လိုကြီး ထွက်မသွားပါနဲ့ကွယ်၊ ဟင့်အင်း… ဟင့်အင်း… ပြန်ထလာပါ၊ ယမင်းတို့ လက်ထပ်ကြမယ် ဆို"

ယမင်း ဘယ်လောက်ပဲ အော်ခေါ်၊ အော်ခေါ် ကိုကို မကြားတော့။ ကိုကိုက မျက်ရည်တွေနှင့် မျက်လုံးဖွင့်လျက်သား ယမင်းကို ကြည့်နေလျက်နှင့်ပင် ရှိသည်။ နှုတ်ခမ်းတွေကတော့ ယမင်းလက်ပေါ်မှာ သေဆုံးသွားရသည့်အတွက် ကြည်နူးပီတိဖြာသော အပြုံးတစ်စနှင့်။ (ယမင်းအပေါ် အသက်ပေးချစ်ခဲ့ဖူးသည့် အချစ်ကို ပြသနိုင်ခဲ့သဖြင့်လည်း ကိုကိုက ကျေနပ်ဂုဏ်ယူပြုံးတစ်စ ခိုတွယ်နေခြင်းမျိုးပင်)

"ကိုကိုရယ် ဖြစ်မှဖြစ်ရလေကွယ်"

"ကိုကို"

ကိုကို့ကို မျက်လုံးတွေကို မှိတ်ပေးလိုက်ပြီးချိန်မှာ ယမင်း ယူကျုံးမရစွာ စိတ်ရှိလက်ရှိ ငိုကြွေးချလိုက်မိတော့သည်။

* * *





## အခန်း (၁၀)

"မ"

"မ"

"ဟင်… ဓာမဏိ"

ယမင်းမှာ ကိုကို့အလောင်းကို ပွေ့ဖက်ပြီး ယူကျုံးမရနိုင်လွန်းစွာ ရှိုက်ကြီးတငင် ငိုကြွေးနေရင်းမှ ဗြုန်းဆို ယမင်းတို့ရှေ့ ရောက်လာသည့် ဓာမဏိကို မော့ကြည့်မိသွားကာ သရဲခြောက်သလို ခံစားလိုက်ရသည်။

"မ… ဒါ ဘာဖြစ်တာလဲ"

"မ… သူ ဘာဖြစ်တာလဲ"

ဓာမဏိမေးသံတွေက အထိတ်တလန့်။ ယမင်းမှာတော့ ဓာမဏိကို မြင်မြင်ချင်း ကိုကို့အလောင်းကို ပြန်ချမိရင်း ဘုန်းဆီ အားကိုးတကြီး ပြေးဖက်မိသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဓာမဏိ"

"ကျွန်တော့်ကို ပြောပါဦးဗျာ၊ ရင်တွေထိတ်လိုက်တာ၊ ဒါ ဘာဖြစ်တာလဲ၊ မ တစ်နေ့လုံး ပျောက်နေလို့ ကျွန်တော် ဆေးရုံကြီးမှာ ဆရာဝန်လိပ်စာတောင်းပြီး ဒီထိလိုက်လာခဲ့တာ၊ ဘာတွေဖြစ်ကုန်တာလဲဟင် မ"

"ကိုယ်... ကိုယ် မသတ်ဘူး၊ ကိုယ့်လက်ပေါ်မှာပဲ သူ... သူ ဆုံးသွားတာ၊ သူ့ကိုလေ အဂ္ဂတို့အုပ်စုက ခေါင်း... ခေါင်းကို ဝိုင်းရိုက်ကြတာ"

"ဟာ... မိုက်ရိုင်းလှချည်လား၊ ဖြစ်မှဖြစ်ရလေဗျာ"

"ကိုယ်လေ သူသေဆုံးသွားပုံကိုကြည့်ပြီး အရမ်းသနားတယ်၊ သူ ကိုယ့်အတွက် ကာကွယ်သွားတာ၊ သူလေ... သူ... "

"တော်တော့ မ၊ မ ကြည့်ရတာ နှုတ်ခမ်းတွေ ဖြူနေပြီ၊ မျက်လုံးတွေလဲ နီတွတ်နေပြီ၊ မ အရမ်းထိခိုက်ခံစားရပြီ၊ တော်ကြာ ရှော့(ခ်)ဝင်နေဦးမယ်၊ မ ကျွန်တော် သဘောပေါက်ပြီ၊ မ အိမ်ပြန်လိုက်ခဲ့တော့နော်"

"ဟင့်အင်း... "

"ဟာ... မဖြစ်ဘူးလေ၊ ဒီအိမ်မှာ မနဲ့ လူသေကြီးနှစ်ယောက်တည်း ဘယ်လိုနေမလဲ၊ လာပါ မ၊ မ စိတ်အေးအေးထားပါ၊ ကျွန်တော် ဆရာဝန်ကိစ္စတွေအားလုံး စီစဉ်ပေးပါ့မယ်၊ ကျွန်တော် လက်ခံတယ်၊ သူ မကို ကာကွယ်ရင်း ခံလိုက်ရတာ၊ တော်က်...





ဒီကောင်တွေ ကျွန်တော် အမှုန့်ပြန်ချေပြမယ်၊ မ သက်သက်မဲ့ တန်ဖိုးရှိတဲ့လူတစ်ယောက် အချောင်နဲ့ သေသွားရတာ"

ဓာမဏိက ယမင်းကို ချော့မော့နှစ်သိမ့်လိုက်၊ ကိုကို့အလောင်းကိုကြည့်ကာ တစ်ဖက်က အဂ္ဂတို့အုပ်စုကို ဒေါသဖြစ်လိုက်နှင့် တော်တော်လေး စိတ်ရှုပ်သွားပုံရသည်။

ယမင်းမှာတော့ ဓာမဏိရင်ခွင်ထဲမှာ ခိုကိုးရာမဲ့သလို အော်ငိုလိုက်၊ တတွတ်တွတ် ရှင်းပြလိုက်နှင့် ကိုကို့ကို မထားရက်ခဲ့နိုင်လောက်အောင် ဖြစ်ရပြန်သည်။

တကယ်ဆို ကိုကိုရယ်လေ၊ ယမင်းနဲ့ ချက်ချင်းလက်ထပ်ကြဖို့ သတို့သားဝတ်စုံကိုတောင် အစမ်းဝတ်ထားရှာသူလေ။ ကိုကို့ခမျာ နိုင်ငံခြားသွားခါနီး ယမင်းကို စိတ်မဖြောင့်နိုင်လွန်းလို့ တစ်ခါတည်း လက်ထပ်သွားဖို့ ဇောကပ်နေရှာသူလေ။ ကံဆိုးစွာ အဂ္ဂတို့နဲ့ ပက်ပင်းတိုးပြီး ခေါင်းအရိုက်ခံရတာတောင် ကိုယ့်ဒဏ်ရာကိုယ်မကုဘဲ ယမင်းကို သူဆွဲထားတဲ့ ဓာတ်ပုံကြီးကို ထုတ်ပြ၊ စကားတွေပြောကြနဲ့ နောက်ဆုံး စိတ်မချနိုင်စွာ မျက်လုံးလေးဖွင့်ပြီး ယမင်းလက်ပေါ်မှာပဲ အသက်ထွက်သွားရှာသူရယ်ပင်... ။

ကံဆိုးလိုက်တဲ့ ကိုကိုရှယ်လေ...

ကိုကို သေဆုံးသွားချိန်ကြမှ ယမင်း ကိုကို့အပေါ် ဘယ်လောက်ထိ တန်ဖိုးထားရမှန်း၊ ချစ်နေမိမှန်း သိခဲ့ရသည်။

သို့သော် ကိုကိုကတော့ ယမင်းရင်ထဲက ပြောပြမည့်စကားတွေကို နားထောင်ခွင့် မရလိုက်ရှာတော့။



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ ကိုကိုရယ်…

ယမင်းတို့ဘဝချင်း ဘယ်လိုမှ မပေါင်းဆုံနိုင်တော့ပါဘူး။

ကိုကို သေဆုံးသွားချိန်ထိ ယမင်းပေါ် ကောင်းရှာသူလေ။ အင်္ဂတို့ကိုတောင် အငြိုးမထားနိုင်ဖို့ လက်တုံ့မပြန်ဖို့ တဖွဖွမှာကာ ရန်သူကိုပင် မေတ္တာထားနိုင်သည်ထိ စိတ်ဖြူရှာသူပင်။

ယမင်းမှာတော့ တွေးလေ ကိုကို့အလောင်းဆားကနေ မခွဲနိုင် မထားခဲ့နိုင်လောက်အောင် ဖြစ်ရပြီး ဖြွန်းဆို ဓာမဏီ့ရင်ခွင်ထဲမှ လွတ်ထွက်လိုက်ကာ ကိုကို့ဆီ ပြေးဖွေ့မိသွားပြန်သည်။

"ကိုကို… "

"ဖြစ်ရလေ ကိုကိုရယ်၊ အဟင့်… ဟင့်… ဟင့်… ကံဆိုး လိုက်ပါဘိတော့ကွယ်"

"မ… "

"မရယ် ထပါတော့၊ မ စိတ်ကိုထိန်းလေ၊ စိတ်ကို သိပ်မလွှတ် လိုက်နဲ့ မ၊ ဆရာဝန်က သေဆုံးသွားပြီလေ"

"သူ မရှိတော့မှ… သူ မရှိတော့မှ၊ သူ့တန်ဖိုးတွေ သူ့အချစ် တွေ ကိုယ် အရမ်းနှမြောမိတယ် ဓာမဏီရယ်၊ ကိုယ် ဘာလုပ်ရမလဲ ဟင်၊ ကိုယ် ရူးပြီလား မသိပါဘူး"

"မစိတ်ကို မ ထိန်းမှာပေါ့ မ၊ ကျွန်တော် မနားမှာ ရှိတယ် လေ၊ မ ဆရာဝန်ကိုချစ်သလို ကျွန်တော့်ကိုလဲ ချစ်နေတာပဲ မဟုတ် လား၊ ထပါ မ၊ မ စိတ်ပင်ပန်းလှပါပြီ"

ဓာမဏီက ယမင်းကို ကြင်ကြင်နာနာလေး လာတွဲခေါ်သည်။





ယမင်းရင်တစ်ခုလုံး ဆို့ကျပ်ပြည့်သိပ်စွာ ခံစားနေရသည့် ဆိုးရွားသည့် ဝေဒနာကြီးကတော့ ပျောက်ကွယ်မသွားချေ။

ဖြစ်နိုင်လျှင် ယမင်း ဟိုးမမြင်ရသည့် လောကကြီးဘက်ကို အဆုံးစွန်ဆုံးထိ ပြေးထွက်သွားလိုက်ချင်သည်။

ကံဆိုးလွန်းသည့် ကိုကို့ကို ယမင်း လိုက်ရှာချင်သည်။ သို့သော် ယမင်းနှင့် ကိုကိုကတော့ ဘယ်တော့မှ မပေါင်းဆုံနိုင် ကြတော့။

"မ… "

"လာ… သိပ်မှောင်နေပြီ၊ ပြန်ကြစို့နော်"

"သူ သူ့ကိုရောဟင်… "

"ထားခဲ့ရမှာပေါ့"

"ကိုယ် သူ့ကို စိတ်မချဘူး၊ ကိုယ့်နားမှာ သူရှိနေသလိုပဲ၊ ပြီးတော့ ကိုယ့်ကို သူကြည့်နေသလိုပဲ ဓာမဏီရယ်၊ သူ့ဝိညာဉ်က ဒီအခန်းထဲမှာပဲ ရှိနေသေးသလိုပဲ"

"ဒါက မ စိတ်ထဲထင်ရာတွေ လျှောက်ဖြစ်နေတာပါနော်၊ အိမ်မှာ မာမီနဲ့ ဒယ်ဒီလဲ ကျွန်တော်တို့ကို စိတ်ပူလောက်ပြီ"

"ဟုတ်လား"

မောင့်မိဘတွေ ဆိုသည့်အသိဖြင့် ယမင်းအပေါ် တောက် လျှောက် ကောင်းခဲ့သည့် ကျေးဇူးရှင်တွေဆီ စိတ်ပူအောင် မလုပ်မိဖို့ ကိုယ့်ကိုယ်ကို အားတင်းထိန်းလိုက်စဉ်မှာ ယမင်းက ချာချာလည်အောင် မူးနောက်နေခဲ့ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား... "

"ဟင်... မ၊ မ ဘာဖြစ်တာလဲ"

"မူးတယ်၊ မူးလိုက်တာ"

"ဟာ... မ သိပ်အားနည်းနေပြီ၊ ကျွန်တော်ပြောတယ်၊ ကြာရင် မ ရှော့(ခ်)ဝင်လာလိမ့်မယ်လို့၊ နေ... နေ ကျွန်တော့်ပခုံးကို မှီလိုက်"

"အင်း... ကျွတ်... ကျွတ်... ကျွတ်"

"ဟုတ်ပြီ၊ ဖြည်းဖြည်းလျှောက်ကြည့်"

"အား... မရဘူး၊ တအားမူးတယ်"

"ခဏလေး မ၊ မထူးတော့ဘူး၊ ကျွန်တော် မကို ချီသွားတော့မယ်"

"မ မဖြစ်ဘူးထင်တယ်"

"သိပ်ဖြစ်တာပေါ့၊ မ အရမ်းမူးနေတာ၊ လမ်းမှမလျှောက်နိုင်တော့ဘဲ"

"အမယ်လေး... "

ပြောပြောဆိုဆိုနှင့် ဇာမဏီက ယမင်းကို ဆတ်ခနဲ ကောက်ပွေ့ချီလိုက်ချိန်မှာ ယမင်းရင်ထဲက ပျို့တက်ကာ အော့အန်ချင်သည့်ဝေဒနာကြီးက ပေါက်ကွဲလွင့်စဉ်မတတ် အော့အန်လို့လည်းမထွက်၊ မျိုချလို့လည်း အခံရခက်နှင့် အတော့်ကို ချာလပတ်လည်စွာ မူးနေခဲ့ပြီ။

အား... မူးလိုက်တာ။

ဆိုးရွားလိုက်တာကွယ်။

သိန်းမင်းစာပေ



ဇာမဏီ ပွေ့ချီခေါ်လာသည့်တိုင် ရင်ထဲက တလှပ်လှပ်နှင့် ပို့မူးနေသဖြင့် မျက်လုံးတွေကို စုံမှိတ်လိုက်ရတော့သည်။ တကယ့်ကို မျက်လုံးမဖွင့်ကြည့်ချင်လောက်အောင် မူးဝေခဲ့ပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်းမသိနိုင်တော့လောက်အောင် ရှုပ်ရှုပ်လည်
မူးဝေနေသည့် ဝေဒနာကြီးကို ခံစားလိုက်ရပြီးနောက်
ပုံမှန်ပြန်ကောင်းလာခဲ့ချိန်မှာ နူးညံ့သော၊ ကြင်နာစွာ
သိမ်မွေ့လျက်ရှိသော နားလည်မှုဖြင့် လုံခြုံခိုင်မာ
နေသည့် အသံတစ်သံကို ကျွန်မ ပီပီသသကြီး ကြား
လိုက်ရလေသည်။

"သမီးတို့ လက်ထပ်ဖို့ ကောင်းပြီကွယ်... နော်၊
သမီးရောက်နေတာ ဒါ သားငယ်ရဲ့အခန်းလေ..."
တဲ့... ။

မြတ်စွာဘုရား...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ယမင်း ညက ဘယ်အချိန်က ဘယ်လိုအိပ်ပျော်သွားသည်၊ ဘာတွေဘယ်လိုဖြစ်ခဲ့သည်ကို မသိနိုင်လောက်အောင် ခေါင်းတွေ နာချာလည်မူးလိုက်၊ အော့အန်လိုက်နှင့် နောက်တော့ အိပ်ပျော်သွားမှန်း သိလိုက်ရသည်။

ခု ယမင်းခေါင်းထဲ နည်းနည်း ကြည်လင်လာသလိုရှိကာ ငြိမ်နိုးထလာချိန်မှာတော့ ဒါ ယမင်းအခန်းမဟုတ်ကြောင်း ထိတ်ခနဲ သိလိုက်တော့သည်။

"ဟင်... ဒါ... ဒါ... "

"အို... ဇာမဏီအခန်းပဲ"

"မြတ်စွာဘုရား"

ခုတင်ဘေးနားက ဆက်တီကုလားထိုင်လေးမှာ ထိုင်နေသူက ဇာမဏီရယ်...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း… ဘာဖြစ်လို့ ငါက ဇာမဏီအခန်းထဲ ရောက်နေရတာတဲ့လဲ။

ထိတ်ခနဲ လန့်ဖျတ်စိတ်ဖြင့် ခုတင်ပေါ်မှ ဝုန်းခနဲထထိုင်မိချိန်မှာ ခေါင်းတစ်ချက် မိုက်ခနဲဖြစ်သွားလေသည်။

"မ"

"မ နေကောင်းသွားပြီလား"

"ဇာမဏီ၊ ကိုယ်က ဘယ်လိုလုပ်ပြီး မင်း… မင်းအခန်းထဲ ရောက်နေရတာလဲ"

ဇာမဏီက တစ်ချက်ပြုံးကာ ယမင်းဆီ ထလာကာ ယမင်းခုတင်ခြေရင်းမှာ ဝင်ထိုက်လိုက်ပြီးလျှင်…

"မ ညက ခေါင်းတွေအရမ်းမူးပြီး အန့်လဲအန်တယ်၊ ကျွန်တော် ညက မ ဖြစ်နေတာကိုကြည့်ပြီး စိတ်မချတာနဲ့ ကော်ဖီတစ်ခွက်တိုက်၊ ဒိုင်ယာဇီပင် နှစ်ပြားတိုက်ပြီး သိပ်လိုက်တာ၊ မ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်၊ အဲ့ဒါ ကျွန်တော်လဲ စောင့်ကြည့်နေရင်းနဲ့ ဒီမှာပဲ နိုးလိုက်၊ အိပ်လိုက်နဲ့ ဆိုပါတော့"

"ဟင်… မင်း… မင်းက ဘာဖြစ်လို့ ကိုယ့်ကို အခန်းထဲ ပြန်မပို့ရတာလဲ"

"ဟာ… မကလဲ ဘယ်ဖြစ်မလဲ၊ မက အရမ်းမူးနေတာ၊ ကျွန်တော် အိမ်ပြန်ရောက်တဲ့ချိန် ဒယ်ဒီတို့တောင် အိပ်ပျော်နေကြတာ၊ မ ဖြစ်နေတာ ဘယ်သူမှမသိကြဘူး၊ အဲ့ဒါ ကျွန်တော်က စိတ်ချရအောင် ကျွန်တော့်အခန်းထဲ ခေါ်ထားတာပေါ့"





"ပြီး… ပြီးတော့ရော"

"ဘာလဲဟင်… "

ယမင်းက တစ်စုံတစ်ခုကို ထိတ်လန့်စွာတွေးပြီး ဖွင့်ဟမေးဖို့ အလုပ်မှာ ဇာမဏီက ယမင်းပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီးလျှင်…

"မ နေကောင်းအောင်နေ၊ ဒီတစ်ပတ်တည်းဖြစ်ဖြစ် ကျွန်တော်တို့ လက်ထပ်ကြမယ်"

"ဘယ်လို… "

ရုတ်တရက် ယမင်းခန္ဓာကိုယ်ထဲ၌ အင်အားတွေ ဆုတ်ယုတ်ကုန်ခန်းသွားသလို ခံစားလိုက်ရချိန်မှာ တံခါးခေါက်သံသဲ့သဲ့က ခပ်တိုးတိုးထွက်ပေါ်လာလေသည်။

"ဝင်ခဲ့မယ်နော်"

"Please "

"ဟင်… မာမီ"

"ဟင်… အန်တီ"

ဇာမဏီ့မေမေက ယမင်းတို့နှစ်ယောက် အခြေအနေကို နားလည်သဘောပေါက်လိုက်သလို အပြုံးမျိုး နှင့်ပြုံးကာ တစ်လှမ်းချင်း ဝင်လာသည်။

"မာမီကတော့ မာမို့ သမီးနဲ့သား အသံတွေ တိတ်နေကြလို့ ကော်ဖီသောက်ဖို့လာခေါ်တာ၊ မင်းတို့ဒယ်ဒီလဲ စောင့်နေပြီ၊ အိုကေ…"

"ဟုတ်ကဲ့ မာမီ၊ သား လာခဲ့ပါမယ်"

"ဟင်… အန်တီ… ခဏ၊ ခဏလေး၊ ကျွန်မ… ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြ… ”

“အန်တီ လူငယ်တွေကိစ္စကို နားလည်ပါတယ်ကွယ်၊ သားနဲ့ သမီး လက်ထပ်ကြရမယ်”

“ရှင်… ”

“ဟုတ်တယ်လေ သမီးရဲ့၊ ခု သမီးရောက်နေတာ သားငယ်ရဲ့ အခန်းလေ”

“ဟင်… ”

ဘာမှန်းမသိနိုင်တော့လောက်အောင် ချာချာလည် မူးဝေ သည့် ဝေဒနာဆိုးကြီးကို ခံစားလိုက်ရပြီးနောက် ပုံမှန်ပြန်ကောင်း လာခဲ့ချိန်မှာ နူးညံ့သော ကြင်နာစွာ သိမ်မွေ့လျက်ရှိသော နားလည်မှု ဖြင့် လုံခြုံနိုင်မာနေသည့် အသံတစ်သံကို ယမင်း ပီပီသသကြီး ကြားလိုက်ရခြင်း ဖြစ်သည်။

မြတ်စွာဘုရား…

ဇာမဏီမေမေက ပါးနက်လီမွှာစွာ ရှောင်ထွက်သွားခဲ့ပြီ ယမင်း ဘာမှကို မရှင်းလိုက်ရ။ ယမင်းတို့အခြေအနေကလည်း ရှင်းပြလည်း ယုံကြည်နိုင်စရာရှိမည်မထင်။

ဘုရား… ဘုရား…

ကျွန်မ ဘာလုပ်ရမှာလဲ။

“မ ထလေ၊ မျက်နှာသစ်ပြီးရင် ကော်ဖီဆင်းသောက်ရအောင်”

“ဇာမဏီ”

“ခင်ဗျာ”





“မင်း… မင်း ကိုယ့်ကို အမှန်အတိုင်းပြောပါ၊ မင်း ကိုယ် သတိလက်လွတ်ဖြစ်နေတဲ့ချိန် မင်း… မင်း… ကိုယ့်ကို ဘာလုပ်… ဘာလုပ်လိုက်တာလဲ”

“… ”

ဇာမဏီက ခေါင်းတစ်ချက် လည်ထွက်သွားအောင် ယမ်းပြ လိုက်ပြီးလျှင်…

“နေပါဦး၊ မက ဘာတွေကို ထိတ်လန့်နေတာလဲ၊ ဘာကိုတွေး ပြီး သွေးပျက်နေရတာလဲ၊ ကျွန်တော်က မကို ယူမယ့်သူလေ၊ မကို လက်ထပ်ချင်လွန်းလို့ အကြိမ်ကြိမ် သွေးပျက်ခဲ့တဲ့ကောင်လေ”

“မဟုတ်ဘူး၊ ကိုယ်သိချင်တာက… ”

“မင်း… မင်း… ”

“ကိုယ့်ကို ရ… ရခဲ့ဖူးလား”

ရှက်ရွံ့နာကျင်လွန်းစွာ မေးမိသွားသံက ခပ်သဲ့သဲ့မျှသာ တုန်ရင်စွာ ထွက်ပေါ်သွားသည်။

ဇာမဏီက ခေါင်းတစ်ချက်ငုံ့ကာ အကြာကြီး ငြိမ်သက်သွား ခဲ့သည်။

“ဟင်… ”

ထိုအခါကျမှ ယမင်း ခေါင်းက ပိုပြီး ချာချာလည်အောင် ပြန်မူးဝေလာသလို ခံစားလိုက်ရကာ တုန်လှုပ်ချောက်ချားသွားဆဲမှာ…

“ညက ဆရာဝန်ဆီက ထွက်လာတော့ အပြင်မှာ မိုးတွေအရမ်း ရွာနေတယ်၊ ကျွန်တော်တို့နှစ်ယောက်စလုံး မိုးမိခဲ့ကြတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မှိုးမိတယ်"

"မှန်တယ်၊ မလဲ တစ်ကိုယ်လုံးစိုနေတယ်၊ အဲ့ဒါ ဒီအခန်းထဲရောက်တော့မှ မကို အဝတ်အစားလဲပေးလိုက်ရတယ်"

"ဟာ... "

ယမင်းမှာ ကိုယ့်သေတွင်းကိုယ် ပြန်တူးခဲ့ရသလို အဖြစ်မျိုးနှင့် ကြုံဆုံခဲ့ရသူလို အကြီးအကျယ် သွေးပျက်သွားတော့သည်။

"ဘယ်... ဘယ်သူလဲပေးလဲ"

"အိမ်မှာ ထမင်းချက်အဘွားကြီး ရွာခဏပြန်တယ်လေ"

"ဟင်... ဒါဖြင့်... "

"ကျွန်တော်... "

ယမင်းမှာ ဆက်နားမထောင်ရဲတော့လောက်အောင် အခြေအနေတစ်ခုကို ချက်ချင်းနားလည်သွားကာ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်ယင်သွားလေသည်။

"ကျွန်တော် ယောက်ျားလေးပါ မ"

"ဘာ... "

ဖန်ခွက်တစ်ခု ဖျတ်ခနဲကွဲ ကြေသွားသံလို ယမင်းဆီက အသံတစ်သံကလည်း ကွဲအက်စွာ ထွက်ပေါ်လာသည်။

"ကျွန်တော် မအပေါ် ရိုးသားပါတယ်၊ ဖြူစင်ပါတယ်လို့ပဲ သူတော်ကောင်းယောင် ဆောင်မပြချင်ဘူး"

"ပြီးတော့... "

"ကျွန်တော် မအပေါ် ယုတ်မာခဲ့တယ်လို့လဲ မဟုတ်ဘူး၊





သေချာတာက ကျွန်တော့်မှာ ယုတ်မာစိတ် လုံးဝမရှိခဲ့ဘူး၊ မကို ယူချင်တဲ့ ယူလိုတဲ့စိတ်တစ်ခုပဲ ရှိခဲ့တာ"

"မဟုတ်ဘူးလေ၊ ကိုယ်က... "

"ကျွန်တော်နဲ့ မကြားမှာ တောင်းပန်စရာကိစ္စ ရှိကြမယ် မထင်ဘူးမ၊ မကို ကျွန်တော် တောင်းဆိုစရာပဲရှိတယ်၊ အဲ့ဒါ မ ကျွန်တော့်ကို လက်ထပ်လိုက်ပါ"

"ပြောစမ်း၊ မင်း... မင်း ကိုယ့်ဘဝတစ်ခုလုံးကို ရခဲ့လား"

"ဝမ်းနည်းပါတယ်မ... "

"ခုချိန်မှာ ကျွန်တော် ဖြေစရာစကားတစ်ခွန်းပဲ ရှိတယ်"

"အဲ့ဒါ မကို ကျွန်တော် သိပ်ချစ်၊ သိပ်မြတ်နိုးပါတယ်၊ မအပေါ်လဲ တစ်သက်လုံး သစ္စာရှိရှိ ပေါင်းသင်းပါ့မယ်"

"မဟုတ်ဘူး၊မင်းက မင်းဖြစ်ချင်တာကို ဇွတ်ဖန်တီးလိုက်ပြီ မဟုတ်လား"

"ကျွန်တော် အလိုချင်ဆုံးဘဝက ဒါပဲလေ"

"ဒါပေမဲ့ မတူသူးလေ၊ ဓာမဲဏီ၊ ခုကိစ္စက မှားယွင်းခဲ့လား၊ မမှားယွင်းခဲ့ဘူးလားဆိုတာ မင်း ဘာလို့ တိတိကျကျ မဖြေရတာလဲ၊ ဒီတစ်ခုတည်းနဲ့ပဲ မင်းကို ကိုယ်က လက်ထပ်လိုက်ရတော့မှာလား"

"ဒါပေါ့မ၊ ခုချိန်မှာ မ စိတ်ယိုင်မယ့် ဆရာဝန်လဲ မရှိတော့ဘူးလေ၊ မ ကျွန်တော့်ကိုပဲ လက်ထပ်ရမယ့်ကိစ္စပဲ"

"အိုး... ဒါ... ဒါ... မင်း ငါ့ကို အထင်သေးတာပဲ ဓာမဏီ၊ ဘုရား... ဘုရား၊ ကိုယ့်ချစ်သူတစ်ယောက်လုံး ညကမှ လေလာ



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ် သေဆုံးခဲ့ထားရတဲ့ မိန်းမပါ၊ မင်းက ငါ့ကို ယောကျ်ား ဖွာစ်ယောက်မရှိရင် မဖြစ်ဘူးလို့ ထင်နေတဲ့ ခပ်ပေါ့ပေါ့မိန်းမလို့ သတ်မှတ်လိုက်တာလား ဇာမဏီ"

"မဟုတ်ဘူး မ၊ ကျွန်တော့်ရင်ထဲက အဲ့ဒါတွေ မရှိဘူး၊ ကျွန်တော်သိတာ မနဲ့ လက်ထပ်ဖို့ပဲ၊ ကျွန်တော် ထပ်ပြောမယ်၊ ကျွန်တော် မယုတ်မာဘူး မ"

"မင်း ကိုယ့်အပေါ် ဘာမှ တိတိကျကျ မပြောနိုင်တာ ဘာသဘောလဲ ဇာမဏီ၊ မင်း တကယ်ဆို ယောကျ်ားပီပီ ဝန်ခံစမ်း ပါ၊ ပြောစမ်း... ကိုယ့်ကို ရခဲ့ဖူးလား၊ မရဖူးလားဆိုတာ"

"ဆောရီးပဲ မ၊ ဒီမေးခွန်းကို ကျွန်တော် ဘယ်တော့မှ ဖြေမှာ မဟုတ်ဘူး"

"အဲ့ဒါ ကျွန်တော့်ရဲ့ ဇွက်ဖဲတစ်ချပ်ပဲ"

"အို့ကေ... "

"ကဲ... မာမီတို့လဲ ကော်ဖီသောက်ဖို့ စောင့်နေကြရောပေါ့၊ ကျွန်တော် အရင်ဆင်းနှင့်မယ်၊ ပြီးရင် မ လိုက်ခဲ့ပါ"

ဘုရားသခင်၊ ဘာတွေဖြစ်ကုန်တာလဲကွယ်၊ အဖြစ်အပျက် အားလုံးကို ပြန်တွေးကြည့်ဖို့ ညကကိစ္စတွေ ယမင်းက ဘာတစ်ခုမှ သတိမရခဲ့တာ အမှန်ပင်။

* * *





# အဆုံး

www.burmeseclassic.com

www.burmeseclassic.com



# “ဇာမဏီ”

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ လက်ထပ်ဖို့ စိတ်ကူးမယဉ်ခဲ့မိသော လက်ထပ်ခြင်းဆိုတာကို သေလောက်အောင် ခါးသီးကြောက်ရွံ့ခဲ့သော မိန်းမ တစ်ယောက်သည် တစ်ဘဝလုံးနှင့် ပတ်သက်နေသည့် ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာတစ်ခုကြောင့်... ယောက်ျားတစ်ယောက်ကိုအလေသုံးဆယ် လက်ထပ် လိုက်ရမည့် အဖြစ်အပျက်ကြီးက ဘျွန်မအဖို့တော့ အင်မတန် ခါးသီးဖို့ကောင်းလှလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကနေ အမုန်းကို ကူးပြောင်းသွားသည့် စိတ်ဝေဒနာကိုယ်စီကြောင့် သူတို့နှစ်ယောက်သည် အလိုလိုရင်း မျဉ်းပြိုင်နှစ်ကြောင်း ဖြစ်သွားတော့သည်။ ထိုမျဉ်းပြိုင်များသည် အမုန်းမျဉ်းပြိုင်တွေသာဖြစ်သည်။ လောကမှာ မျဉ်းပြိုင်နှစ်ကြောင်းအတွက် ဘယ်သော အခါမျှ ဆုံမှတ်မရှိနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

"မနက်ဖြန် ကျွန်တော်တို့ လက်ထပ်ကြမယ် မ၊ ရော့... မာမီကိုယ်တိုင် မအတွက် သတို့သမီးဂါဝန်လှလှလေး ရွေးဝယ်လာတယ်၊ ဝတ်ကြည့်ဦး"

သူမက သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ရုံမျှသာ ဘာမှ မပြောဘဲ နှုတ်ဆိတ်နေသည်မှာ အတော်လေး အံ့ဩဖို့ကောင်းလှပေသည်။

"ဒီအဖြူမျိုးက ရှားတယ် မ၊ ဖြူဖွေးဘမှ လှလှလေး၊ ကျွန်တော်လဲ အနောက်တိုင်းဝတ်စုံဝတ်မှာ၊ မခေါင်းမှာ စိန်ကရောင်းလေးဆောင်းဖို့လဲ မာမီ မိုလ်ချုပ်ဈေးထဲက ငှားလာတယ်၊ ပြောတယ်၊ ဝတ်ကြည့်လိုက်ပါလား"

"..."

ဒါလည်း မလှုပ်ပါ။ သတို့သမီးဝတ်စုံ ဂါဝန်ဖြူဖြူလှလှလေးကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ခုတင်ပေါ် ပစ်တင်ပေးလိုက်တာကိုလည်း တစ်ချက်ကလေးမှ မကြည့်ပါ။

ကြည့်စမ်း… သူမ ဘာဖြစ်တာလဲ။

"မ… "

"ဘာဖြစ်နေတာလဲ"

"မ ကျွန်တော့်ကို ကြည့်ဦး"

သူမရှေ့တည့်တည့်ရပ်ကာ သူမမျက်လုံးတွေကို စိုက်ကြည့်လိုက်ချိန်မှာ မျက်ရည်တွေ ဝဲနေတာ တွေ့လိုက်ရလေသည်။

"ဘာဖြစ်တာလဲ"

"ဖယ်စမ်းပါ"

သူမက သူ့လက်တွေကို ပုတ်ထုတ်ကာ မျက်နှာကို တစ်ဖက်သို့ လှည့်သွားသည်။

သူ့စိတ်ထဲ နားမလည်စိတ်နှင့် ထောင်းခနဲ ဒေါသဖြစ်သွားကာ…

"ဟာ… ဘာဖြစ်တာလဲ၊ မပုံစံကြီးက မမိုက်ပါဘူး၊ မ ဘာဖြစ်နေတာလဲ၊ မကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်း ပြောချပစ်လိုက်"

"ငါလား၊ ငါ ကိုကို… ကိုကို့ကို သတိရလို့ပေါ့"

"ဘာ… "

သူ့တစ်ကိုယ်လုံး အစိတ်စိတ်အမြွှာမြွှာ ပေါက်ကွဲလွင့်စဉ်ခံလိုက်ရသလို ခံစားလိုက်ရပြီးနောက်မှာ…





"ဘာပြောလိုက်တယ် မ၊ ဟိုဆရာဝန်ကို သတိရလို့ ဟုတ်လား"

"ဟုတ်တယ်၊ ငါ သူ့ကို အရမ်းသနားနေတာ"

သူမအသံတွေက မာဆတ်စွာ အေးခဲနေသည်။ ကြည့်စမ်း… သူမ ဘာလို့စိတ်ပြောင်းသွားရတာလဲ။ ဘာဖြစ်လို့ ဒီဆရာဝန်ကိုမှ တမ်းတနေရတာလဲ။

သူ့ရင်ထဲ တလှိုက်လှိုက်တက်လာသည့် ဒေါသစိတ်ကြောင့် သူ့အသံတွေလည်း မာကျောသွားမှာ ဧကန်ချာလေသည်။

"ဟုတ်ပြီ၊ အဲဒီဆရာဝန်က မရှိတော့ဘူးလေ၊ မ ဘာလုပ်မလဲ"

"လူမရှိပေမဲ့ သူ့ဝိညာဉ်ကို တန်ဖိုးထားလို့ ချစ်လို့ရနေသေးတာပဲ"

"ဘယ်လို၊ မ ဘယ်လိုပြောလိုက်တယ်၊ ဝိညာဉ် ဟုတ်လား၊ ဘာဝိညာဉ်လဲ၊ သေတဲ့ သူ့ရဲ့ဝိညာဉ်ကို တန်ဖိုးထားနေတယ်ဆိုတာ ဦးနှောက်မရှိတဲ့သူတွေ၊ အရူးတွေရဲ့အလုပ်ပဲ၊ ကျွန်တော်တို့ လောကမှာ ဝိညာဉ်ဆိုတာကို လုံးဝအယုံအကြည်မရှိဘူး"

"ဒါကတော့ မင်းတို့ရဲ့ အနောက်တိုင်း အတွေးအခေါ်တွေပါ၊ ခု ကိုကို ဆုံးသွားပြီ၊ သူ ကိုယ့်ကြောင့် ဆုံးတာ၊ အဲဒီအတွက် ယူကျုံးမရ ဖြစ်တယ်၊ အရမ်းသနားနေတယ်၊ သူ မျှော်လင့်ထားခဲ့တဲ့ M.R.C.P. ဘွဲ့ဆိုတာလဲ သူ့ သေဆုံးခြင်းနဲ့အတူ မျောလွင့်သွားပြီ၊ ကိုယ်… ကိုယ် ဘယ်လိုမှ မမေ့နိုင်ဘူး"

"ဒါ မဘက်က ခံစားမှုပါ၊ ကျွန်တော့်ဘက်က ခံစားမှုက



www.burmeseclassic.com

www.burmeseclassic.com



တော့ အရင်ကတည်းက မနဲ့ ဆတာဝန်နဲ့ ပတ်သက်မှုကို သိသိကြီး ကျွန်တော် စောင့်နေခဲ့တယ်၊ မျှော်လင့်ခဲ့တယ်၊ ချစ်ခဲ့တယ်၊ မ ကျွန်တော့်ကို အဲ့ဒီအချိန်ကတည်းက မျှော်လင့်ချက်တွေ အခွင့်အ တွေ ပေးခဲ့တယ်လေ"

"အဲ့ဒီတုန်းက ကိုယ့်ရင်ထဲမှာ မင်းအတွက် ပေးစရာရှိမယ်လို့ ထင်ခဲ့တာကိုး"

"ဩော်... မက ဒီလိုလား၊ အိုကေ...၊ ခု မရဲ့စိတ်ခံစားမှု ပြောပါ၊ ပွင့်ပွင့်လင်းလင်းပေါ့"

သူမက သူ့ရင်ဝကို ပစ်ပေါက်မည့်စကားလုံးတွေကို သူ မရှောင် ချင်တော့။ ခုချိန်မှာ နာကျင်မှုကို ခံယူချင်နေလေပြီ။

"စာမဏိ"

"မင်း ကိုယ့်ကို ကြိုက်သလို ပြောပါ၊ ကိုယ် ကိုကိုရှိစဉ်တုန်း က ကိုကို့အချစ်၊ ကိုကို့သစ္စာတွေကို တန်ဖိုးထားရကောင်းမှန်း မသိခဲ့ဘူး၊ ခု ကိုကိုမရှိတော့မှ ကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်းလဲ မသိနိုင်အောင်ဘဲ ကိုကို့ကို အချိန်ပြည့်လွမ်းဆွတ်နေမိတယ်၊ ဒီအလွမ်း က ကိုယ့်ရင်ကို နင့်နေတယ်၊ ဒါကြောင့်လဲ ကိုကို့ကို သေအောင်လုပ် ခဲ့တဲ့ အဂ္ဂတို့ကို ကိုယ်ကိုတိုင် အမှုဖွင့်ပြီး ရဲလက်အပ်ခဲ့တာပေါ့ သွားလေသူ ကိုကို့စကားကို နားမထောင်ရာ ကျပေမဲ့ ကိုယ် အဂ္ဂ လုပ်ခဲ့တာကို မကျေအေးချင်ဘူး၊ သက်သက်မဲ့ တန်ဖိုးရှိတဲ့ လူတ ယောက် သေဆုံးသွားရတာပဲ"

"ဟုတ်ပြီ၊ ဒါတွေကို မာမီတို့အားလုံးလဲ သိသွားကြပြီ၊ မင်း





လဲ အပြစ်တစ်ခွန်းမှ မပြောကြဘူး၊ မကို အပြစ်မတင်တဲ့အပြင် သူတို့ နိုင်ငံခြားမပြန်ခင် ကျွန်တော်နဲ့မနဲ့ကို လူသိရှင်ကြား လက်ထပ် ပေးဖို့ စီစဉ်ပေးခဲ့တယ်၊ အဲ့ဒီအတွက် မဘက်က ခံစားမှုက ဘယ်လို လဲ... "

"ဇေမဏိရယ် ကိုယ် ဘယ်လိုပြောရမလဲဟင်၊ ကိုယ့်ကို ကိုကို့ဝိညာဉ်ကြီးက ခြောက်လှန့်နေသလိုပဲ အန်ကယ်တို့ အန်တီတို့ စီစဉ်ပေးတာလဲ ကိုယ် မငြင်းနိုင်ခဲ့ဘူး၊ ကိုယ် မငြင်းနိုင်ခဲ့တာကလဲ ကိုယ့်ဘက်မှာ အကြောင်းပြဖို့ ဖြေရှင်းပြဖို့ လုံလောက်တဲ့အချိန်မှ မရခဲ့ဘဲ"

"တကယ်ဆို မ လက်ထပ်မယ့်သူက ဘယ်သူလဲ မ၊ မ ဆရာဝန်ကို သုံးနှစ်သုံးမိုး တွဲရုံ၊ ချစ်ရုံနဲ့ ကျေနပ်ခဲ့တာမဟုတ်လား"

"အဲ့ဒီတုန်းက ဟုတ်တယ်"

"ဒါဖြင့် ခု သူရှိနေသေးမယ်ဆိုရင်ရော"

"ကိုယ် မပြောနိုင်ဘူး"

"ဟာ... မဘက်က ဘယ်လိုကြီးလဲ၊ ဘာကြီးလဲဗျာ၊ ရှိနေတုန်း ကတော့ မယူချင်ဘူး၊ မရှိတော့မှ ယူချင်တယ်၊ ကိုင်း... ဒါဖြင့် ကျွန်တော်က မတ်တတ်ကနေ သေပြပေးရမှာလား"

"မင်း အဲ့လိုမရွဲ့ပါနဲ့"

"ဟုတ်တယ်လေဗျာ၊ မစိတ်က ဘယ်လိုကြီးလဲ၊ ကျွန်တော် တောင် နားမလည်ချင်တော့ဘူး"

"အဲ့ဒါ မိန်းမတွေရဲ့ စိတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ မိန်းကလေးတိုင်းမှာ မလို စိတ်ခံစားမှုမျိုး ရှိချင်မှရှိမယ်၊ မ မပြတ်သားခဲ့တာ ရှင်းရှင်းပြောရရင် မက ကျွန်တော်တို့ ယောကျ်ားနှစ်ယောက်စလုံးကို ချစ်ခဲ့တာပဲ"

"ဘုရားရေ… မင်း ကိုယ့်ဘဝကို ကမ်းကုန်အောင် ပြောနေ ပါရောလား"

"မဟုတ်ဘူးလား"

တစ်ယောက်နှစ်ယောက် အကြည့်တွေက တစ်ခဏချင်းမှာ စိမ်းလက်သွားကြသည်။

ဘယ်တုန်းကမှ ခုလို အထေ့အငေါ့စကားတွေနှင့် သူမကို အပြစ်တင်ရလိမ့်မည်ဟု သူ မထင်ခဲ့။

ခုတော့ သူမ၏ အလွန်လွယ်ကူမြန်ဆန်လွန်းသည့် စိတ် အပြောင်း အလဲကြီး တစ်ခုကြောင့် သူ နာကျင်ရလေပြီ။

အခုမှ သူမက တစ်ဘဝလုံးနှင့် ပတ်သက်သည့် လက်ထပ်ခြင်း ဆိုတာကို သေအောင်ကြောက်လန့်တတ်သူမှန်း သူ သိခွင့်ရခဲ့သည်။

ဒါဖြင့် သူမက သူ့ကို အခွင့်အရေးတွေပေးခဲ့တာ မငြင်းဆန် ခဲ့တာတွေကရော တစ်သျှူးတစ်စလို အသုံးပြုခဲ့တာလား။

မရ… ။

ဒါမျိုးတော့ ဇာမဏီဘဝမှာ သူများအသုံးတော်ခံ၊ အပျော်ဖြေ ဘဝမျိုး မဖြစ်စေရ။

ဇာမဏီဆိုတာ နိုင်ငံခြားမှာကတည်းက မိန်းကလေးသူငယ်ချင်း များခဲ့သူ၊ မိန်းမကျမ်းကျေပြီးခဲ့သူပင်…





ဇာမဏီလို မိန်းမကျမ်းကျေခဲ့ပြီးသား ယောကျ်ားတစ်ယောက် ကို မိန်းကလေးတစ်ယောက်က အင်္ကျီတစ်ထည် ကောက်ဝတ်သလိုမျိုး ဝတ်ချင်ဝတ်၊ မဝတ်ချင်လို့ ချောင်ထဲထိုးထားမျိုးတော့ အဖြစ်မခံနိုင် ပေ။

ပြီးတော့လည်း မိန်းမတစ်ယောက် လက်ထပ်လာမည့်နေ့ကို အချိန်တွေ၊ နှစ်တွေအကုန်ခံပြီး မျှော်တလင့်လင့်နှင့် မစောင့်နေချင်။ သူက ကိုယ်ချစ်သည့် မိန်းမတစ်ယောက်နှင့် မိသားစုဘဝ အသိုက်အမြုံ လေးကို လိုချင်သူတည်း။

"ဇာမဏီ"

"ပြော… "

"မင်း… ငါ့ကို အထင်သေးနေတာလား"

"No. လုံးဝမဟုတ်ဘူး၊ လက်ထပ်ချင်လို့ လက်ထပ်ချင်တာ သက်သက်ပဲ"

"အဲ့ဒါဆို မင်းဘက်က ရိုးသားစွာနဲ့ ဘာဖြစ်လို့ အချိန်ကာစ်ခု ကို မစောင့်ခဲ့ရတာလဲ ဇာမဏီ၊ ခုကိစ္စက လူကြီးတွေကို ရှင်းပြလို့ မရအောင် ကိုယ့်ဘဝကိုယ် အဖတ်ပြန်ဆည်လို့မရအောင် ဖြစ်သွားခဲ့လို့ သာ"

"ဘာပဲဖြစ်ဖြစ် မ ကျွန်တော့်ကို ချစ်ခဲ့ဖူးတယ်မဟုတ်လား"

"… "

သူမမျက်လုံးတွေထဲ နှစ်ဝင်မတတ် မျှော်လင့်ချက်ကြီးဖြင့် မေးလိုက်ချိန်မှာ သူမက အကြည့်ကို ရှောင်လွှဲသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရဲ့ မပြတ်သားမှုကြောင့်ပဲဆိုပါတော့"

"ဒါဖြင့် မချစ်ခဲ့ဖူးပေါ့"

"ဒါဖြင့် မ ကျွန်တော့်ကို လုံးလုံး မချစ်ခဲ့ဖူးပေါ့၊ ဒီလိုလား"

"ဒီအခြေအနေထိ ရောက်ပြီးမှတော့ မင်းကို ကိုယ် လက်ထပ်လိုက်ရုံကလွဲပြီး ဘာတတ်နိုင်တော့မှာလဲ၊ လောကမှာ ကိုယ် မလုပ်ချင်ဆုံးက အဲ့ဒီအလုပ်ပဲ"

သူမအဖြေက သူ့ရင်တစ်ခုလုံးကို ဆုပ်ပွက်ထုပွသွားစေသည်။ ဖြစ်နိုင်လျှင် ချက်ချင်း အငွေ့ပျံကာ ပျောက်ကွယ်သွားလိုက်ချင်တော့သည်။

"မ... "

"မ... "

"ခေါ်နေတယ်၊ ကျွန်တော့်ကိုကြည့်၊ အဲ့လို မျက်နှာမလွှဲလိုက်နဲ့၊ ကျွန်တော့်ကို သေသေချာချာကြည့်... "

"ဘာလဲ"

"မ ကျွန်တော့်ကို ချစ်ခဲ့လား"

"မင်းရော ကိုယ့်ကို ရခဲ့ဖူးလား"

အံ့ဩစရာကောင်းတာက သူတို့နှစ်ယောက်စလုံး အမေးတွေသာ ဆက်တိုက်ပေါ်လာကြပေမဲ့ အဖြေတွေက တိတ်ဆိတ်သွားသည်။

သေချာတာ ထိုအမေးတွေကြောင့်ပင် နှစ်ဦးစလုံး၏ ရင်မှာ စူးရှခါးသီးနေပေလိမ့်မည်။

သိန်းမင်းစာပေ



နောက်ဆုံးတော့ သူတို့နှစ်ယောက်စလုံး မျက်လုံးချင်းခွာကာ ကျောခိုင်းလိုက်ကြသည်။

အင်း... လောကမှာ လူတိုင်း ဝှက်ဖဲတစ်ချပ်ကိုယ်စီဟာ... မပြောချင်ဆုံးစကားတစ်ခွန်းပဲ ဖြစ်ပါလိမ့်မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ လက်ထပ်ဖို့ စိတ်ကူးမယဉ်ခဲ့မိသော လက်ထပ်ခြင်းဆိုတာကို သေလောက်အောင် ခါးသီးကြောက်ရွံ့ခဲ့သော မိန်းမတစ်ယောက်သည် တစ်ဘဝလုံးနှင့် ပတ်သက်နေသည့် ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာတစ်ခုကြောင့် ယောကျ်ားတစ်ယောက်ကို အလောသုံးဆယ် လက်ထပ်လိုက်ရမည့် အဖြစ်အပျက်ကြီးကို ယမင်းအဖို့တော့ အင်မတန် ခါးသီးဖို့ကောင်း လှလေသည်။

ကိုယ့်ခံစားမှုကြီးက ဆိုးရွားလွန်းသဖြင့် ယမင်းမှာ ဆိဒ်ိုးနားဟိုတယ်သွားနေသည့် ကားပေါ်မှာပင် မျက်ရည်တွေ ဝဲလာရသည်။

ကြည့်စမ်း…

ယမင်းတစ်သက် မလုပ်ချင်ဆုံး အလုပ်တစ်ခုက ယောကျ်ားတစ်ယောက်ကို လက်ထပ်ခြင်းပဲလေ။

ကိုကိုနဲ့တုန်းက လက်ထပ်ဖို့ သတို့သမီးဝတ်စုံ ချုပ်မည့်ဆဲဆဲ





ကိုကိုက သူများလက်ချက်ဖြင့် သေခဲ့ရသည်။

ကိုကို ဆုံးသွားတော့မှ ကိုကို့ကို ယမင်း မမေ့နိုင်ခဲ့။ ဘာဖြစ်လို့မှန်းလဲ မသိ။ ကိုကို့အရိပ်တွေ အငွေ့အသက်တွေက ယမင်းနောက် တကောက်ကောက် လိုက်နေသလို ခံစားရသည်။

လူတစ်ယောက်တန်ဖိုးဆိုတာ ထိုလူသေဆုံးသွားမှ သိရသည်ဆိုသည့်စကားက တကယ်ပင် သွေးထွက်အောင် မှန်ခဲ့လေပြီ။

ယမင်းအပေါ် ကိုကို ထားခဲ့သည့်အချစ်၊ သစ္စာ၊ နားလည်မှု၊ ယုံကြည်မှုတွေကို ယနေ့တိုင် ယူကျုံးမရ ဖြစ်မိနေရသည်။

"မောင်… "

မောင့်ကို ခုချိန်မှာ ယမင်း လက်မထပ်ချင်သေး။ မောင့်အပေါ် လက်ထပ်လိုက်ရသည်ထိ ယမင်း မောင့်ကို တစ်သက်လုံး ချစ်နိုင်၊ မချစ်နိုင်ဆိုတာကို ကိုယ်တိုင်လည်း မဝေခွဲနိုင်သေး။

တကယ်တော့ ယမင်း မောင့်ကို တစ်ဘဝလုံးအတွက် ချစ်နိုင် မချစ်နိုင်ဆိုတာကို ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိခြင်း၊ တွေဝေနေခြင်းပင်… ။

မြတ်စွာဘုရား…

မကြာခင် ငါဟာ မင်္ဂလာခန်းမထဲကို ဝင်ရတော့မှာပါလား။ ဓာမဏိရဲ့ ဇနီးအဖြစ် လူသိရှင်ကြား ဖြစ်တော့မယ်ပေါ့။

အို… ဘုရားသခင်…

ငါက ဒီကောင်လေးကို တစ်သက်လုံးစာအတွက် ချစ်နိုင်လို့လားကွယ်။ ပြီးတော့ ဒီကောင်လေးက ငါ့ကို ရခဲ့ဖူးလား၊ မရခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



လားဆိုတာ ရေရေရာရာမဖြေဘဲ ဝှက်ဖဲတစ်ချပ်နဲ့ ငါ့ကို အရလက်ထပ်ခဲ့တဲ့ ကောင်လေးပဲ။

ဟင့်အင်း… ဟင့်အင်း…

ငါ… ငါ မောင့်ကို မောင့်ကို လက်ထပ်လို့ မဖြစ်ပါဘူး။

ဟုတ်တယ်။ ပရိသတ်ကြားထဲမရောက်ခင် ငါ ထွက်ပြေးနိုင်ရင် ဖြစ်တာပဲ။

"ဒီမှာ ကား… ကားခဏရပ်ပါရှင်"

"ဟင်…မ ဘာဖြစ်တာလဲ"

"ခင်ဗျား ဘာဖြစ်လို့လဲ သတို့သမီး"

ကားဆရာ၏ အံ့သြတကြီး မေးသံနှင့်အတူ ကားက မြှန်းဆိုကျွီခနဲ ထိုးရပ်သွားချိန်မှာ သူမက မြှန်းဆို ကားတံခါးဖွင့်ကာ ပြေးဆင်းသွားတော့သည်။

"ဟာ… မ ဒါ ဘာလုပ်တာလဲ"

"ဟာ… သတို့သမီး ထွက်ပြေးပြီ၊ သတို့သား လိုက်တော့၊ လိုက်တော့"

"ကျွီ"

"ကျွီ"

ဆီဒိုးနားဟိုတယ် ရောက်ခါနီး ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်က ယာဉ်တန်းတွေအားလုံး ကျွီခနဲ ဘရိတ်အုပ်လိုက်သံတွေ ဆူညံသွားကြတော့သည်။

သူတို့ကားရှေ့မှာ ဒယ်ဒီနဲ့မာမီရဲ့ကား အလယ်မှာက သူတို့





စီးလာသည့်ကား နောက်မှာက သတို့သမီး၊ သတို့သားအရန် လုပ်ပေးကြမည့် ကားတွေ။ (ဟာ… မ ဘာဖြစ်သွားရတာပါလိမ့်)

သူ့မှာ ရှေ့နောက်အောဘီ ထပ်မကြည့်ရဲတော့ဘဲ ရှက်လည်းရှက် မကို စိတ်လည်းဆိုးနှင့် သတို့သမီးဂါဝန်ကားကားကြီးနှင့် တလွင့်လွင့် ပြေးနေသည့် သူမနောက်ကို အားကုန်ပြေးလိုက်မိတော့သည်။

သူမလက်ထဲမှာလည်း သတို့သမီး ပန်းကိုင်လှလှလေးနှင့် တကယ့်ကို အဖြူဆွတ်ဆွတ် သစ်ခွတွေချည်းပင်။

"မ"

"မ နေဦး"

"ဟာ… "

"ကျွီ… "

"ပြဿနာပဲ"

"ဟာ… ဟော… ဟော… သတို့သမီး ထွက်ပြေးပြီ၊ သတို့သား လိုက်စမ်းကွ"

အားလုံး လမ်းပေါ်ကလူတွေကပါ ရုပ်ရှင်တစ်ကား ရိုက်နေသလို အားလုံး စိတ်ဝင်တစား ဝိုင်းကြည့်ကြချိန်မှာ သူမက ကားတန်းတွေကို ဖြတ်ပြေးလျက်။

"မ… "

"ဟော… နေဦး"

"ဘာလုပ်တာလဲ"



www.burmeseclassic.com

"ဟာကွာ"

သူမက သူ့ကို တစ်ချက်လှည့်ကြည့်ကာ အင်းလျားကန်ပေါင်ပေါ် ဂါဝန်ကြီး မပင့်ကာ တက်ပြေးတော့သည်။

"ဟိုက်... ပြေးပြန်ပြီ"

"မ... "

"မ နေဦးလေ"

သူလည်း သူမနောက် အားကုန်လိုက်လာချိန်မှာ နောက်ဆုံး အင်းလျားကန်ပေါင်ပေါ်မှာ မီသွားတော့သည်။

"မ... "

"အံမယ်လေး"

သူမခါးကို နောက်ကနေ လှမ်းဖက်ပြီး ဆောင့်ဆွဲလိုက်သည့် အရှိန်ဖြင့် သူမနောက်သို့ ပက်လက်လန်ကျမတတ် သူ့ရင်ခွင်ထဲ ပြို့ဝင်လာခဲ့သည်။

"ဒါ ဘာလုပ်တာလဲဟင်၊ ခင်ဗျား ဘာဖြစ်လို့ ရုတ်တရက် ကောက်ကာငင်ကာကြီး ထွက်ပြေးရတာလဲ ပြော... "

သူလည်း ဒေါသထွက်နေပြီ။ အသားကုန် ပြေးလိုက်လာရ သဖြင့် မောလည်းမောကာ အသံတွေက မောဟိုက်သံချည်း ဖြစ်နေ သည်။

သူမက စိမ်းလက်ခါးသီးစွာ စိုက်ကြည့်ပြီး ပြန်ပြောသည်မှာ...

"ကိုယ် မယုံဘူး၊ ကိုယ့်စိတ်ကို ကိုယ်မယုံဘူး ဓာမဏီ၊ မင်းကို ငါ့တစ်ဘဝလုံးစာအတွက် ချစ်ချင်မှချစ်နိုင်မှာ၊ ကိုယ်တို့လက်





ထပ်ပြီးကြမှ မင်းအပေါ် ငါ လုံးလုံးချစ်မရတော့ရင် ဘယ်လိုလုပ် မလဲ၊ ဒါကြောင့်မို့ မင်္ဂလာပွဲမစခင် ငါ ထွက်ပြေးလာတာ"

"ဟ... ရမလားဗျ၊ ခုပဲ ကျွန်တော်တို့အဖေ အမေကားတွေ သတို့သား သတို့သမီးအရုံလှုပ်ပေးမယ့်ကားတွေ မင်္ဂလာပွဲတက်ပေး မယ့် အမျိုးတွေ ကြည့်ဦး၊ ကားတွေတန်းစီနေကြပြီ။ ခင်ဗျား အဲ့လို ထွက်ပြေးလို့ ဘယ်ရမလဲဗျ၊ အဓိပ္ပာယ်မရှိတာ"

"မတတ်နိုင်ဘူး ဓာမဏီ၊ ခုချိန်ထိ ကိုကို့အရိပ်တွေက ကိုယ့် နောက်လိုက်နေသလိုပဲ၊ မင်းကို ကိုယ် လက်မထပ်ရဲဘူး၊ ခုကတည်းက ခပ်ကင်းကင်း နေလိုက်ကြတာပဲ ကောင်းမှာပါ"

"ဘာဗျ၊ ခင်ဗျား ရူးနေလား မ၊ မင်္ဂလာပွဲထဲမှာ ပရိသတ် တွေအားလုံးစုံနေပြီ၊ ခင်ဗျားကိုယ်လဲ ခင်ဗျား ပြန်ငုံ့ကြည့်ဦး၊ သတို့သမီးဝတ်စုံနဲ့ ထွက်ပြေးလာတာ၊ ခင်ဗျား ရူးပေမဲ့ ကျွန်တော် အရူးမထနိုင်ဘူး"

"လာ... လိုက်ခဲ့"

"မလိုက်ဘူး"

"ဟာ... ဒါဖြင့် ဘယ်လိုကြီးလဲ"

"ကိုယ် ကိုယ့်ဘာသာ တစ်ယောက်တည်း နေစမ်းပါရစေ၊ ကိုယ့်ကို ထပ်စဉ်းစားခွင့်ပေးပါ"

"ဘာ... "

www.burmeseclassic.com



တောင်းပန်တိုးလျှိုးရိပ်တွေဖြင့် အသံတွေ တုန်ယင်လာသည့် သူမကို စိတ်ဆိုးစွာကြည့်ပြီး ရင်ပွင့်သွားတော့သည်။

"အိပ်မက်မက်မင်နေနဲ့တော့ မ၊ မရတော့ဘူး၊ ကျွန်တော်နဲ့မ အခြေအနေက ပက်သက်ပြီးသွားကြပြီလေ"

"မပြောနဲ့"

"ပြောမယ်၊ ထပ်ပြောမယ်၊ ကျွန်တော်နဲ့မ ပတ်သက်ပြီးသွားပြီ"

"ဒီအမှားကို မင်း လုပ်ခဲ့တာလား၊ မင်း ယုတ်မာခဲ့တာပဲ"

"ကောင်းပြီ၊ ကျွန်တော် ယုတ်မာခဲ့တယ် ထားခဲ့ဦး၊ ဒီအမှားက ဘယ်လိုမှ ပြန်ပြင်လို့မရတော့ဘူးလေ၊ မ ကျွန်တော့်ကို ဒီအတိုင်း ထားခဲ့ရဲလို့လား"

"အဲ့ဒါ မင်းဆီမှာ ဖြူစင်ရိုးသားတဲ့အချစ် မရှိလို့ဘဲ ဇာမဏီ"

"တကယ်ဆို ဖြူစင်ရိုးသားတဲ့အချစ်မှာ ဘာကန့်သတ်မှု ဘာချုပ်နှောင်မှု၊ ဘာကောက်ကျစ်မှုမှ မပါဘူး၊ ကိုယ်က အဲ့ဒီအချစ် မျိုးကိုပဲ လိုချင်ခဲ့တာ"

"ခင်ဗျား မရခဲ့လို့လား"

"ကိုကို့ဆီကပဲ ရခဲ့တယ်၊ မင်းဆီကလဲ ရလိမ့်မယ်လို့ ထင်ခဲ့ တာ"

"ဟား... ယောကျ်ားချင်းဆိုပေမဲ့ စိတ်ဓာတ်ခံယူချက်၊ ရည်မှန်း ချက်ပန်းတိုင် ဆုံးဖြတ်ချက်တွေက မတူဘူးလေ"





"ဇာမဏီ မင်းကို ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် တစ် ယောက်တည်း လွတ်လပ်ခွင့်ပေးလိုက်ပါ၊ ပြီးရင် သုံးလပြည့်တဲ့နေ့ မင်းကို အဖြေပေးပါ့မယ်"

"မရဘူး မ၊ ဇာမဏီဆိုတဲ့ကောင်က မကို မြင်ကတည်းက အရူးအမူး အသေအလဲ ချစ်သွားတဲ့ကောင်လေ၊ ကျွန်တော့်အချစ်မှာ မကို ပိုင်ဆိုင်တာတွေလဲ ပါတယ်၊ ဒါကြောင့်မို့လဲ မကို ကျွန်တော် အေးအေးဆေးဆေး စောင့်ခဲ့တာ၊ မမျှော်လင့်ဘဲ ကျွန်တော့်အခွင့် အရေးတစ်ခု ရလိုက်တယ်လေ၊ အဲ့ဒါ ကံကြမ္မာက ကျွန်တော့်အတွက် လက်ဆောင်ပေးတာပဲ၊ ကျွန်တော် ယူပစ်တာပေါ့၊ အဲ့ဒါ ကျွန်တော် ဘယ်လိုမှ မမှားနိုင်ဘူး မ"

"သြော်... ဒါဖြင့် မင်းရဲ့အမှားကို ငါက ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ငါက လက်ခံရမယ်ပေါ့"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ မ အစကတည်းက ကျွန်တော့်ရဲ့ တောင်းဆိုမှုမှန်သမျှကို လိုက်လျောခဲ့တာပဲ၊ မချစ်ဘူးလဲ မငြင်းဘူး၊ ချစ်တယ်လို့လဲ ဝန်မခံဘူး ဒါပေမဲ့ မ ကျွန်တော့်ကို တစ်နေ့ လက်ထပ်ရဲတယ်ဆိုတဲ့ စိတ်တွေ ဝင်လာလို့သာ မ ဆရာဝန်ကို ငြင်းခဲ့တာလေ၊ ဒီပွဲကအဖြေက ရှင်းနေတာပဲ"

"လာ... မ၊ သိပ်ဦးနှောက်မစားနဲ့၊ မ မလိုက်ရင် ကျွန်တော် ပွေ့ချီခေါ်သွားမှာနော်၊ Please Shut Up. "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... "

သူက ပြောပြောဆိုဆို သူမလက်ကို ဖျတ်ခနဲလှမ်းဆွဲလိုက်ကာ လာရာလမ်းအတိုင်း ပြန်ပြေးဆင်းလိုက်ရတော့သည်။

အောက်မှာ ရပ်စောင့်ကြည့်နေကြသည့် ကားတန်းတွေဆီမှ ကားဟွန်းသံတွေက တခဲနက် သြဘာပေးသလို ဆူညံကျယ်လောင်သွားပြီးနောက် လမ်းမတစ်ခုလုံး သူတို့နှစ်ယောက်ကို လက်ခုပ်တိုင်းဘီးကြလေသည်။

* * *



# အခန်း (၃)

"ဟင်... ဘာလာလုပ်တာလဲ ဓာမဏီ"

"အိပ်မလို့ပေါ့"

"ဘာ... "

"ဟောဗျာ၊ ဟောဒီ မင်္ဂလာခုတင်ကြီးမှာ ဟောဒီက သတို့သမီးနဲ့ ကျွန်တော်နဲ့ မအိပ်လို့ ဒီခုတင်ကြီးမှာ ဒယ်ဒီနဲ့မာမီ ပြန်တက်အိပ်ရမှာလားဗျ၊ ကျွတ်... စကားပဲ"

"ဓာမဏီ မင်း မနောက်နဲ့နော်"

"မ ဘာဖြစ်နေတာလဲ"

"သွား... ကိုယ် အရင်အိပ်မယ်၊ ကိုယ် အိပ်ပျော်ပြီးမှ မင်းလာအိပ်ချင်အိပ်တော့"

"ဟဲ့... မ၊ ဟော့... နေဦးလေ"

သူ့ကို လှည့်မကြည့်ဘဲ သူမက ပွမ်းကပ်နီနီရဲရဲ စောင်ဘူထူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ခြုံပြီး တစ်ဖက်ကို လှည့်အိပ်သွားသည်။

မြတ်စွာဘုရား...

သူမကြည့်ရတာ တစ်ကိုယ်လုံး တုန်ယင်လှိုက်မောနေသလို တုန်လှုပ်ချောက်ချားစရာကောင်းသည့် အဖြစ်အပျက်ကြီးကို ရင်မဆိုင်ရဲသလို တုန်တုန်ယင်ယင် ဖြစ်နေပုံကြီးမျိုးပင်။

"မ..."

"မ..."

"ဟော့... မ"

"ထဦး"

သူမ သူ့ဘက်ကို လှည့်လာဖို့ သူ ချော့မော့ကြိုးစား ဖျောင်းဖျ ကြည့်သေးသည်။ သူမက ပေကတ်ကတ် ခေါင်းမာမာနှင့် တစ်ဖက်ကို မလှည့်ဘဲ အသံသာ ပြန်ပြုသည်။

"ဘာလဲ"

"ပြောစရာရှိတယ်၊ ဒီဘက်လှည့်"

"ပြောစရာရှိရင် မနက်မှပြော"

"ခုပြောမယ်၊ လှည့်ဦး"

"ဒါဖြင့်လဲ ပြော၊ ကိုယ် ဒီလိုပဲနားထောင်မယ်"

"ဘယ် သဲသဲကွဲကွဲ ကြားမလဲ"

"နားအကောင်းကြီးပဲဟာ"

"မဟုတ်ဘူးလေ၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားပြောမှ မင်္ဂလာဦးညရဲ့ အရသာ ပြည့်တော့မှာပေါ့"





"တော်စမ်းပါ"

"လှည့်ဆိုကွာ"

"မလှည့်ပါဘူး"

"ကျွန်တော် ဆွဲလှည့်လိုက်ရမလား"

"လာမထိနဲ့နော်၊ ငါ အရမ်းစိတ်ဆိုးမှာ သိလား"

"အမယ်လေးဗျာ၊ ဖြစ်နေလိုက်တာ၊ နေဦး မက ဘာကို ကြောက်နေရတာလဲ"

"ဘာမှမကြောက်ဘူး"

"မကြောက်ရင် လှည့်"

"ပြောစရာရှိတယ်ဆိုရင် ပြောပေါ့"

"ဒယ်ဒီနဲ့ မာမီ"

"အင်း... ဘာဖြစ်လဲ ပြော"

"ရှေ့အပတ်ထဲ ပြန်မယ်၊ နောက်တစ်လနှစ်လလောက် နေပြီးရင် ကျွန်တော်တို့လဲ လိုက်သွားရမယ်"

"..."

ရုတ်တရက်ဆိုသလို ဖြုန်းခနဲ ကောက်ကာငင်ကာ ထထိုင်လိုက်သည့် သူမပုံစံက အလန့်တကြား။

"လိုက်သွားရမယ် ဟုတ်လား ဇာမဏီ၊ ဘာဖြစ်လို့ ကိုယ်တို့က လိုက်သွားရမှာလဲ"

"ကျွန်တော်တို့က ဒီမှာ အကြာကြီး နေလို့မှမရတာ၊ ဒီကို ခဏပြန်လာပြီး ဟိုမှာ အပြီးခေါက်ချဖို့ လုပ်စရာရှိတာ လုပ်နေကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကာလပဲ"

"အို… ကိုယ် မလိုက်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ် ကြီးပြင်းရပ်တည်ခဲ့တဲ့ တိုင်းပြည်နဲ့ ဇာတိရပ်မြေကို ကိုယ် မခွဲဘူး ဓာမဏီ၊ ဒါ ကိုယ့်ရဲ့ခံယူချက်ပဲ"

"မဟုတ်သေးဘူး မ၊ အဲ့လောက် စိတ်မမာနဲ့၊ ခုကိစ္စက ကျွန်တော်နဲ့မက လင်မယားတွေလေ၊ ကျွန်တော်သွားရင် မ လိုက်ရမှာပေါ့"

"မဖြစ်နိုင်ဘူး၊ ကိုယ် ဘယ်တော့မှ ကိုယ့်မြေ၊ ကိုယ့်ဒေသကို စွန့်လိုက်မှာမဟုတ်ဘူး"

"ဒါ မရဲ့ ဆုံးဖြတ်ချက်လား"

"အမှန်ပဲ"

"ထားပါတော့၊ မ စိတ်အရှုံးထနေတာကို ကျွန်တော် ဂရုမစိုက်ပါဘူး၊ ကျွန်တော်ကတော့ လုပ်စရာရှိတာ လုပ်ရမှာပဲ"

"မင်း ဖွတ်လုပ်ရင် မင်း တစ်သက်လုံး စိတ်ဆင်းရဲနေမှာပေါ့၊ အဲ့ဒီ စိတ်ဆင်းရဲမှုဒဏ်ကို ခံနိုင်ရင်… "

"တော်တော့ မ၊ မင်္ဂလာဦးညမှာ တစ်ယောက်နဲ့တစ်ယောက် အတိုက်အခံ မပြောကြရင် ကောင်းလိမ့်မယ်"

"မဟုတ်ဘူး၊ ခုကတည်းက… "

"မပြောပါနဲ့၊ မပြောပါနဲ့တော့၊ ကျွန်တော် ခံနိုင်ရည်မရှိလို့ပါ"

"နေစမ်းပါဦး၊ မင်းက ကိုယ့်ကို ချစ်တာလား၊ ဒါမှမဟုတ်





ဇနီးမယားအဖြစ် ပိုင်ဆိုင်ချင်တာလား"

"မ ဘယ်လိုထင်လဲ"

သူတို့နှစ်ယောက်၏စကားတွေက တစ်စထက်တစ်စ တင်းမာလာသည့်အခြေအနေဘက် ရောက်သွားကြသည်။

"ဇနီးမယားအဖြစ် ကိုယ့်ကို ပိုင်ချင်နေလို့ပဲ မင်းဘက်က ရလိုက်တဲ့ အခွင့်အရေးတစ်ခုကို မင်း လက်လွှတ်မခံခဲ့တာပဲပေါ့"

"ကောင်းပြီ၊ အဲ့လိုထင်လဲ ထင်လိုက်လေ၊ ကျွန်တော့်ကို မ ဘယ်လိုထင်ထင် ကျွန်တော် သိပ်ဂရုစိုက်လိမ့်မယ်မထင်နဲ့ မ၊ ကျွန်တော်က ကိုယ်ဖြစ်ချင်တာကိုပဲ ကိုယ် ရအောင်လုပ်သွားမှာ၊ တစိုက်မတ်မတ်ပဲ"

"အဲ့ဒီအတ္တတွေ ကြပ်ကြပ်ရှိနေ၊ တစ်နေ့ မင်းကို အဲ့ဒီအတ္တတွေက အသေသတ်လာလိမ့်မယ်"

"ဖြစ်ပါစေ၊ ကြုံမတွေးဘူး၊ ခု လက်ရှိအနေအထား ပစ္စုပ္ပန်ကာလကိုပဲ ကျွန်တော်က စိတ်ဝင်စားလေ့ရှိတယ်"

"ကိုယ်က အနာဂတ်ကို စိတ်ဝင်စားတယ်၊ အနာဂတ်မှာ ကိုယ် ဘာဖြစ်မလဲ၊ ကိုယ် ဘယ်အခြေအနေရောက်နေမလဲ၊ အဲ့ဒါ အမျိုးမျိုးတွေးကြည့်ဖူးတယ်၊ အဲ့လိုတွေးတဲ့ချိန် ကိုယ့်အနားမှာ ဘယ်ယောကျာ်းအကြောင်းမှ မပါဘူး"

"သေချာလား"

"သေချာတယ်"

"ဘယ်ယောကျာ်းလေးကိုမှ မရဲ့ အနာဂတ်ထဲ ဆွဲမခေါ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

"အင်း… ဆိုပါတော့"

"ဟာ… ဒါဖြင့် မက စိတ်ကူးအတိုင်း လျှောက်လုပ်နေတဲ့ မိန်းမပဲ၊ အိုးမိုင်ဂေါ့(ဒ်)"

"ဟုတ်တယ်၊ ကိုယ်က စိတ်ခံစားမှုကို အလိုလိုက်တတ်တယ်"

သူ့မျက်လုံးတွေကို ခပ်တင်းတင်းမှိတ်ချပစ်လိုက်သည်ထိ သူမစကားတွေကို နာကျင်သွားရသည်။

ဘာဖြစ်လို့လဲ။

ဒီအမျိုးသမီးစိတ်က ဆန်းကြယ်လှချည်လား။

ကြောက်စရာကောင်းလိုက်တဲ့ မိန်းမပဲ။ ငါ သူ့စိတ်ကို ပိုင်ထားမှ သူ့နှလုံးသားကို မလှုပ်နိုင်အောင် ချည်ထားမှ ရမှာပဲ။

သူမ စိတ်ခံစားမှုတွေက ကြောက်ခမန်းလိလိ။

သူ အံကိုတင်းတင်းကြိတ်ပြီး သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ…

"မ… "

"မ ကျွန်တော့်ကို ချစ်ခဲ့ဖူးလား"

"… "

သူမ တော်တော်နှင့်မဖြေဘဲ အတော်ကြာကြာ တိတ်ဆိတ်သွားပြီးမှ…

"ထင်သလိုလို ရှိခဲ့တာပဲ"

"ဪ…





ရင်တစ်ခုလုံး အောင့်ကျိန်းထုံကျင်သွားတော့သည်။ ရင်နာစရာကောင်းသော စိတ်ထိခိုက်စရာဟူ၍ ဒီတစ်ကြိမ်သာ ကြုံခဲ့ဖူးခြင်း ဖြစ်သည်။

သူကတော့ သူမကို တကယ်ချစ်ခဲ့၊ ရူးခဲ့သည်။

သူမဘက်က သူ့ကို ထင်ယောင်ယောင်လေးပဲ ခံစားဖူးခဲ့သည်တဲ့။

ထိုစကားအတွက် သူမ အကြီးအကျယ် မှားသွားပြီဆိုတာ သူ နာကျင်စွာ တစ်ချက်ပြုံးမိကာ…

"မဘဝမှာ ယောကျာ်းလေး ဘယ်နှစ်ယောက်ကို အဲ့လိုထင်ယောင်ယောင်လေး ရှိခဲ့ဖူးလဲ"

သူမက တစ်ချက် ပြန်ပြုံးသည်။

ထိုအပြုံးမှာ အဓိပ္ပာယ်တွေ နင့်သီးချက်။

"မင်းတစ်ယောက်တည်းပါ"

"ဪ… ဪ"

"ကိုယ် ကိုကို့ကိုတော့ သေသေချာချာ ချစ်ခဲ့ဖူးတယ် ထင်တယ်"

"ဝမ်းနည်းစရာပဲ၊ ထားပါတော့၊ ဒါ ပြဿနာမရှိပါဘူး၊ ကျွန်တော်က မကို ရိုးမြေကျ ပေါင်းသင်းမယ့်သူပဲ၊ ဟုတ်တယ်ဟုတ်မလား"

သူမက သူ့ကို မမှိန်မသုန် ကြည့်နေဆဲ…

"လာ၊ အိပ်စို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘာလုပ်တာလဲ"

"မီးပိတ်တာ"

"မပိတ်နဲ့"

ယောကျ်ားတစ်ယောက်ကို ချစ်မိသယောင်ယောင် ထင်ခဲ့မိတဲ့ စိတ်ခံစားမှုရဲ့ အမှားဒဏ်ကို ဘဝနဲ့ရင်းပြီး ခံစားစေရမယ် မ... ။

* * *



# အခန်း (၄)

ဖေဖေနှင့်မေမေ သူတို့မင်္ဂလာကိစ္စ ပြီးနောက် ပြန်သွားကြ ချိန်မှာ သူမကြည့်ရတာ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားသလို သေသေချာချာ ပြောရလျှင်တော့ သူကပဲ သူမဘဝကို စုတ်ပြတ် သပ်သွားအောင် ဖန်တီးခဲ့သလိုမျိုး။

အံ့ဩစရာကောင်းတာက သူ တစ်သက်လုံး ဘယ်တုန်းကမှ တွေးမထင်ထားမိသည့် အမုန်းတစ်ခုကို သူမထံမှ ရလိုက်ခြင်းပင်။

ဘယ်လောက် အသည်းယားစရာ ကောင်းလိုက်ပါသလဲ။

ခုကိစ္စက သူမရဲ့ အပျိုစင်ဘဝကို သူက လွယ်လွယ်ကူကူ သိမ်းပိုက်ခဲ့၍ဆိုသည့် အကြောင်းပြချက်တစ်ခုနှင့် သူမက မကျေအေး နိုင်စွာ စကားစစ်ထိုးမြဲပင်။

သူမကြည့်ရတာ အပျိုစင်ဘဝကို သူ ရယူခဲ့၍လည်း ဆတ်ဆတ် ခါနာနေဟန်မျိုး...

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မ… "

"ကြည့်… မ ဟိုဆရာဝန်အိမ် ဘာသွားလုပ်ဦးမလို့လဲ"

"ကိုယ့်ဘာသာကိုယ် ဘာလုပ်လုပ် မင်းအပူလား"

"ဟ… ဒါ ကျွန်တော်နဲ့ ဆိုင်တဲ့ကိစ္စလေ၊ ခုက မက ကျွန်တော့်ဇနီးဖြစ်နေပြီ၊ မ ဘယ်သွားသွား ဘာလုပ်လုပ် တားခွင့် မေးခွင့်ရှိတယ်လေ"

"ဟုတ်တယ်၊ ကိုယ် အဲဒီသွားမှာ"

"အဓိပ္ပာယ်မရှိတာပဲ၊ သေတဲ့လူကလဲ သေပြီ၊ အိမ်မှာလဲ လူတစ်ယောက်မှ မရှိကြဘူး၊ သူ့အဒေါ်ဆိုတဲ့ အဘွားကြီးလဲ တရားစခန်းဘက် ပြေးပြီ၊ အမြဲ သော့ပိတ်ထားတဲ့အိမ်ကြီး၊ ဘာသွား လုပ်မှာလဲ"

"အဝေးက လှမ်းကြည့်တာ"

"အဲ့ဒါ မ ရူးတာပဲ"

"ရူးရူးကွာ၊ ကိုယ်ကတော့ ကိုကို မရှိပေမဲ့ အဲဒီအိမ်လေးကို အလွမ်းပြေ သွားကြည့်ရရုံနဲ့ ကျေနပ်တယ်၊ ဒီနေ့လဲ ကိုယ်သွားမယ်"

"No မရဘူး၊ ကျွန်တော် သွားခွင့်မပြုဘူး၊ ဘယ်သူမှမရှိတဲ့ လူသေထားတဲ့အိမ်ကြီးကို မ သွားကြည့်နေတော့ရော ဘာအကြောင်း ထူးလာမှာလဲ မ၊ အဓိပ္ပာယ်မရှိတာတွေ မလုပ်ချင်စမ်းပါနဲ့"

"ကိုယ်အတွက်ကတော့ သိပ်အဓိပ္ပာယ်ရှိတယ် ဇာမဏီ၊ ကိုကိုဟာ သူမဆုံးခင်ကဆို ကိုယ့်ကို လက်ထပ်ဖို့ အကြိမ်ပေါင်း တစ်ရာ့တစ်ကြိမ်လောက် ကြိုးစားဖူးတယ်၊ ဒါပေမဲ့ အကြိမ်ကြိမ်ငြင်း





ခဲ့တယ်၊ အဲ့ဒီအချိန် မင်းရောက်လာပြီး မင်းနဲ့ဆုံကြတယ်၊ ကိုယ်ပြော ခဲ့သလိုပဲ မင်းကို ချစ်မိသယောင်ယောင် ခံစားလိုက်ကြရတယ်၊ အဲ့ဒီ ခံစားမှုတစ်ခုနဲ့ ကိုကို့ကို အကြိမ်ကြိမ် ငြင်းချခဲ့ပြီးမှ ဘွဲ့လွန်ထပ်တက် ရမယ့် ကိုကို့ကို သူ စိတ်ဖြောင့်အောင် နောက်ဆံတင်းမနေရအောင် လက်ထပ်မယ်လို့ ကိုယ် ဖြေဆေးတစ်ခု ပေးခဲ့တယ်၊ အဲ့ဒီနေ့ကလဲ သတို့သမီးဝတ်စုံသွားချုပ်ဖို့ လမ်းကအထွက် သူ အရိုက်ခံခဲ့ရတာပဲ၊ တကယ်တော့ ကိုကိုဟာ သေသွားတဲ့ထိ ကိုယ့်အပေါ် ယုံကြည်သွား ခဲ့တယ်၊ ဘာသံသယမှမရှိခဲ့၊ မထားခဲ့ရှာဘူး၊ အမှန်တော့ ကိုယ် သူ့ကို တကယ်လက်ထပ်မှာလဲ မဟုတ်ဘူး၊ သူ ကျေနပ်အောင် စိတ်ချမ်းသာ ပျော်ရွှင်သွားရအောင် သတို့သမီးဝတ်စုံတစ်စုံနဲ့ ဖြေသိမ့် ရောင်ရဲဖို့ စိတ်တစ်ခု ပေးခဲ့တာ…

"အဲ့ဒီမှာ မင်းက ကိုယ်တို့ဆီရောက်လာပြီး ကိုယ့်ကို ကူညီ မလိုလိုနဲ့ နှစ်ခဲ့တယ်၊ ကိုယ့်ဘဝကို မင်းပိုင်ခဲ့သည်ဖြစ်စေ၊ မပိုင်ခဲ့ သည်ဖြစ်စေ၊ လူကြီးတွေရဲ့အမြင်မှာ ကိုယ်နဲ့မင်း အခုလို လက်မထပ် ဘဲ နေလို့မှ မရတော့ဘဲ၊ ဒီလိုတွေဖြစ်လာအောင် ကိုယ်တို့ အလော သုံးဆယ်ယူလိုက်ကြရအောင်ထိ မင်း ဖန်တီးခဲ့တာ"

"ကျွတ်… တကယ်ကွာ၊ ကိုယ်လေ ကိုယ်… ကိုယ် ဘယ် တုန်းကမှ အိပ်မက်တောင် မမက်ခဲ့ရတဲ့ဘဝကို ခု ရောက်နေရတယ်"

"မ အမြင်တွေ အတွေးတွေက စောင်းနေပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် မိန်းမသားတစ်ယောက်ရဲ့ ဘဝဆိုတာ ယောကျ်ားတစ်ယောက်ရဲ့ ဇနီးမယားဘဝ ရောက်ရတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်စောင်းထိုးပြီး ကြည့်လေသည်။

"ကျွန်တော့်အချစ်တွေကတော့ ယောကျ်ားလေးပီပီ သွေးဆူတယ်၊ ရင်ပူတယ်၊ ရမ္မက်ပိုတယ် မ"

"အေး… အဲ့ဒါကြီးကိုပဲ ကိုယ်က ရွံတာ"

ပြောပြီး သူမက သူ့ကားယူကာ ထွက်သွားတော့သည်။ သေချာတာက သူမ ဦးတည်ရာနေရာက ဆရာဝန်ရဲ့အိမ်ဆီ ပြင်းပြမွတ်သိပ်သော လွမ်းဆွတ်မှုတွေဖြင့် အငမ်းမရ ထိုင်ကြည့်ကာ မျက်ရည်တွေ ကျနေပေလိမ့်မည်။

ဒါဟာ သူမ အရှုံးထခြင်းသက်သက်ပဲလို့ သူကလည်း နာကျင် အံ့သြရလေသည်။ ထိုနာကျင်အံ့သြစိတ်က အမုန်းဘက်ကို ကူးပြောင်းလာနိုင်သည်။

တကယ်တော့ အချစ်ကနေ အမုန်းကို ကူးပြောင်းသွားသည့် စိတ်ဝေဒနာကိုယ်စီကြောင့် သူတို့နှစ်ယောက်သည် အလိုလိုနေရင်း မျဉ်းပြိုင်နှစ်ကြောင်း ဖြစ်သွားတော့သည်။

ထိုမျဉ်းပြိုင်များသည် အမုန်းမျဉ်းပြိုင်တွေသာ ဖြစ်လိမ့်မည်။ အမှန်စစ်စစ် လောကမှာ မျဉ်းပြိုင်နှစ်ကြောင်းအတွက် ဆုံမှတ်ဆိုတာ မရှိနိုင်ပါ။ တကယ်တော့ သူတို့နှစ်ယောက်၏ စိတ်ခံစားမှုတွေက အချစ်ဆုံမှတ်ကနေ ပြိုင်တူကွဲထွက်သွားသည့် အမုန်းမျဉ်းပြိုင်တွေသာ ဖြစ်သွားကြခြင်းပင်။

* * *





## အခန်း (၅)

သူနှင့် သူမ၏ အိမ်ထောင်သက် တစ်လကျော်ကျော်အတွင်း စိတ်အစာမကြေမှုဒဏ်ရာတွေနှင့် ကိုယ်စီအုံဖွဲ့ကာ ရှိခဲ့သည်။

ထိုနေ့က သူမတစ်ယောက်တည်း အပြင်က ပြန်ရောက်လာချိန် မျက်ရည်များဖြင့် ဒေါသတကြီး စာရွက်တစ်ခုကို သူ့ထံ ပစ်ချပေးသည်။

"ရော့… ကိုယ် မသင်္ကာလို့ ဆေးသွားစစ်တော့ အဖြေစာရွက်ကို ကြည့်လိုက်စမ်းပါဦး၊ ပေါ့စတာစ်(ပ်)ပြနေပြီ၊ ဟင်း…… ကိုယ် အမုန်းဆုံး မလိုချင်ဆုံးဘဝကို ရောက်ရဦးတော့မယ်"

သူမက နာကျင်အောင့်မျက်နေသံဖြင့် သူ့ကို ဒေါသတကြီး ပြောလာချိန်မှာ သူကတော့ အကြီးအကျယ် ပျော်ရွှင်သွားမိလျက်…

"ဟား… ကောင်းတာပေါ့၊ ကျွန်တော့်ရင်သွေး[illegible]လေး ရှိသွားပြီ Good ပဲ၊ ဒါ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်[illegible]ကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပေါ့၊ ဟား... ”

“စိတ်ညစ်တယ်၊ ဒါ သိပ်စိတ်ညစ်တယ် သိလား”

သူမက အကြီးအကျယ် စိတ်ထိခိုက်နေသူလို မျက်ရည်များဖြင့် သူ့ကို နာနာကျင်ကျင် လှမ်းပြောနေသည်။

ထိုအခါ သူ ပျော်ရွှင်မိသော အပျော်တို့က ရုတ်ခနဲ ပျောက်ကွယ်သွားကာ သူမအပေါ် ရွံ့ချင်စိတ်က ဘွားခနဲ ဖြစ်လာသည်။

“ဘာဖြစ်လဲ မ၊ တကယ်တော့ မမှာ ရွေးချယ်စရာ လမ်းမရှိတော့လို့ ကျွန်တော့်ကို လက်ထပ်လိုက်ရတာပဲ၊ ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်တဲ့အတွက် ဖြစ်လာမယ့် မိသားစုဘဝကို မ စိတ်ရှည်ရမယ်၊ ကြင်နာရမယ်လေ၊ ဒါ နှောင်တဖြစ်စရာမှမရှိတာ”

“အိုး... ကိုယ်မှ အဲဒီဘဝမျိုး မလိုချင်တာ၊ ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်ရတဲ့အတွက် ကိုယ့်ရဲ့ စိတ်လွတ်လပ်မှုတွေ ကုန်ဆုံးရမယ့်အဖြစ်၊ ကိုယ်ဝန်ဆောင်ရမယ့်အဖြစ်၊ ကလေးကို အချိန်ပြည့် ထိုင်ပြုစုစောင့်ရှောက်နေရမယ့်အဖြစ်တွေကို ကိုယ် သိပ်မုန်းခဲ့တာ၊ ကိုယ် မုန်းခဲ့တဲ့ဘဝကိုပဲ မင်းက ရောက်အောင်ဖန်တီးပစ်လိုက်တာ”

“ဘဝကို ဘဝချင်းလဲတာပဲဗျာ၊ ထိုက်တန်ပါတယ်”

“သြော်... မင်းက ဒီလိုတောင် ယူဆရက်တယ်ပေါ့၊ ကောင်းပြီလေ၊ ကိုယ် ဒီကလေးကို မယူရုံပဲပေါ့”

“ဟာ... ”

သူမထံမှ မယုံကြည်နိုင်စရာ စကားတစ်ခွန်းကြောင့် သူ့မှာ





အံ့အားသင့် မှင်တက်မိသွားသည်မှာ စက္ကန့်များစွာ...

သူမကို အံ့အားသင့်လွန်းစွာ စိုက်ကြည့်မိချိန်မှာ ဟိုးအရင်က သူ ချစ်ခဲ့ရသော ပုံစံမျိုး သူမမှာ မရှိတော့။

သူ့ကို နာကျင်အောင်လုပ်မည့် ဆောင့်ကြွားကြွား ဂျစ်ကန်ကန် ဟန်မျိုးနှင့် မျက်နှာကို ချီထားသည်။

သူမ အခုလောက် ကိုယ်ဝန်ဆောင်ဘဝကို ခါးသီးလိမ့်မည် မဟုတ်ဟု သူ လျှော့တွက်ခဲ့မိတာ မှားလေပြီ။

ကြည့်စမ်း...

သူ မမျှော်လင့် မမှန်းဆထားသည့် တုံ့ပြန်မှုက ကြောက်မက်ဖွယ်ရာအတိ...

“မ... ”

“ဘာလဲ... ”

“တကယ်... တကယ်ပဲ ခင်ဗျား ဒီကလေးကို မလိုချင်ဘူးလား”

“အမှန်ပဲ”

သူမအသံက ပြတ်သားမှုတွေဖြင့် မာကျောနေသည်။ သူ့မှာတော့ အံ့သြစိတ် မယုံကြည်နိုင်စိတ်တို့ဖြင့် နင့်သီးစွာ ကြေကွဲနေရသည်မှာ သေလုမျောပါး။

“ဘာဖြစ်လို့ အဲ့လောက်ထိ... အဲ့လောက်ထိ၊ ကျွတ်... ကွာ၊ ကျွန်တော်... ကျွန်တော် အရမ်းအံ့သြတယ်”

“အဟုတ်ပဲ ဓာမဏီ၊ ကိုယ့်စိတ်ဓာတ်က မာကြောရက်စက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်မယ်၊ မတတ်နိုင်ဘူး၊ ကိုယ်မှမလိုချင်ဘဲ”

“မဟုတ်သေးဘူး၊ မဟုတ်သေးဘူးမ၊ ခဏလေး ကျွန်တော်ပြောဦးမယ်”

သူ ကမန်းကတန်း လက်ကာပြကာ ခေါင်းကို ဘယ်ညာအတင်းခါယမ်းလိုက်ပြီးလျှင်...

“ကျွန်တော် မကို တကယ်ချစ်ခဲ့ဖူးတယ်၊ တကယ်လဲ နှင့်နှင့်သီးသီး ခံစားရပြီးမှ ဖြစ်လာတဲ့ မိသားစုဘဝကို လိုချင်ခဲ့ဖူးတယ်၊ အဲ့ဒီအတွက်လဲ လက်ထပ်ခြင်းကိုကြောက်တဲ့ မရဲ့ဘဝကို ကျွန်တော် လက်ထပ်ခြင်းနဲ့ပဲ ရယူခဲ့မိတယ်၊ အဲ့ဒီအတွက် ကျွန်တော့်သွေး ကျွန်တော့်သား ဖြစ်လာတဲ့ ရင်သွေးရတနာလေးကို ကျွန်တော် ဖခင်မေတ္တာပေးချင်တယ်၊ မဘက်က မိခင်မေတ္တာပေးဖို့ပဲ ပြင်ဆင်ပေးပါ”

“ကိုယ့်အတွက်ကတော့ အခုလောက် ဆုံးရှုံးရတဲ့ အရသာကို ခါးသီးလှပြီ ဓာမဏီ၊ ကိုယ်ဝန်ကြီး တကားကားနဲ့ ဟိုဟာရှောင်ရ၊ ဒီဟာရှောင်ရနဲ့ ကိုယ့်အတွက် နစ်နာဆုံးရှုံးစရာတွေချည်းပဲ ဆက်တိုက် ဖြစ်လာတော့မှာ မဖြစ်နိုင်ဘူးထင်တယ် ဓာမဏီ”

“ဟာ... မ... မရဲ့ စိတ်ကူးနဲ့ ဆုံးဖြတ်ချက်ကြီးက အရမ်းကို တစ်ဖက်စွန်းရောက်နေပြီ၊ လောကမှာ ကိုယ်ဝန်ဆောင်ထားတဲ့ မိခင်လောင်းတွေက တစ်ပုံကြီးပဲဟာ၊ မ ကလေးမွေးရမှာကြောက်ရင် ဗိုက်ခွဲမွေးပေါ့၊ အဲ့လိုရတာပဲ၊ စိတ်ချ၊ မအတွက် အကောင်းဆုံး





ဖြစ်စေရမယ်၊ ကျွန်တော်တို့ ဒီကလေးကို နိုင်ငံခြားမှာ မွေးကြတာပေါ့”

“ဝမ်းနည်းစရာပဲ၊ ဘယ်လိုမှ မဖြစ်နိုင်တာပဲ ဓာမဏီ၊ ဒီဗိုက်တစ်လုံးနဲ့ ကိုယ်က မင်းနောက် လိုက်ရဦးမှာလား၊ လူဆိုတာ ကိုယ့်ဘဝကို ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကြိုက်သလို စီရင်နိုင်ကြတာပဲ”

သူမဘက်က အလျှော့ပေးချင်ပုံ တစ်စက်မှမရ။ သူမ၏ တစ်ဖက်စွန်းရောက် အတ္တတွေကို သူ တနင့်တပိုး ဒေါသဖြစ်ကာ နာကျင်မုန်းတီးနေရပေမဲ့ အပြင်မှာတော့ သူမကို အသနားခံဖို့ ဆုံးဖြတ်လိုက်တော့သည်။

သူ အတောင့်တဆုံး ရင်သွေးလေးကို သူမ မွေးဖွားသန့်စင်ပေးဖို့သာ အရေးကြီးလေသည်။

သူမ စိတ်ဓာတ်တစ်ခုနှင့် တစ်ခုခု ကောက်ကာငင်ကာ ထလုပ် လိုက်မှာကိုလည်း သူ စိုးရိမ်လာသဖြင့် သူမကို အသနားခံဖို့စိတ်ကို လျှော့လိုက်ချိန်မှာ နာကျင်ရင့်သီးမှုများဖြင့် မျက်ရည်တို့က ဝဲချင်လာ သည်။

“မ...”

“တစ်ခုပဲ၊ တစ်ခုတည်း ကျွန်တော် တောင်းဆိုတာပါ၊ ကလေးရဲ့ဘဝဟာ ခု မလက်ထဲ ရောက်နေပြီ၊ သွန်လိုသွန် မှောက်လိုမှောက်၊ ခြေလိုခြေ၊ မမှာ လုပ်နိုင်ခွင့်တွေ ရှိပါတယ်၊ ဒါပေမဲ့ မ သူ့လေးကို ကျွန်တော်တို့နှစ်ယောက်နဲ့ ခွဲမထုတ်လိုက်ပါနဲ့၊ မကို ချစ်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခြင်းဆိုတာကို ဖြစ်မြောက်အောင် ဖန်တီးခဲ့တဲ့ ကျွန်တော့်ရဲ့ အပြစ်တစ်ခုအတွက် မသာ ကျွန်တော့်ဘဝကို ကြိုက်သလိုစီရင်လိုက်ပါ၊ ကျွန်တော် ခံယူပါ့မယ်"

"ကလေးလေးကိုတော့ ကျွန်တော့်အတွက် ထားပေးပါ၊ ကျွန်တော်တို့နဲ့ မ နိုင်ငံခြားကို မလိုက်နိုင်ရင်လဲ မသဘောအတိုင်း နေခဲ့ပါတော့"

"ဓာမဏီရပ်ာ ကိုယ်ကလဲ အဲ့ဒီအလုပ်တွေကို သိပ်ခါးသီးခဲ့တာ၊ ကိုယ်ဝန်စလွယ်ကတည်းက ပိုးမွေးသလို တစိမ့်စိမ့် မွေးမြူထားရမယ့် အပြစ်ဆိုးကြီးကို အရမ်းခါးသီးရပါရောလား"

"မ ကြိုက်သလောက် ခါးသီးပါ၊ ကျွန်တော့်ရင်သွေးလေး မရဲ့ အသွေးအသားထဲမှာ ရှိနေရင်ကို ကျွန်တော် ကျေနပ်ပါပြီ"

"အရှုံးလိုပဲ"

သူမက သူ့ကို တစ်ချက် ဆဲရေးကာ ထွက်သွားသည်။ သူ တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့ပေမဲ့ ရင်ထဲမှာ သူမအပေါ် ဒေါသတွေ မခံချင်စိတ်တွေသာ ပြည့်နှက်နေခဲ့သည်။

မရယ် ဘာဖြစ်လို့ လက်ထပ်ခြင်းဆိုတာကို မ ဘာလို့ ဒီလောက်ထိ ခါးသီးကြောက်ရွံ့ခဲ့တယ်ဆိုတာ ကျွန်တော် ခုမှသိရပြီ။

မက ကလေးမမွေးချင်တဲ့ မိန်းမ၊ မိသားစုဘဝကို မမက်မောတဲ့မိန်းမပဲ။ ကျွန်တော်ကျတော့ ကလေးချစ်တတ်သူပီပီ ကလေးလိုချင်တယ်၊ ဒီကလေးလေးနဲ့ စိတ်ချမ်းသာပြည့်စုံမယ့် မိသားစုဘဝကို





အရမ်းတောင့်တတယ်။ ဝမ်းနည်းစရာကောင်းတာက ကျွန်တော်နဲ့ မရဲ့ အတွေးအမြင်တွေ အတ္တတွေက မျဉ်းပြိုင်တွေလို ဖြစ်နေကြတာပဲ။

ကျွန်တော် မရဲ့အတ္တတွေကို မုန်းတယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ အလိုလိုနေရင်း ခံယူချက်မတူတဲ့ မျဉ်းပြိုင်နှစ်ကြောင်း ဖြစ်သွားခဲ့ကြတာ သိပ်ကို အံ့သြစရာပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကစပြီး...
မိခင်တစ်ယောက် မလိုချင်ခဲ့၊
မလွယ်ပိုးချင်ခဲ့သော သွေးခဲလေးတစ်ခုက
နောက်ထပ် ဆယ့်ကိုးနာရီ၊ ဆယ့်ကိုးမိနစ်အကြာမှာ
လောကကြီးကနေ ပြန်လည်ထွက်ခွာသွားခဲ့လေသည်။
ထိုအဖြစ်အပျက်တို့က မြန်ဆန်စွာ၊ ဆိုးဝါးစွာ
တကယ်ဖြစ်ပျက်သွားခဲ့ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

ထိုနေ့က သူမကို စိတ်တိုတိုနှင့် သူမအနားပင်မကပ်ဘဲ ကျောပေးအိပ်လိုက်ရာမှ မေ့ခနဲ အိပ်ပျော်သွားခဲ့သည်။

သို့သော်... သိပ်မကြာလိုက်။

ဒုန်းခနဲ ခုတင်ပေါ်မှ ပြုလဲကျသွားသည့် အသံတစ်ခုနှင့်အတူ အားခနဲ ရှူးရှူးဝါးဝါး အော်လိုက်သည့် သူမအသံကြောင့် သူ အိပ်ရာမှ ဖျတ်ခနဲ နိုးသွားခဲ့ချိန်မှာ ဒိန်းခနဲ တုန်လှုပ်သွားခဲ့တော့သည်။

"ဟင်... "

"ဟာ... မ"

"အား... ကျွတ်... ကျွတ်... ကျွတ်"

"ကိုယ်... ကိုယ် ခုတင်ပေါ်က ပြုတ်ကျတာ"

"ဘာ... "

သူ့ရင်တစ်ခုလုံး တလှပ်လှပ် တုန်လှုပ်စွာ ဆောက်တည်ရာ



www.burmeseclassic.com

www.burmeseclassic.com



မဲ့သွားချိန်မှာ သူ့မပေါင်မှ စီးကျလာသည့် သွေးစအချို့ကို ထင်ထင်ရှားရှားကြီး တွေ့လိုက်ရလေသည်။

"ဟာ... "

"သွားပြီထင်တယ်၊ ကိုယ်... တကယ်... အိပ်... အိပ်မောကျပြီး သတိလက်လွှတ် ပြုတ်ကျ၊ ပြုတ်ကျတာ ဓာမဏိ"

"ကျွတ်... ကျွတ်... ကျွတ်... ကိုယ့်ကို ထူပေးပါဦး"

မြတ်စွာဘုရား...

ထိုမြင်ကွင်းကြောင့် သူ ရတ်တရက် ရင်ကွဲနာကျသွားကာ သူ့မကိုလည်း ပြန်မထူပေးဖြစ်ဘဲ ကြောင်အမ်းတုန်လှုပ်စွာ အခန်းထဲမှ တစ်ရှူးထိုး ထွက်ပြေးလာမိခဲ့သည်။

"ဟင်... "

"မြတ်စွာဘုရား"

မီးဝင်းဝင်းတောက်သည့် မျက်လုံးတွေနှင့် ယမင်းကို စိုက်ကြည့်ကာ ယမင်းကို ထူမပေးတော့ဘဲ တရှူးထိုး ထွက်ပြေးသွားသည့် မောင့်ကိုကြည့်ပြီး ယမင်းမှာ ရင်တလှပ်လှပ်ဖြင့် ကျန်ရစ်ခဲ့ရသည်။

အိုး...

မောင့်ကို ဘယ်လိုများ ဖြေရှင်းပြရမလဲ။

တကယ်ပါ။ တကယ့်အဖြစ်အပျက်တစ်ခုပါ မောင်ရယ်။

ဟိုက်... ဒီကလေးကို ဘာမှမလုပ်ပါဘူး။

ကိုယ် တကယ်ပဲ အိပ်မောကျလွန်းပြီး ခုတင်ပေါ်က ပြုတ်ကျရာကနေ ခုလို သူလေးထွက်သွားတာပါ။





တကယ်ပါ မောင်ရယ်...

ယမင်းကို စိတ်ပူပြီး အိမ်ကအလုပ်သမားတွေက ပျာယာခတ်ကုန်ကြချိန်မှာ မောင်က ရှိမနေ။

ဆရာဝန်ရောက်လာပြီး လိုအပ်တာတွေ လုပ်ပေးသွားချိန်ထိ မောင်က ပြန်မလာ။

ဘာပဲဖြစ်ဖြစ် မောင် ပြန်လာဖို့ ကောင်းသည်။

ခုတော့ မောင် ဘယ်လောက်ထိ ယမင်းကို အထင်လွဲစွာ စိတ်ဆိုးနာကျင်သွားသည်လည်း မသိတော့။

မောင်ရေ ကိုယ် ဘယ်လိုရှင်းပြရမလဲဟင်...

ကိုယ် တကယ့်ကို သူလေးကို ဘာမှမလုပ်မိသေးတာ အမှန်ပါ။ မောင် ပြန်လာခဲ့ပါဦးကွယ်၊ မောင် ခဏဖြစ်ဖြစ် ပြန်လာပါ၊ ကိုယ် ရှင်းပြပါရစေဦး။

ယမင်းမှာ တစ်နေ့လုံး ပျောက်ကွယ်သွားသည့် မောင့်ကို ရင်ကွဲနာကျင်စွာ စောင့်မျှော်ရင်း ဆေးရှိန်တွေနှင့် မှေးခနဲ အိပ်ပျော်မလိုဖြစ်သွားခိုက်မှာ ခြေသံပြင်းပြင်းတစ်စုံကို ကြားလိုက်ရသည်။

"ဟင်... မောင်"

ဟု လွှတ်ခနဲခေါ်မိမတတ် ဖြစ်သွားပြီးမှ ဖွင့်ဟသွားသည့် နှုတ်ခမ်းအစုံကို ကမန်းကတန်း ပြန်စေ့လိုက်ဆဲ...

"ခင်ဗျား သိပ်စိတ်ချမ်းသာသွားပြီ ထင်တယ် ဒေါ်ယမင်းရွှေ၊ ဒါ ခင်ဗျားကိုယ်တိုင် နှစ်သက်စွာ ရွေးချယ်လိုက်တဲ့ လမ်းလား"

"အို... မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမအသံက တိုးလျှစွာ ဖျော့တော့နေသည်။ အံ့သြစရာကောင်းတာက သူမမျက်ဝန်းမှာ မျက်ရည်ရိပ် ဝမ်းနည်းရိပ်တို့မတွေ့ရ။

အံ့သြစရာကောင်းလေစွ... ။

ရင်သွေးဆိုတဲ့ သွေးခဲလေးတစ်ခဲ ပျောက်ကွယ်ဆုံးရှုံးသွားတာကို သောကကြီးစွာ မခံစားနေရပါလား။

ဘုရား... ဘုရား... သူမရဲ့ နေစိမ့်နိုင်မှုကိုမြင်မှ သူပိုပြီး ဒေါသထွက်ရလေပြီ။

သူ အံတင်းတင်းကြိတ်လိုက်ချိန်မှာ သူမက တောင်းပန်တိုးလျှိုးသံတစ်ခုနှင့်...

"ဇာမဏီ ကိုယ် သူ့ကို ဘာမှမလုပ်ခဲ့ဘူးနော်၊ တကယ့်ကို ဘာမှမလုပ်ခဲ့တာပါ"

"ခင်ဗျား သေလိုက်ပါလား၊ ရူးနေလား၊ မနေ့ညနေကပဲ ဒီကလေး အကောင်းကြီးရှိသေးတာ၊ တောက်... ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

"ခင်ဗျားပဲ ဒီကလေးကို မလိုချင်ဘူး၊ မလွယ်ချင်ဘူး၊ မမွေးချင်ဘူးလို့ ဟစ်ကြွေးနေတာ၊ ခင်ဗျားမလုပ်လို့ ဘယ်သူလာလုပ်မှာလဲ၊ ခုတင်ပေါ်က ပြုတ်ကျတာ အဓိပ္ပာယ်ကိုမရှိဘူး"

"တောက်... ဒီအရွယ်ကြီးကျမှ ခင်ဗျား ခုတင်ပေါ်ကနေ ပြုတ်ကျတဲ့ထိ အိပ်မှာလား၊ ဒါ... ဒါ... တမင်... ကွာ... ကွာ"

"ဒုန်း"

"ဒုန်း"





"ဟင်... အို... မလုပ်နဲ့"

အုတ်နံရံကို သူ စိတ်ရှိလက်ရှိ လက်သီးတွေဖြင့် ထိုးနေမိသဖြင့် သူ့လက်သီးဆုပ်တွေ ပေါက်ပြဲကုန်တော့သည်။ သွေးတွေလည်း စို့ကာ နီပျစ်ပျစ် သွေးစတို့ ထွက်လာကြသည်။

"ဟာ... မလုပ်နဲ့၊ ဆရာလေး မလုပ်ပါနဲ့"

အိမ်ထဲက အလုပ်သမားတွေက သူ့ပေါက်ကွဲမှုကို ဝိုင်းဆွဲထိန်းချုပ်ထားကြရသည်။ သူမကတော့ ခုတင်ပေါ်ကနေတောင် ဆင်းမလာ။

တကယ်တော့ ယမင်းမှာ သူပေါက်ကွဲနေတာကို ကြည့်ပြီး လိပ်ပြာလွင့်စဉ်သွားမတတ် တစ်ကိုယ်လုံး မူးရစ်တုန်ယင်နေတာ မောင် မသိပါ။ ကိုယ်ဝန်ပျက်ကျထားသဖြင့် ကောင်းစွာအနားယူရန် သက်သောင့်သက်သာလေးသာ လှဲနေရန် ဆရာဝန် ညွှန်ကြားထားသဖြင့် ယမင်း အိပ်ရာထက်ကနေ မောင် ပေါက်ကွဲနေတာကိုကြည့်ပြီး ရင်ကွဲနာကျင်နေရခြင်း။ တကယ်တမ်းလည်း ယမင်းမှာ အားအင်ဟူ၍ လုံးဝမကျန်တော့သလို ကိုယ့်ရဲ့ သတိလက်လွတ် ပေါ့ဆမှုတစ်ခုကြောင့် သွေးခဲလေးတစ်ခဲ ပျက်စီးလွင့်စဉ်သွားရတာကို ယမင်း ဘယ်လိုမှ စိတ်မကောင်းနိုင်။

"ဒီမှာ ခင်ဗျားကို ကျွန်တော် ဘယ်တော့မှ ခွင့်မလွှတ်ဘူးမှတ်၊ ဒီလောက်တောင် လူစိတ်ကင်းတဲ့မိန်းမ ကျွန်တော့်မှာတော့ ဒီကလေးကြောင့် စိတ်ကူးတွေနဲ့တွေးပြီး ပျော်လိုက်ရတာ၊ သွားပြီ၊ ပျက်စီးသွားပြီ..."

"ခင်ဗျားဟာ တော်တော့ကို ရက်စက်တဲ့မိန်းမ၊ ကလေးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရတာ ခင်ဗျားကြောင့်ပဲ၊ ခင်ဗျား အဓိကတရားခံပဲ”

“မဟုတ်ဘူး၊ ကိုယ် သူ့ကို ဘာမှမလုပ်ဘူး၊ ယုံပါ ဇာမဏီ၊ ကိုယ် ကျိန်ပြောရဲပါတယ်”

“အိုက်တင်ကတော့ မင်းသမီးပဲ၊ ခင်ဗျား ဒီလိုအိုက်တင်နဲ့ ရုပ်ရှင်ဝင်ရိုက်ရင်တောင် အကယ်ဒမီငါးထပ်ကွမ်းလောက်ရနိုင်တယ်၊ ခင်ဗျားကို အဲ့ဒီလောက် ရက်စက်ယုတ်မာလိမ့်မယ်လို့ ကျွန်တော် မထင်တဲ့တာ၊ ကျွန်တော် လျှော့တွက်မိတာ၊ ကျွန်တော့်ရဲ့ မဟာ အမှားပဲ... ”

“ခင်ဗျား ကျွန်တော့်အနာဂတ်ကို သတ်ဖြတ်ပစ်လိုက်တဲ့ မိန်းမ”

“အို... ”

အင်မတန် ရက်စက်ပြင်းထန်လှသည့် စကားလုံးတွေနှင့် သူမကို လက်ညှိုးထိုးကာ ဒေါသတကြီးပြောနေချိန်မှာ သူမက ကြောင်ငေးစွာ ငြိမ်သက်တိတ်ဆိတ်လျက် ရှိသည်။

သူမ အခုလို ငြိမ်သက်တိတ်ဆိတ်လေ သူ့ရင်ထဲက သောကမီးက ပိုပြီး အရှိန်ပြင်းစွာ အလျှံတညီးညီး လောင်မြိုက်လေပင် ဖြစ်သည်။

“အံ့သြတယ်ဗျာ၊ ခင်ဗျားဟာ ယောကျ်ားတွေကို ချစ်ရုံ ချစ်တတ်ပြီး လက်မထပ်ချင်တဲ့မိန်းမ၊ ကလေးမွေးရမှာကို သေမလောက် ကြောက်ရွံ့ခါးသီးနေတဲ့ မိန်းမကြီး”

“ဘယ်လောက် ပက်စက်လိုက်တဲ့ အဖြစ်ကြီးလဲ၊ ခင်ဗျား စဉ်းစားကြည့်ဦး၊ ဒီရင်သွေးလေး ရောက်နေခဲ့လို့ ကျွန်တော့်အနာဂတ်





အတွက် အရမ်းပျော်နေခဲ့ပြီးမှ အချိန်က ဆယ့်ကိုးနာရီ ဆယ့်ကိုးမိနစ်ပဲကြာတယ်၊ သူ... သူ ထွက်သွားရတယ်၊ တောက်... တောက် ဘယ်လောက်ဆိုးရွားလိုက်တဲ့ အဖြစ်ကြီးလဲ... ”

“ဟင်း... မိခင်တစ်ယောက်က မလိုချင် မလွယ်ပိုးချင်နေမှတော့ ဒီကလေး ဘယ်လိုလုပ်ပြီး ကြာကြာသန္ဓေတည်တော့မလဲ၊ မရှိးသားဘူး၊ လုံးဝမရိုးသားဘူး၊ ဒီကိစ္စ ခင်ဗျား တရားခံပဲ”

“ဇာမဏီ မင်း အထင်လွဲနေပြီ၊ မဟုတ်တာတွေ ထပ်မပြောပါနဲ့၊ ကိုယ် ဒီကိစ္စကို အတန်တန်ရှင်းပြပြီးသားပဲ၊ ကိုယ် တကယ် ဘာမှမလုပ်ခဲ့တာ အမှန်ပါ၊ ကိုယ် သူ့ကို မလိုချင်ခဲ့တာ မှန်တယ်၊ ဒါပေမဲ့ အဲ့လောက်ထိ... ”

“တော်စမ်းပါဗျာ၊ ခင်ဗျားစကားကို ကျွန်တော် လုံးဝမယုံဘူး၊ ဖြစ်နိုင်ရင် သတ်ကိုပစ်ချင်တယ်၊ ခင်ဗျားကို စိတ်နာတယ်၊ ခင်ဗျားမျက်နှာကိုလဲ မမြင်ချင်တော့ဘူး”

“ဟင်... ”

“ကျွန်တော် ခုပြန်လာတာ ခင်ဗျားကို ဒီစကားတွေ ပြောခဲ့ချင်လို့၊ ခင်ဗျားကို စိတ်နာတဲ့အကြောင်း မုန်းတဲ့အကြောင်း ပြောပြပြီး ကျွန်တော် ထွက်သွားတော့မလို့ပဲ”

“ဟင့်အင်း ဇာမဏီ၊ ကိုယ်... ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်ကို မုန်းချင်မုန်းပါ၊ စိတ်နာချင်ရင်လဲ နာပါ၊ ဒါပေမဲ့ ထွက်တော့ ထွက်မသွားလိုက်ပါနဲ့၊

“မင်း... မင်း... ဟိုကို လိုက်သွားဖို့လဲ ရှိသေးတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်၊ မင်း ဒီမှာရှိသရွေ့ မင်းကို စိတ်နာအောင် လုပ်ခဲ့မိတဲ့ ကိုယ်က မင်းကို ကျေနပ်တဲ့အထိ တောင်းပန်ပါရစေ မောင်ရယ်…

"မင်း ကိုယ့်ကို အပြီးအပိုင်ပဲ ခွဲခွာသွားတော့မှာ မဟုတ်လား၊ မသွားခင် ဒီမှာ နေရစ်ပါကွယ်"

ပြောပြီး သူမက သည်းထန်စွာ ငိုကြွေးချလိုက်သည်ကို သူ အံ့အားသင့်စွာ မြင်လိုက်ရသည်။

ထို့နောက်မှာ သူ သူမကို မကြည့်မိစေရန် မျက်နှာကို လွှဲပြီး ကျောခိုင်းပစ်လိုက်တော့သည်။

ထိုအခိုက် တစ်ဖက်ခြံမှ လွင့်ပျံ့လာသော သီချင်းသံက သူ့ရင်ကို မြားချက်တွေ ထိုးစိုက်ဝင်လာသလို စူးနင့်အောင် မျက်သွားခဲ့သည်။

ဒါ… အချစ်လား xx ကြမ်းတမ်းလှချည်လား xx
မီးတောက်တစ်ခုလိုမျိုး ပူလောင်နေပါလား xx
ဒါ… အချစ်လား xx ဟုတ်မှဟုတ်ရဲ့လား xx
လှိုင်းစီးရသလိုမျိုး xx မတည်ငြိမ်နိုင်ပါလား xx
ဒါ… အချစ်လား xx ရင်ခွင်ထဲမှာ အခုထက်ထိ
မရေရာ မသေချာသေးပါ xx ဒါအချစ်လား xx
ခွဲလမ်းခြင်းရဲ့နောက်မှာ ဒဏ်ရာများ xxx
သွားခွင့်ပြုပါ xx အချစ်များ မလိုတော့ဘူးကွာ xx
ခွင့်ပြုလိုက်ပါ xx အချစ်များ ကြောက်နေပြီကွာ xx

သိန်းမင်းစာဆေ



ဒါဟာ အချစ်တဲ့လား xxx
တဲ့… ။

ထိုသီချင်းသံနောက်မှာ သူ့စိတ်အစဉ် လွင့်မျောသွားခဲ့သည်မှာ တဒင်္ဂ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

ကလေး ပျက်စီးသွားသည့် ဖြစ်ရပ်ဆိုးကြီးကို ပြန်တွေးလိုက်လျှင် သူမကိုမှ ဘယ်လိုမှ ခွင့်မလွှတ်နိုင်လောက်အောင် နာကျင်မုန်းတီးရလေသည်။

သို့သော် သူမကတော့ သူ့ကို သည်းခံခွင့်လွှတ်စိတ် မွေးမြူထားသော မျက်နှာမျိုးဖြင့် ရှင်းပြဖို့ အမြဲကြိုးစားထားတော့သည်။

"ဓာမဏိ"

"ဘာလဲကွာ၊ ဘာလို့ ဒီလောက် ဖွတ်ခေါ်နေရတာလဲ၊ ဒီမှာ ကျွန်တော် အလုပ်လုပ်နေတာ မမြင်ဘူးလား"

"မြင်ပါတယ်၊ မင်းကိုယ်တိုင် ဘာလို့ အိမ်တွေ ဆေးလိုက်သုတ်နေရရတာလဲ၊ ပင်ပန်းတာပေါ့၊ အလုပ်သမားတွေခေါ်ရင်လဲ ရတာပဲ၊ မင်း အဲ့လို ဆေးပုံးကြီးတကားကားနဲ့ ကြာရင် မင်း အဲ့ဒီ လှေကားပေါ်ကနေ ပြုတ်ကျတော့မယ်"





"ကျပါစေဗျာ၊ သေလဲ အေးတာပဲ"

"ခက်လိုက်တာ"

"ဘာခက်တာပဲ၊ ခင်ဗျားက ပြုတ်ကျပြီး သေမှာစိုးရိမ်လို့လား"

သူက အုတ်နံရံပေါ် လှေကားတစ်ခုနှင့် ဆေးပုံးတစ်ပုံးဆွဲကာ သုတ်နေသည့်အလုပ်ကို ခပ်အေးအေး ဆက်လုပ်ပြနေလိုက်သည်။

အောက်ကနေ သူမ ဒေါကန်နေပြီလား၊ စိတ်ပူနေပြီလား၊ စိတ်ဆိုးနေပြီလား မသိ၊ သေချာတာက သူ မထွက်သွားသေးတာ သေချာသည်။

တကယ်တော့ သူမနှင့် တစ်အိမ်တည်း အတူတူနေရသူမို့ သူမကို စကားမပြောမိစေရန် မကြည့်မိစေရန် အလုပ်မရှိ အလုပ်ရှာကာ တစ်အိမ်လုံးကို ဆေးပုံးတွေနှင့် ဆေးလိုက်သုတ်နေခြင်းပင်။

သူသုတ်နေသည့်အရောင်က ပန်းနုရောင်ဖျော့ဖျော့၊ ထိုပန်းနုရောင် ဖျော့ဖျော့အရောင်က ချစ်ခြင်းကို ကိုယ်စားပြုထားခြင်း။ (သို့သော် သူမရှေ့မှာတော့ သူမကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်မည့် အမုန်းတွေကိုသာ ပြမည်ဖြစ်သည်။)

"ဓာမဏိ လာပါ၊ ဆင်းလာခဲ့ပါ၊ မင်း ခုသုတ်နေတဲ့ နံရံက အရမ်းမြင့်တယ်၊ လှေကားတစ်ချက်ယိုင်တာနဲ့ မင်း ပြုတ်ကျမှာ၊ တော်တော့နော်၊ မသုတ်နဲ့တော့၊ ကိုယ် အလုပ်သမားတစ်ယောက် သွားခေါ်ပေးမယ်"

"မလိုပါဘူး"

"ခေါင်းမမာစမ်းပါနဲ့ကွယ်၊ ဒီလောက် စိတ်ပင်ပန်း၊ လူပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့အဖြစ်ကို မင်း ဘာလို့ ရွေးလုပ်ရတာလဲ”

“ကိုယ့်သဘောနဲ့ကိုယ်ပေါ့”

“ကြည့်... ရန်စကားပြောပြန်ပြီ”

“ရန်စကားမပြောလို့ အချစ်စကား ပြောရမှာလား၊ ခင်ဗျားက ရော အချစ်ဆိုတာကြီးကို နားလည်လို့လား”

“ဘာလို့ ခုချိန်ထိ ကိုယ့်ကို နားမလည်ရသေးတာလဲကွယ်၊ စိတ်ညစ်လိုက်တာ”

“ဘယ်တော့မှ နားမလည်ပေးဘူးမှတ်၊ ကျွန်တော့်အနာဂတ်ကို ခင်ဗျားပဲ ဖျက်ဆီးပစ်ခဲ့တာ၊ တိုက်ဆိုင်မှုပါလို့ ပြောပြီး ကျွန်တော့်ကို လှည့်စားအယုံသွင်းဖို့ ဘယ်တော့မှ မကြိုးစားနဲ့ မရဘူး”

“ဟုတ်ပါပြီလေ၊ ကိုယ် အဲ့ဒီကိစ္စ မပြောတော့ပါဘူး၊ မင်းသာ အောက်ကို ဖြည်းဖြည်းပြန်ဆင်းလာပါ”

ငိုသံလိုလို ဝမ်းနည်းရိပ်စွက်နေသည့် အသံတစ်မျိုးကြောင့် သူ့မှာ အပေါ်ကနေ အောက်ကို ငုံ့အကြည့်မှာ သူမမျက်လုံးအိမ်ထဲ မျက်ရည်များ အိုင်ပြည့်နေတာကို တွေ့လိုက်ရသည်။

“ဘာဖြစ်တာလဲ”

“ဝမ်းနည်းလို့ပေါ့”

“လာနွဲ့မနေနဲ့”

“နွဲ့တာမဟုတ်ဘူး၊ ကိုယ် တကယ်ပြောတာ၊ မင်းက ကိုယ် ဘာပြောပြော အကောင်းကိုမမြင်တော့ဘူး၊ ကိုယ် ဝမ်းနည်းတယ်





သိလား”

“ဒါကတော့ ခင်ဗျားလုပ်ခဲ့တဲ့ ရက်စက်မှုကို တစ်ချက်ပြန်လှည့်ကြည့်ဦးလေ၊ လူ့လောကထဲ ဝင်လာတော့မယ့် ကျွန်တော့်ရဲ့သွေး၊ ကျွန်တော့်ရဲ့ မျိုးဆက်သစ်ကို ခင်ဗျား ကိုယ်ဝန်မလွယ်ချင်တာနဲ့...”

“မဟုတ်ဘူး”

သူမက ခေါင်းကို တအား ခါယမ်းပြီး ငြင်းလိုက်ချိန်မှာ သူက သူမ ဝမ်းနည်းမှုကို ခနဲ့တဲ့တဲ့ အပြုံးမျိုးနှင့်...

“လာငြင်းမနေနဲ့၊ ခင်ဗျား အိုက်တင်တွေ ထပ်နေပြီ၊ ကျွန်တော်ကတော့ မယုံဘူးမှတ်၊ ဟင်း... ကျွန်တော့်မှာတော့ ခင်ဗျား ကိုယ်ဝန်ရှိနေတာသိလို့ ပျော်လိုက်ရတာ၊ ဒယ်ဒီနဲ့မာမီကလဲ သူတို့ မြေးချီရတော့မယ်ဆိုပြီး ပျော်နေကြတာ၊ ခုတော့ အားလုံး ကြေမွ စုတ်ပြတ်သွားပြီ၊ ကလေးဆိုတာ ဗိုက်ထဲမှာ အခုရှိတယ်၊ အခုမရှိဘူးလို့ လုပ်လို့ရလား”

သူ့အသံတွေက မခံမရပ်နိုင်လွန်းသဖြင့် အခါများစွာကလို မာကျောအေးစက်နေခဲ့သည်။

ထိုအခါ သူမက ဝမ်းနည်းထိခိုက်နေသော မျက်နှာဖြင့် ခေါင်းကို တစ်ချက်ခါယမ်းပြီး...

“ထားတော့... ထားပါတော့လေ၊ ကိုယ် ဘယ်လိုရှင်းပြပြ ရှင်းပြ မင်းမှ မယုံကြည်တော့တာ၊ မင်း စိတ်ချမ်းသာမယ်ထင်ရာ ပြောတော့”

“ခင်ဗျားက ယောကျ်ားတွေကို ချစ်ရုံချစ်တတ်တဲ့ မိန်းမလေး၊



www.burmeseclassic.com

www.burmeseclassic.com



ဟား… ဟား… ဟား”

“ကဲပါ၊ တော်ပါတော့၊ မင်း ပြုတ်ကျလာလိမ့်မယ်၊ ဆင်းတော့၊ ထမင်းစားရအောင်နော်”

“ခင်ဗျားက ထမင်းစားလာခေါ်တယ်ပေါ့”

“အင်းလေ၊ ကိုယ် မင်းအတွက် မင်းကြိုက်တာတွေ အားလုံး ချက်ပေးထားတယ်၊ ဆင်းစားလိုက်နော်”

“ရော်… ခင်ဗျား မေ့နေပြီလား၊ ကျွန်တော် ကိုယ့်ဘာသာ ကိုယ် အိုးခွဲစားနေပြီလေ၊ ခင်ဗျားချက်ထားတာ မစားချင်လို့ပဲ ကိုယ့်ဘာသာကိုယ် ချက်စားနေတာ”

“ဇာမဏီရယ်၊ ကိုယ်တို့ တစ်အိမ်တည်း အတူတူနေကြတာပဲ၊ အဲ့လောက်ထိတော့ ကင်းကွာထားဖို့ မလိုဘူးလေ၊ နော်… ”

“ကျွန်တော်ကတော့ အရမ်းကို ကင်းကင်းရှင်းရှင်း နေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကို ကျွန်တော် မယုံကြည်တော့လို့ပဲ”

“… ”

သူမက သူ ဒေါသတကြီး တုံ့ပြန်နေသမျှကို မမိုတ်မသုန် စိုက်ငေးကြည့်နေသည်။

“ကြားလား ဒေါ်ယမင်းရွှေဝါ”

“ကိုယ် အားလုံးကြားပါတယ်”

“ခင်ဗျားချက်ကျွေးတဲ့ ထမင်းဟင်းကို ကျွန်တော် မစားချင်တာကလဲ ကျွန်တော့်ကို တစ်ချိန်ချိန်မှာ အဆိပ်ခတ်မသတ်ဘူးလို့





မပြောနိုင်ဘူးလေ”

“အဲ့လောက်ထိ ကိုယ် လုပ်ပါ့မလားကွယ်၊ ကဲ… တော်ပါပြီလေ၊ မင်းလဲ ကိုယ့်ကို ပြောရင်းနဲ့ ဒေါသတွေထွက်ပြီး ပြုတ်ကျဖို့နီးနေပြီ၊ ကိုယ် ထမင်းစားခန်းထဲမှာပဲ စောင့်နေမယ်”

“လာကိုမလာဘူး၊ စောင့်မနေနဲ့”

“မလာမချင်း စောင့်မယ်”

“ခင်ဗျား ထမင်းငတ်ရုံပဲရှိမယ်၊ စောင့်ချင် စောင့်တော့”

သူ သူမကို အစွမ်းကုန်ရွဲ့ပြီး အလုပ်ကို အကြာကြီး ဆက်လုပ်နေလိုက်သည်။

သူ့ဗိုက်ထဲ တော်တော်လေး ဆာလောင်လာမှ အချိန်ကို ကြည့်လိုက်တော့ မွန်းလွဲချိန်ပင် ရောက်နေလေပြီ။

အား… ဗိုက်ဆာပြီပဲ။

သူ့ဗိုက်က တဂွီဂွီ တဂျုတ်ဂျုတ်ကို သည်းမခံနိုင်တော့ဘဲ ဆေးပုံးကို အသာပြန်ချိတ်ကာ လေ[illegible]ကြီးအိတ်ထဲက တစ်ဝက်ကျော်ကျော်လောက်က ဖျတ်ခနဲ ခုန်ဆင်းလာခဲ့သည်။

“ဟင်… ”

အံ့ဩထူးဆန်းဖို့ကောင်းတာက သူမက ထမင်းစားခန်းထဲမှာ ခုချိန်ထိ ငုတ်တုတ်ကလေး ထိုင်နေခြင်းပင်။

ထမင်းစားပွဲပေါ်မှာလည်း စတီးထမင်းအုပ်တစ်ခုနှင့် ဇွန်းခက်ရင်း ပန်းကန်ပြားတွေကို မှောက်လျက်ထားပြီး ဟင်းခွက်တွေကို စားချင်စဖွယ် အရံသင့်ချထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ... ဓာမဏီ"

သူ့ကိုမြင်တော့မှ အဝေးကို ငူငူငိုင်ငိုင်ကြီးကြည့်ကာ တွေးတွေကြီး ငေးနေသည့် သူမက ပြန်လည်လှုပ်ရှားအသက်ဝင်လာသလို...

"လာလေ ဗိုက်ဆာပြီလား"

"ခင်ဗျား ခုချိန်ထိ ဘာထိုင်လုပ်နေတာလဲ"

"မင်းကိုစောင့်နေတာ"

"ကျွန်တော့်ဟင်း ကျွန်တော်စားမယ်"

"ဝမ်းနည်းစရာပဲ၊ မင်းချက်ထားတဲ့ ဆိတ်သားနှပ်ကို ကြောင်လေး တက်စားနေတာတွေ့လို့ ကိုယ် သွန်ပစ်လိုက်ပြီ"

"ဟင်... ပဲဟင်းရော၊ အဲ့ဒီဟင်းနဲ့ပဲ စားတော့မယ်"

"ပဲဟင်းက သိုးသွားပြီ"

"ဘာ... "

"ဟုတ်တယ်၊ ပဲဟင်းအိုးက ချဥ်ဖတ်အနံ့ ထွက်နေလို့ မင်း ဗိုက်နာမှာစိုးရိမ်ပြီး ကိုယ် သွန်ပစ်လိုက်တာ"

"ဟာ... ဒါဆို ကျွန်တော်ချက်ထားတဲ့ နှစ်မျိုးစလုံး မရှိတော့ဘူးပေါ့၊ ကျွန်တော်က ဘာနဲ့စားရမှာလဲ"

"ဒီမှာ ကိုယ့်ဟင်းတွေရှိတယ်လေ"

"တော်ပါပြီ"

"ဟင်... ဘယ်လဲ"

"အပြင်မှာ သွားဝယ်စားတော့မယ်၊ ခင်ဗျားဟင်းတွေတော့ မစားချင်ဘူး"





"ဓာမဏီ"

"လုပ်မနေနဲ့၊ နှမြောနေရင် လွှင့်သာပစ်လိုက်"

"ဪ... စိတ်ကလဲ ကြီးလိုက်တာကွယ်၊ ကိုယ်နဲ့ တူတူစားရအောင်ပါ၊ လာပါ၊ အပြင်မသွားနေပါနဲ့"

"ဟား... တော်ပါပြီဗျာ"

သူမကို အရွဲ့တိုက်ပြီး အပြင်က ထမင်းဆိုင်မှာ သွားဝယ်စားပေမဲ့ ယမင်းက မျိုချ၍ပင်မရနိုင်ခဲ့။

နောက်ဆုံးမှာထားတာတွေကိုတောင် သည်အတိုင်း ထားပစ်ခဲ့လိုက်ရသည်ထိ... ။

မ... ခင်ဗျားဆီ ကျွန်တော် ပြန်မလာဘဲ မနေနိုင်အောင် ခင်ဗျား ကျွန်တော့်စိတ်တွေကို ဆွဲဆောင်နိုင်လှချည်လား။ ခင်ဗျား အင်မတန် ဆွဲအားကောင်းတဲ့မိန်းမပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

သူမကို သူ စိတ်နာခဲ့သည့်နောက်ပိုင်းကတည်းက သူမနှင့် ထပ်ပြီး ချစ်ခင်ရင်းနှီးငြိတွယ်စိတ် မထားဖြစ်နိုင်ရအောင် သူက စိမ်းကားအေးစက်စွာပင် သူမအခန်းထဲကထွက်ကာ ည ညဆို ဧည့်ခန်းမှာသာ ထွက်အိပ်ခဲ့သည်။

သူမ အခန်းထဲမှာ ဘယ်လောက်ထိ ပျော်ရွှင်ကျေနပ်နေမလဲ ဆိုတာ သူ မသိပါ။ သူသိတာက သူမက ကလေးမမွေးချင်သည့် ဘယ်ယောက်ျားကိုမှ လက်မထပ်ချင်သည့် မိန်းမတစ်ယောက်အဖြစ်သာ သူ လက်ခံထားခဲ့သည်။

သူ ည ည ဆိုဖာတစ်ခုပေါ်မှာ ကျကျနန အိပ်ပစ်လိုက်ပြီး မနက်မိုးလင်းတာနှင့် သူ အိပ်ရာက နိုးတာနှင့် တွေ့ရသည်က သူ့ စားပွဲနံဘေးက ခုံပုလေးပေါ်ကမှာ ရေခွက်၊ သွားပွတ်တံ၊ သွားတိုက်





ဆေး၊ မျက်နှာသုတ်ပဝါပင်။ ပြီးတော့ နံနက်စာကိုလည်း တစ်နေ့တစ်မျိုး မရိုးနိုင်စွာ ပြင်ဆင်ထားတတ်သေးသည်။

တစ်ခုထူးခြားတာက သူမ အရင်ကလို သူ့ကို ထမင်းစားမစောင့်နေတော့၊ သူ့အတွက်သာ ထမင်းဟင်း အဆင်သင့် ချက်ပြုတ်ပေးထားပြီး စားပွဲပေါ် အရံသင့်တင်ကာ ခပ်လှမ်းလှမ်းကနေ သူစား၊ မစား စောင့်ကြည့်နေတတ်ခြင်းပင်။

သူလည်း သူမလက်ရာတွေကိုမြင်လျှင် ဗိုက်မဆာဘဲ မနေနိုင်။ သူမအလစ်ကိုချောင်းပြီး လစ်တာနှင့် ကပျာကယာ အုပ်ပစ်ရသည့်အဖြစ်။

တစ်ခါတစ်ရံ သူကြိုက်တတ်သည့် အသားဘူးတွေနှင့် လတ်ဆတ်သည့် အသီးအရွက်တွေကို ရေခဲသေတ္တာထဲ ထည့်ပေးထားတတ်သည်။

ဤမျှ သူ့အပေါ် နူးညံ့စွာ အလိုက်တသိ ဖြည့်ဆည်းပေးလာသည်။ သူ ယခင်က အင်မတန် ချစ်မြတ်နိုးခဲ့သော မိန်းမတစ်ယောက်အပေါ် သူက ဂျစ်ကန်ကန် ကြွစောင်းစောင်းနှင့် အမြဲရန်လိုစွာ ပြန်တုံ့ပြန်နေခဲ့သည်။

သူ အလုပ်မရှိအလုပ်ရှာကာ အိမ်ထဲက စက်ပစ္စည်းတွေကို ထိုင်ကလိကာ အလုပ်လုပ်နေပြန်လျှင်လည်း သူ့အနား စားစရာလေးတွေကို မရိုးနိုင်အောင် လာချပေးသွားတတ်သည်။ တစ်ခါတစ်ရံ



www.burmeseclassic.com

www.burmeseclassic.com



သူကြိုက်နှစ်သက်သည့် ထမင်းဟင်းကို ပန်းကန်ထဲ ပုံထည့်ပေးကာ ဖွန်းတစ်ချောင်းတပ်ပြီး အနားလာချသွားသေးသည်။

သို့သော် သူမလည်း သူ့နားမကပ်တော့ သူနှင့် အကြည့်ချင်းဆုံလျှင်လည်း ဦးအောင် မျက်လွှာချသွားတော့သည်။

ဘာဖြစ်လို့လဲ…

ဒါမှမဟုတ် ဟန်ဆောင်နေတာပဲလား။

သူလိုအပ်သည့် ယောကျ်ားလေးအသုံးအဆောင်ပစ္စည်းတွေတောင် သူ့အပြင်ထွက်မဝယ်ရအောင် သူမက သူနှင့် လက်လှမ်းမီရာနေရာတွေမှာ လာလာချထားပေးနေလေသည်။

သူမ၏ အံ့သြစရာကောင်းလောက်သော ပြောင်းလဲမှုကြီးကို သူ ထိတ်လန့်အံ့သြစ ပြုလာတာ အမှန်တကယ်ပင်ဖြစ်သည်။

“မ… ”

သူ ဒီနေ့တော့ သူမနှင့် စကားပြောဖို့ သူမအခန်းတံခါးကို ခေါက်လိုက်သည်။ အခန်းထဲမှာ သူမ ဖုန်းပြောနေသည့် လေသံသဲ့သဲ့ကို ကြားလိုက်ရသည်။

“မ”

“ခဏလေး”

ခဏကြာတော့ သူမ တံခါးလာဖွင့်ပေးသည်မှာ ပမ်းသာအားရှ မျက်နှာမျိုးဖြင့်…





“ဇာမဏီ ကြည့်စမ်း၊ ကိုယ် ခုပဲ ဒီသတင်းကို ထွက်လာပြောတော့မလို့၊ ဟီး… ဟီး ဝမ်းသာစရာကြီး”

“ဘာလဲ”

“အဂ္ဂလေ ထောင် ( )နှစ်ကျသွားပြီ၊ သူတို့ ကိုကို့ကို ရိုက်မှုက ထင်ရှားတာကိုး၊ ကိုယ်ဘယ်လောက်မှန်သလဲ၊ သူတို့ကို ဘာအမှုမှမဖွင့်ဘဲ ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ကတော့ ကိုယ့်ကို လွတ်မြောက်ခွင့်ပေးဦးမှာမဟုတ်ဘူး၊ ခုတော့ သူတို့အကြိုသိလ်က သူတို့ကို ပြန်အကျိုးပေးသွားပြီ၊ ကိုယ် ကျေနပ်တယ်၊ ပြီးတော့ တမလွန်ရောက်သွားတဲ့ ကိုကိုလဲ ကျေနပ်နိုင်မှာပါနော်”

“ခင်ဗျား အဲ့ဒီဆရာဝန်ကို မမေ့နိုင်သေးဘူးလား”

သူ့စိတ်က အလိုလိုရင်း ထောင်းခနဲ ဒေါသထွက်သွားသဖြင့် စိတ်အချဉ်ပေါက်စွာ ဘုတောပစ်လိုက်တော့ သူမက ပြူးကျယ်သည့် မျက်လုံးဝိုင်းကြီးတွေနှင့် ကြည့်ကာ…

“ဘာဖြစ်လို့လဲ၊ ကိုကို့အတွက် ကိုယ် ဒီလောက်လေးတောင် မခံစားရတော့ဘူးလားဟင် ဇာမဏီ၊ ဟိုမှာ လူတစ်ယောက်လုံး သေသွားရတာလေ၊ ပြီးတော့ အရိုက်ခံရတာ၊ ကိုကိုက ကလေကချေ လမ်းဘေးကလူမှ မဟုတ်ဘဲ၊ တကယ့်ကို လိမ္မာယဉ်ကျေး ဖြောင့်မတ်တည်ကြည်တဲ့… ”

“တော်စမ်းပါ၊ ဒါတွေ ဘာမှပြန်မကြားချင်တော့ဘူး၊ ကျွန်တော်

www.burmeseclassic.com



ခုလာပြောတာ ခင်ဗျားထားသွားတဲ့ ပစ္စည်းတွေ ပြန်လာသိမ်းဖို့ပဲ"

တကယ်တော့ သူ အရွဲ့တိုက်ချင်စိတ်ဖြင့် ပြောမိသွားခဲ့ခြင်းပင်။

"အို… ဘာဖြစ်လို့ သိမ်းရမှာလဲ၊ ဇာမဏီ လိုအပ်မယ်ထင်တာတွေ ကိုယ် ဝယ်ပေးထားတာလေ၊ ယူသုံးပါ၊ ပြီးတော့ ဟိုရောက်ရင်လဲ"

"သတိရနေအောင်လို့ပေါ့၊ ဟုတ်လား၊ ခင်ဗျား သိပ်တော်တာပဲ ဒေါ်ယမင်းရွှေဝါ၊ ဒီမှာလဲ ရှုးနေအောင် ပြုစားနိုင်တယ်၊ ဟိုရောက်သွားရင်လဲ နားကိုမလည်ဘူး၊ ဘာတွေကြင်နာပြနေတာလဲ၊ ဒါ ခင်ဗျားစိတ်က ရိုးရိုးမဖြစ်နိုင်ဘူး၊ ပြောဗျာ၊ ခင်ဗျား သေသွားတဲ့ ကောင်ကိုလဲ သံယောဇဉ်ဝင်၊ ဒီကကောင်ကိုလဲ သံယောဇဉ်မပြတ်နဲ့ ခင်ဗျားရင်ထဲက မေတ္တာတွေက များလှချည်လား၊ ကုန်ကိုမကုန်နိုင် တော့ဘူးလားဟင်"

"အို…."

"ဘာတွေဖြစ်နေလဲ၊ ခင်ဗျား ဘာတွေအရှုးထနေတာလဲ၊ ကျွန်တော့်ကို ထပ်ပြီး ပက်ပက်စက်စက် စုတ်ပြတ်သပ်သွားအောင် လုပ်ဖို့ ကြံစည်ထားတာတွေ ရှိနေသေးလား၊ ပြောဗျာ…ပြော"

"မင်း ဘာတွေပြောနေတာလဲ ဇာမဏီ၊ ကိုယ် ဘာအရှုးထလို့လဲ၊ မင်းကိုရော ဘာလို့ စုတ်ပြတ်သပ်သွားအောင် ကိုယ်က လုပ်ရမှာလဲ"

"ဟာ… ကျွန်တော့်မှာ ဘာမျိုးဆက်သစ်မှ မရှိတော့ဘူးလေ၊





တွယ်တာစရာ၊ အလွမ်းဖြေစရာဆိုလို့ ခင်ဗျား ဘာပေးနိုင်လေလဲ၊ ခင်ဗျား ပေးနိုင်ရက်သားနဲ့ မပေးချင်လို့ ပက်ပက်စက်စက် လမ်းစကို ဖြတ်တောက်ပြီးခဲ့ပြီလေ၊ ခု ကျွန်တော်ပြန်ရင် ခင်ဗျား လိုက်မှာလား မလိုက်ဘူးလား… "

"ပြော… ဒါ နောက်ဆုံးအကြိမ်မေးခြင်းပဲ၊ ဒီမှာ စပွန်ဆာ နစ်စောင်ရောက်နေပြီ၊ ကျွန်တော် လေယာဉ်လက်မှတ် ဝယ်တော့မှာ၊ ဘယ်လိုလဲ"

အတန်ကြာအောင် သူမ အသက်မရှိသလို ငြိမ်သက်ဆွံ့အ သွားပြီးမှ ရုတ်ခနဲ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာကာ သက်ပြင်းတစ်ချက်ကို ရှိုက်ပြီး…

"ကိုယ်မှ အစကတည်းက လိုက်မယ်မပြောခဲ့ဘဲ"

"ဩော်… "

"ဒီခရီးစဉ်အတွက် ကိုယ် ဘယ်တော့မှ လိုက်ဖြစ်မှာမှမဟုတ်တာ၊ မင်းသွားပါ"

"သေချာလား၊ ဒါ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်လား၊ ကျွန်တော်နဲ့ ခင်ဗျားက ခုချိန်ထိ လင်မယားတွေနော်၊ ရှင်းရှင်းပြောမယ်၊ ကျွန်တော် ဒယ်ဒီတို့နောက် လိုက်သွားမယ့်ကိစ္စ ခင်ဗျားမှာ တားခွင့်ရှိတယ်"

အို… မောင်ရယ်၊ ဘယ်လိုပြောလိုက်တာလဲကွယ်….

ကိုယ့်ကို အရမ်းမုန်းတီးနာကျင်နေပြီးတော့များ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ကို နာအောင်ထပ်ပြီး နှိပ်စက်ချင်ရတာလဲ။

မင်း ထွက်သွားလည်း ကိုယ်က မင်းကို တမ်းတလွမ်းဆွတ်နေမယ့် သူပါကွယ်။

"ကျွန်တော်ပြောတာ ခင်ဗျား သေသေချာချာ ကြားလိုက်မယ်ထင်တယ်၊ ခင်ဗျား ကျွန်တော်မထွက်ခင် တားခွင့်ရှိသလို ခင်ဗျားဆန္ဒနဲ့ ခင်ဗျား လိုက်ခွင့်လဲရှိဖုယ်နော်"

"ကိုယ်… ကိုယ် မလိုက်ချင်ဘူး"

သေလိုက်စမ်းတော့…

ဘာဖြစ်လို့များ ကျွန်တော်နဲ့ လိုက်ခဲ့မယ်လို့ မပြောရတာလဲ။ မ ခုချိန်မှာ ကျွန်တော် အကြားချင်ဆုံးစကားက မဆီက ထိတ်လန့်တကြား တားမြစ်မယ့်စကားပဲ၊ ဘာဖြစ်လို့ ခင်ဗျား မတားရတာလဲဗျာ။

"ဘာဖြစ်လို့လဲ၊ ကျွန်တော်မရှိရင် ခင်ဗျား နောက်ထပ်ယောကျ်ားတစ်ယောက်ကို ထပ်ချစ်နိုင်ဦးမယ်ပေါ့၊ ဒီအိမ်ကြီးမှာ ပျော်ပျော်ကြီး ဆင့်နွဲကြဦးမယ်ပေါ့၊ ဒီလိုလား မ၊ ခင်ဗျားက နောက်တစ်ယောက်ကိုလဲ လက်မထပ်ဘဲ ချစ်ရုံချစ်… "

"ဘယ်လိုပြောလိုက်တာလဲ ဓာမဏီ၊ ကိုယ့်ကို မင်း အဲ့ဒီလောက်အထင်သေးစရာ မလိုပါဘူး၊ ဒီအိမ်မှာလဲ မင်းတို့မရှိဘဲ ကိုယ်မနေပါဘူး၊ ကိုယ် မလိုက်ချင်ဘူးဆိုတာ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဒေသကို မစွန့်ခွာနိုင်လို့ပဲ"

သိန်းမင်းစာပေ



"လုံးဝအဓိပ္ပာယ်မရှိဘူး၊ ခင်ဗျား ဒီမှာ အပျိုပြန်လုပ်ဖို့ စိတ်ကူးရှိနေတယ်မလား"

"ဘုရားရေ… မင်း… စကားပြောတာ မိုက်ရိုင်းလှချည်လား ဟင်"

"ရိုင်းတယ်၊ ကျွန်တော့်စိတ်တွေ မာကျောရိုင်းစိုင်းသွားအောင် ခင်ဗျားလုပ်တာလဲ စိတ်ချပါ၊ ခင်ဗျားရဲ့ မဟာရည်မှန်းချက်ကြီး အောင်မြင်စေရပါမယ်၊ ကျွန်တော် ခင်ဗျားကို ကွာရှင်းစာချုပ်နဲ့အတူ ထားခဲ့မှာပါ"

"ဘာရယ်…"

"အိုကေ၊ ကျွန်တော်တို့နှစ်ယောက်စလုံး မနက်ဖြန်ပဲ လက်မှတ်ထိုးကြတာပေါ့၊ ဟုတ်လား"

"ဟင်… "

ဒေါသဖြစ်စိတ်၊ မခံချင်စိတ်တွေနှင့် သူတို့နှစ်ယောက် အပြီးတိုင် ကွာရှင်းလမ်းခွဲကြဖို့ထိ သူ့စိတ်လိုက်မာန်ပါ ပြောဖြစ်သွားခဲ့သည်။

တကယ်ဆို သူသွားမယ့်ခရီးစဉ်ကို သူမ ဘာလို့ မတားမြစ်ရတာလဲ။

နည်းနည်းပါးပါးတောင် ဝမ်းနည်းရိပ်၊ ကြေကွဲရိပ်ကလေးနဲ့တောင် ဟန်မဆောင်နိုင်ဘူးတဲ့လား… ။

ဆိုးရွားလိုက်ပါဘိတော့…

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သချောတာ ထိုမိန်းမဆီမှာ သူ့အတွက် အချစ်စစ်စစ်မရှိ တာပဲ ဖြစ်မည်။ တကယ်တမ်း ပျော့ညံ့သူက ခုချိန်မှာ သူဖြစ်နေခဲ့ခြင်း။

သူမကိုလည်း ခွဲမသွားနိုင်၊ ထားလည်းမထားခဲ့ချင်၊ ခေါ်သွားရ အောင်ကလည်း သူမက မလိုက်။ အင်မတန်ဆိုးရွားလှလေသည်။

တကယ်တော့ သူက သူမအပေါ် စတွေ့ကတည်းက စွဲလမ်း စုံမက်မြတ်နိုးခဲ့ရသူ။ နောက်ဆုံးတော့ သူပဲ အရှုံးဖြစ်ရပြီ။

တကယ်ပင် သူ သူမကို မြတ်နိုးစိတ်ဖြင့် ရယူပိုင်ဆိုင်ဖို့ ကြိုးစားခဲ့ဖူးသူ။ သူမဟာ သူ့ဘဝအတွက် ပထမဦးဆုံးနှင့် နောက်ထပ် ဘယ်သူ့ကိုမှ ထပ်မချစ်နိုင်တော့မည့် နောက်ဆုံးချစ်သူ မိန်းမတစ် ယောက် ... ။

မင်းကတော့ ဓာမဏီ မရှိလည်း နောက်ထပ်ယောက်ျားတစ် ယောက်ကို ထပ်ချစ်နိုင်ဦးမည့် မိန်းမမျိုးပင်။

အင့်မတန် ရင်နာစရာကောင်းလေသည်။

မနက်ဖြန် ...

မနက်ဖြန်ဆိုရင်လည်း သူနှင့်သူမ တရားဝင် ကွာရှင်းပြတ်စဲ ကြတော့မည်။ ဘယ်သောအခါမျှ တစ်ယောက်ကိုတစ်ယောက် မသက် ဆိုင်ကြတော့ ...

သေချာတာ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးဖို့ သူက တွန့်ဆုတ်နေမှာဖြစ်ပြီး သူမကတော့ ကျေနပ်အားရ ပျော်မြူးစွာ





သွက်လက်နေပေလိမ့်မည်။

ကံကြမ္မာတဲ့ကွာ ...

တောက် ...

ဘာဖြစ်လို့များ သူ မြန်မာပြည် ခဏပြန်လာခိုက်လေးမှာ ဒီလိုမိန်းမမျိုးနဲ့ ကြုံတွေ့ပတ်သက်ခွင့်ရခဲ့ရတာလဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

နောက်တစ်နေ့မနက် သူ အိပ်ရာက နိုးနိုးချင်းမှာ သူ့ရင်ဘတ်ပေါ်မှာ သူ့လက်နှင့် ဖိတင်ထားသည့် စာခေါက်ကလေးကို ထိတွေ့ကိုင်တွယ်မိသွားသည်။

"ဟင်... ဘာစာလဲ"

သူ့စိတ်ထဲ ထူးဆန်းလှစွာ ဖျတ်ခနဲ ကောက်ထလိုက်မိကာ စာခေါက်လေးကို ကမန်းကတန်း ကောက်ဖတ်လိုက်မိသည်။

**"ဇာမဏီ"**

ကိုယ် အရမ်းဖျားနေလို့ ဒီနေ့တော့ လက်မှတ် မထိုးပါရစေနဲ့၊ ကိုယ့်ကို နှစ်ရက်လောက် အချိန်ပေးပါ။ မင်းနဲ့လက်မှတ်ထိုးပြီးတာနဲ့ ကိုယ် ဒီအိမ်ကြီးက အပြီးအပိုင် ထွက်ခွာသွားတော့မှာပါ။ အေးမြတဲ့ သာသနာ့ရိပ်မြုံမှာ ခိုလှုံတော့မှာပါ။ မင်း ကိုယ့်အတွက် နောက်ဆံမတင်း ပါနဲ့တော့... ။

မင်းရဲ့ကိုယ်။





ဟင်ခနဲနေအောင် သူ့စိတ်ထဲ လှုပ်ရှားတုန်ယင်သွားကာ စိုးရိမ်ပူပန်စိတ်သောကနှင့် သူမအခန်းရှေ့ လွှားခနဲ ရောက်သွားသည်။

အခန်းဝရောက်ပြီး တံခါးခေါက်မိမလိုဖြစ်ပြီးမှ လက်အစုံက အလိုလို တွန့်ဆုတ်သွားပါသည်။

နေပေါ့။ သူ့ဘာသာသူဖျားတာ ကျွန်တော်နဲ့ ဘာဆိုင်လဲ။ တော်ပြီ ပစ်ထားလိုက်တာပဲ အေးမှယ်။

ကိုယ့်စိတ်ကိုယ်တင်းပြီး ပြန်လှည့်ထွက်ဖို့အပြင်မှာ အခန်းထဲမှ တဟင်းဟင်း ညည်းညူနေသံကို ကြားလိုက်ရသည်။

ကြည့်စမ်း...

မ ဘယ်လောက်ထိ ကိုယ့်ပူရှိန်တက်နေတာလဲ။

သူ ပြေးဝင်သွားလိုက်ရမလား... ။

မဟာ ခုချိန်ထိ သူ့ဇနီးဆိုတဲ့ ပတ်သက်မှုအောက်မှာ ရှိနေသေးတာပဲ။

မ ခုလိုချိန်မျိုးမှာ သူ့ကို အနားမှာ ပြုစုစေချင်မှာပဲ။

ဟာ... ဘာတွေတွေးနေမိတာလဲ။

နှလုံးသားမရှိတဲ့ မိန်းမ။

ကလေးမမွေးချင်တဲ့မိန်းမ။

ငါ့နောက် မလိုက်ချင်တဲ့မိန်းမ။

ငါ့ကို ခွဲရဲတဲ့ မိန်းမကြီး။



www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားလိုက်တာပဲ အေးတယ်။

ဖြန်းဆို သူ့စိတ်သူ ပြန်တင်းပြီး သူမအခန်းဆီနေ ခွာလာခဲ့သည်။ ထိုအချိန်ကစပြီး နှစ်ဆယ့်လေးနာရီလုံးလုံး သူမကို ပစ်ထားခဲ့လိုက်သည်။ နောင်လည်း တစ်သက်လုံးစာ ပစ်ထားခဲ့ရမှာပဲလေ။ ခုချိန်ကတည်းက ကင်းကင်းနေတာပဲ ကောင်းလိမ့်မယ်။

* * *



## အခန်း (၁၀)

"ဓာမဏိ"

"... "

"ဓာမဏိ"

"... "

"ဓာမဏိ"

"ဟင်"

ပထမတော့ သူ့အသံကို ခေါ်သံကြားလိုက်ရပေမဲ့ စိတ်ထဲမှာ သေသေချာချာ မသဲကွဲသေး။ ညသန်းခေါင်သန်းလွဲကြီး သူမလည်း သူ့ကို ခေါ်တာမဖြစ်နိုင်ဟု ဇဝေဇဝါတွေးမိပေမဲ့ ခေါ်သံက တိုးလျှော



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှန်မှန်ထွက်ပေါ်လာသည်။

"ဇာမဏီ"

"မ... လား"

သူ့ အိပ်ချင်စိတ်များ ပျောက်ကွယ်သွားကာ ထိတ်လန့်လှုပ်ရှားသံဖြင့် ပြန်မေးလိုက်ချိန်မှာ...

"ကိုယ်ပါ"

ဟူသည့် အသံခပ်သဲ့သဲ့နှင့်အတူ အခန်းတံခါးပွင့်လာကာ မှန်းခနဲ ပြိုလဲသွားသည့် သူမကို တွေ့လိုက်ရသည်။

"ဟာ... "

"မ... "

ချက်ချင်းပင် သူမကို ပြေးအပွေ့မှာ သူမတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေခဲ့ပြီမှန်း သိလိုက်တော့သည်။

"ဟင်... မ ခင်ဗျား ကိုယ်တွေအရမ်းပူနေပါလား"

"အင်း... "

ဆိုသည့် ခပ်လေးလေးအသံအဆုံးမှာ သူ့ရင်ခွင်ထဲ သူမက နွမ်းခွေပျော့ဖတ်စွာ ပြိုဆင်းကျသွားလေသည်။

"ဟာ... မဖြစ်ဘူး... မဖြစ်ဘူး၊ ဆရာဝန်ခေါ်မှ ရမယ်၊ ခဏလေး... ခဏလေး"

သူမက ခေါင်းတစ်ချက်ယမ်းပြပေမဲ့ သူမကို ခုတင်ပေါ် သူ





ပြန်ပွေ့တင်ပေးလိုက်ပြီး တစ်ခြံကျော်ရှိ ဆရာဝန်အိမ်သို့ အကျိုးအကြောင်းပြောကာ အားနာစွာ ပင့်ရလေသည်။

ဆရာဝန်ကလည်း သူတို့နှစ်ယောက်ကို လင်မယားတွေမှန်း သိထားသူမို့ ချက်ချင်း ဆေးအိတ်ဆွဲကာ လိုက်လာပေးသည်။

"ခင်ဗျားဗျာ၊ တော်တော်ဆိုးတဲ့သူ၊ ခု ခင်ဗျားမိန်းမ အဖျားက တစ်ရှောင်းနား ကပ်နေပြီ"

"ဗျာ... "

"တစ်နေ့လုံး ခင်ဗျားနဲ့ နေနေတာ၊ ခင်ဗျား မိန်းမ ဒီလောက် ဖျားနေတာတောင် ခင်ဗျား မသိရဘူးတဲ့ဗျာ၊ ခင်ဗျား တော်တော် ပေါ့တဲ့သူ၊ ခု ကံကောင်းလို့ ကျွန်တော်သာ အချိန်မီမရောက်ရင် အဖျားကြီးပြီး ခင်ဗျားမိန်းမ သတိလစ်သွားနိုင်တယ်ဗျ သိလား"

"ဟာ...ဟုတ်လား ဆရာ၊ ကျွန်တော် ကျွန်တော် သတိမထား မိခဲ့လို့ပါ၊ လိုအပ်တဲ့ဆေးတွေ ပေးပါဆရာ၊ ကျွန်တော် သူ့ကို တိုက်ပါ့မယ်"

ဆရာဝန်က သူ ဖျာပျာသလဲဖြစ်သွားတာကို တစ်ချက်ပြုံးကာ လိုအပ်သည့် ဆေးတွေပေးပြီး ပြန်သွားတော့သည်။

သူလည်း သူမအတွက် ဆရာဝန်ညွှန်ကြားထားတာတွေ စိတ်ရော ကိုယ်ပါ လုပ်ပေးခဲ့ပြီးချိန်မှာ သူမ မှေးခနဲအိပ်ပျော်သွားတာ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ သူမနှုတ်ဖျားမှ စကားတစ်ခွန်း လွှတ်ခနဲထွက်အံကျ လာသည်ကို သူ အံ့အားသင့်စွာ ကြားလိုက်ရလေသည်။

"မောင် မသွားပါနဲ့"

"မသွားပါနဲ့ မောင်ရယ်၊ မင်းကို ကိုယ် တကယ်ချစ်နေရတာပါ"

ဟင်ခနဲခနဲအောင် သူမ အဖျားကြီးပြီး ယောင်ယမ်းပြောနေတာကို အံ့ဩစိတ်ဖြင့် မှင်တက်မိသွားဆဲ...

"မင်း ကိုယ်ချစ်တာမယုံဘူးနော်၊ သိပ်ရင်နာစရာကောင်းတာပဲ မောင်ရယ်... "

ထိုစကားတွေက သူမ စိတ်စွဲနေ၍သာ ယောင်ယမ်းနေခြင်း ဖြစ်တာသေချာသည်။

ဤစကားလေး ကြားလိုက်ရရုံလေးနှင့်တင် သူ့စိတ်ထဲ ပီတိစိတ်တချို့ ကြည်နူးခြင်းတချို့ စီးဝင်လာသလို ခံစားလိုက်ရသည်။

"မရယ် ကျွန်တော့်ကို ခင်ဗျား တကယ်ချစ်တာ သေချာရင် ကျွန်တော် ဘယ်ကိုမှ ထွက်မသွားတော့ပါဘူးဗျာ"

သူလည်း သူမမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ ရင်ထဲက စကားတွေကို ဖွင့်ထုတ်ပြောလိုက်ဖြစ်သည်။

ထိုအချိန်ခဏလေးမှာပင် တိုက်ဆိုင်လွန်းစွာ သူမ မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်လာခဲ့ပြီး...





"မောင်... "

"ဟင်... မ... မ... ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

ဖြုန်းဆို သူမမျက်နှာ ဖြန်းခနဲ နီရွေးသွားကာ ခေါင်းကို ခပ်ယဲ့ယဲ့ ခါယမ်းပြီး တိုးဖျော့သံလေးနှင့်...

"ကိုယ် အိပ်မက်က လန့်နိုးသွားတာပါ"

"ဩော်... "

ဘာပဲဖြစ်ဖြစ် သူမ အခုလောက် အဖျားကြီးနေချိန်မှာ သူမကို စိတ်ဒုက္ခမပေးချင်တော့။

အော့အန်မလို ထိုးအန်ချင်ပုံဖြင့် ပျို့နေသည့် သူမကိုကြည့်ပြီး သနားစိတ်ဖြင့် သူ့စိတ်တွေလည်း နူးညံ့စွာ ပျော့ပျောင်းနေလေသည်

"မ အန်ချင်ရင် အန်ချလိုက်ပါလား"

"အို... မင်း... မင်းကို ပေကုန်မှာပေါ့"

"ပေပါစေ၊ ဘာဖြစ်လဲ၊ မ အရမ်းအောင့်ထားရင် ပိုဆိုးလိမ့်မယ် မ အဖျားအရမ်းကြီးနေမှတော့ ခေါင်းမူးနေမှာ၊ အန်ရင် ပေါ့သွားမှာ ပါ၊ အန်ချင်ရင် အန်သာချလိုက်"

"ကိုယ် သကြားလုံးတစ်လုံးလောက် ငုံချင်တယ်"

"ရမယ်"

ပူရှိန်းရှိန်း အရသာရှိသည့် ယိုးဒယားသကြားလုံးလေးတစ်လုံး ကို အခွံခွာပြီး သူမပါးစပ်ထဲ ခွာပေးလိုက်သည်မှာ ညင်ညင်သာ



www.burmeseclassic.com

www.burmeseclassic.com



"ဓာမကော်"

"ပြော… "

"မင်း ကိုယ့်ကို ခွင့်လွှတ်နိုင်ပြီလားဟင်"

သူမ အဖျားကြီးနေ့ာတော ထိုကိစ္စကို မမေ့ဘဲ မျှော်လင့်တကြီး ကြွစွာ မေးသည်။

သူကလည်း ထိုအကြောင်းပြန်တွေးလေ ရင်နာလေမို့ ဆောင့်ဆောင့်အင်အင်ပဲ ဖြေလိုက်မိသည်။

"အိမ်မှာက နှစ်ယောက်တည်းရှိတဲ့ဟာ၊ ကျွန်တော်မလုပ်ပေးလို့ မကိုဘယ်သူလုပ်ပေးမလဲ"

သူမ ဖျက်ခနဲ ငြိမ်ကျသွားပြီးနောက်မှာ…

"လေယာဉ်လက်မှတ်ရော အဆင်သင့်ဖြစ်ပြီလား"

"ဝယ်ပြီးပြီ၊ တစ်စောင်တည်းပါ၊ စိတ်ချပါ၊ ခင်ဗျား မလိုက်ချင်မှတော့ ကျွန်တော် ဇွတ်မခေါ်ပါဘူး"

"ဥပမာ ကိုယ်မလိုက်ဘဲ မင်းနေခဲ့ရင် မရဘူးလား"

"ခင်ဗျာ… ဘယ်လိုရယ်"

"ကိုယ် တကယ်ဆန္ဒရှိလို့ မေးတာပါ"

သူ့မအသံထဲမှာ တစ်စုံတစ်ခု ပျော်ဝင်နေသလို ထိုတစ်စုံတစ်ခု လှိုင်းလေးကလည်း သူ့နှလုံးသားထဲသို့ တန်းတန်းမတ်မတ် စီးဝင်လာသလို ဆန်းကြယ်စွာ ခံစားလိုက်ရသည်။





"ဘာဖြစ်လို့ ကျွန်တော့်ကို နေခဲ့စေချင်တာလဲ၊ ခင်ဗျားကပဲ ကျွန်တော့်ကို မချစ်ဘူးဆို… "

"ဘာလဲ၊ ခင်ဗျားတစ်ယောက်တည်း ကျန်ခဲ့ရမှာကို ကြောက်လာလို့လား"

သူ့မမျက်လုံးတွေက စူးရှတောက်ပြောင်လာလိုက်၊ မှေးမှိန်ဖျော့တော့သွားလိုက်နှင့် သူ့ကိုပဲ မမိုတ်မသုန် ငေးကြည့်နေလေသည်။ ပြီးလျှင်…

"ကိုယ် ကျန်ခဲ့ရမှာကို ကြောက်လို့မဟုတ်ပါဘူး"

"မင်းကို လွမ်းနေရမယ့်ဒဏ်ကို ကိုယ် မခံစားနိုင်မှာ စိုးရိမ်တာပါ"

သူနှင့်သူမကြားမှာ တိတ်ဆိတ်ခြင်းက ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကြီးစိုးသွားလေသည်။

ထိုအချိန် တစ်ယောက်ကိုတစ်ယောက် ရင်တွင်းဆီသို့ ထွင်းဖောက်ကြည့်မိကြသည်။

ထိုခဏ သူမမျက်လုံးအိမ်က နီရဲစိုလက်လာသည့် မျက်ရည်ကြည်တို့ကို သူ တွေ့လိုက်ရပြီးနောက် သူ့စိတ်တွေ ဘာဖြစ်သွားမှန်း မသိတော့။

"မ… "

"မ ကျွန်တော်မသွားတော့ဘူးဗျာ၊ ကျွန်တော် မကို အရှုံးပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါပြီ"

ပြောပြီး သူက သူမလက်ကလေးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး သူ့ရင်ဘတ်ပေါ် ဖိကပ်ထားလိုက်မိချိန်မှာ သူမက ခပ်ယဲ့ယဲ့လေး ပြုံးသွားကာ...

"အချစ်မှာ အနိုင်အရှုံးဆိုတာ မရှိသလို မျဉ်းပြိုင်တွေ၊ ဆုံမှတ်တွေဆိုတာလဲ မရှိနိုင်ကြပါဘူး မောင်ရယ်"

တဲ့... ။

သူလည်း အလိုလိုနေရင်း ကျေနပ်စွာ ပြုံးမိသွားတော့သည်။

အိမ့် (ရန်ကုန်တက္ကသိုလ်)

BURMESE CLASSIC

www.burmeseclassic.com